# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၂)ရက် ၊ ကြာသပတေးနေ့ ၊ (18-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၄၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၂ ကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီး ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၂ ကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

၂၂ ကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီး၊ယခုနှစ်အတွက် အထူးမိတ်ဖက်နိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊

စာမျက်နှာ ၁၇ ကော်လံ ၁ ☞




**အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီ၏ ၇၅ နှစ်မြောက် မွေးနေ့ကျင်းပ၊ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများက မွေးနေ့ဆုတောင်းစကားများ အသီးသီးပေးပို့**

စာမျက်နှာ – ၆

**လေ့လာမှတ်သား SCO အပေါ် ထားတဲ့ အိန္ဒိယနိုင်ငံရဲ့ ရည်မှန်းချက်နဲ့ သဘောထားများ**

ဆောင်းပါး

စာမျက်နှာ – ၂၀



ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာရေးအတွက် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းသာယာစေရန်အတွက် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရာတွင် သစ်တော၊ သစ်ပင်များကို တန်ဖိုးထားထိန်းသိမ်းကြရမည်ဖြစ်ပြီး လေထု၊ ရေထုညစ်ညမ်းမှုများလျှော့ချနိုင်ရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရေး၊ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး၊ သဘာဝသားငှက်တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကိုပါ ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု ပိုမိုအားကောင်းလာစေရန် နိုင်ငံတော်အစိုးရကဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နှစ်စဉ်ကျင်းပလျက်ရှိသည်။

**"သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကိုထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသောဂေဟစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ်(Life Supporting System)အဖြစ် သတ်မှတ်ထားကြောင်း၊ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည့်အတွက် စနစ်တကျစိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို သေချာပေါက် အထောက်အကူပြုအကျိုးရှိစေမည်ဖြစ်ကြောင်း"** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုနှစ်တွင် ထူးခြားချက်မှာ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ဇူလိုင် ၁၁ ရက်က နိုင်ငံတော်အဆင့်အနေဖြင့် ပထမဆုံးအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြိုင်တည်းကျင်းပစိုက်ပျိုးခဲ့ကြပြီး မြို့နယ် ၂၉ မြို့နယ်တွင် သစ်ပင်ပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ဩဂုတ် ၁၉ ရက် မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်း ကားလမ်းဘေးတစ်လျှောက်တွင် သစ်မျိုး ခုနစ်မျိုး၊ သစ်ပင်ပေါင်း ၁၀၀၀ စိုက်ပျိုးခဲ့ကြသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်း ယခုနှစ် မိုးရာသီတွင် နိုင်ငံတစ်ဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်စုစုပေါင်း ၂၁ ဒသမ ၈၇၉ တန်ကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့သည်။

သို့ဖြစ်ရာ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဟူသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်ရေး စသည့်ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်ကဦးဆောင်ကာ သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူလူထုကလည်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး)တည်ဆောက်ရေးစီမံကိန်းနှင့် ဆင်လမ်းရေလှောင်တမံရေပိုလွှဲ နှစ်ပေမြှင့်တင်ခြင်းလုပ်ငန်းများ စစ်ဆေး



**ပြင်ဦးလွင် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး)တည်ဆောက်ရေးစီမံကိန်းနှင့် ဆင်လမ်းရေလှောင်တမံရေပိုလွှဲ နှစ်ပေမြှင့်တင်ခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ပြောကြားသည်။

ထို့နောက် နောင်ခမ်းကြီးရပ်ကွက်အနီး ဆင်လမ်းရေလှောင်တမံသို့ရောက်ရှိကာ ပြင်ဦးလွင်မြို့တွင်နေထိုင်သည့် လူဦးရေတိုးပွားလာမှုအတွက် ရေပိုမိုပေးဝေနိုင်ရန် ဆင်လမ်းရေလှောင်တမံကို ယခင်ကန်ရေပြည့်ရေမှတ် ၃၇၂၆ ပေမှ ယခု ၃၇၂၈ပေ ထိ နှစ်ပေတိုးမြှင့်ရေသိုလှောင်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေတံခါး လေးချပ် တပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဆင်လမ်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် သောက်သုံးရေပေးဝေနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်း အနီး စခန်းဘူတာလမ်းခွဲအနီးရှိ ဒေသထွက်ကုန် ပစ္စည်းအရောင်းဆိုင်တန်းများကို စနစ်တကျဖြစ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ တည်ဆောက်ပြီးစီးသည့် အနီးစခန်းဈေးတန်းဈေးဆိုင်ခန်းများတွင် ဈေးသူဈေးသားများ ဒေသထွက်ကုန်များရောင်းချနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မြန်အောင်မြို့နယ်တွင် ဒေသထွက်ဖူးစားပြောင်းများ အရောင်းအဝယ် ကောင်းမွန်နေ

**မြန်အောင် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက်ဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းပပက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိ ဒေသထွက်ဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက်ဖူးစားပြောင်းကို မြန်အောင်မြို့နယ်အပါအဝင် အခြားဒေသများက ဝယ်ယူအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''ဒေသထွက် ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ စက်တင်ဘာလ ပထမပတ်ကစပြီး သိသိသာသာ ဝယ်လိုအားကောင်းလာတာဖြစ်ပါတယ်။ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေ ပါတယ်"ဟု မြန်အောင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းပပက ပြောပြသည်။

မြန်အောင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကိုဝယ်ယူပြီး ဒေသဈေးကွက်အပြင် အခြားဒေသများကိုပါ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် ငွေကျပ် ၃၀၅၀၀ မှ ၃၄၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၅၅၅၀ စိုက်ပျိုးမည်

**မုံရွာ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၅၅၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ပဲကြီး ဧက ၅၅၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကာ စိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း ပဲကြီးဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ပံ့ပိုးပေးမယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲကြီးစိုက်ပျိုးမည့် တောင်သူများကို ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် ပြင်ဦးလွင်မြို့နယ်အတွင်း အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ပေးသည့် အမှိုက်ပုံးအစုံ ၅၀ ခွဲဝေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်



**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ လိုက်ပါပြီး စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြင်ဦးလွင်မြို့နယ်အတွင်း အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ပေးသည့် အမှိုက်ပုံးအစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်၊ အနီရောင် လေးမျိုးပါ အစုံ ၅၀ ကို ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာ ကျောင်းများနှင့် အဖွဲ့အစည်းများ ထံသို့ ခွဲဝေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှိုက်ပုံးများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားရာတွင် လူတစ်ဦးချင်းစီမှ ထွက်ရှိသော အမှိုက်ပမာဏ လျှော့ချနိုင်ရန်၊ အမှိုက်ခွဲခြားစွန့်ပစ်မှုနှင့် ပြည်သူလူထုအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိစေပြီး အနာဂတ် မျိုးဆက်သစ်များအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်အား လက်ဆင့်ကမ်းပေးနိုင်စေရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်ကြောင်း၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် စွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်သည့် အမှိုက်ပုံးများထားရှိသွားရန်နှင့် စည်ပင်သာယာရေး အဖွဲ့များမှလည်း စွန့်ပစ်အမှိုက်များကို ခွဲခြားသိမ်းဆည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြင်ဦးလွင်မြို့ကို အစဉ်အမြဲ သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများတွင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းအား အမှိုက်စိုများကို အမှိုက်ပုံးအစိမ်းရောင်၊ အမှိုက်ခြောက်များကို အမှိုက်ပုံးအဝါရောင်၊ ပလတ်စတစ်အမှိုက်များကို အမှိုက်ပုံးအပြာရောင်နှင့် ဘေးအန္တရာယ်ရှိအမှိုက်များကိုအမှိုက်ပုံး အနီရောင်တို့ဖြင့် ခွဲခြားသတ်မှတ် စွန့်ပစ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ၊ ရုံးများ၊ အခြေခံပညာကျောင်းများနှင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများထံသို့ အမှိုက်ပုံးများ ခွဲဝေပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၃၅ ဧက စိုက်ပျိုးမည်

**မင်းကင်း စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၃၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။





မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၃၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နေကြာ ၁၆၃၃၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်ပျိုးတာများပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများ အချိန်မြင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ဝက်မြေကန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**မင်းဘူး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝက်မြေကန်ကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေများ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ဝက်မြေကန် ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများနှင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဝက်မြေကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၄ ဦးကို ရန်ပုံငွေကျပ် ၂၅၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဩဂုတ်လအတွင်း လယ်ငါးခူပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဩဂုတ်လအတွင်း လယ်ငါးခူပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း လယ်ငါးခူပိသာချိန် ၄၈၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း လယ်ငါးခူပိသာချိန် ၇၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါလယ်ငါးခူများ တင်ပို့ရောင်းချအားတက်လာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"အခုလို လယ်ငါးခူတွေ တင်ပို့အားကောင်းတော့အဓိကအဆင်ပြေနေတာက တော့ ရေလုပ်သားတွေပါ။ ပြီးခဲ့တဲ့တစ်လအတွင်း လယ်ငါးခူပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်စျေးကွက်ဘက်ကနေ ဝယ်ယူမှုအပေါ်မူတည်ပြီး တင်ပို့ရောင်းချနေတယ်။ ဒီလယ်ငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ငါးဖြစ်ပါတယ်။ အရောင်းအဝယ်ကောင်းပေမဲ့ စျေးကလဲ ပုံမှန်အခြေအနေမှာပဲရှိနေပါတယ်။ ဒီမြို့နယ်ဘက်က ရေထွက်ကုန်မှန်သမျှကို ဒေသစျေးအပြင် ရန်ကုန်စျေးကွက်ကို အများဆုံးတင်ပို့တာပါ"ဟု မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချသည့် လယ်ငါးခူပိသာချိန် ၁၀ လျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါ လယ်ငါးခူများကို စနစ်တကျသန့်စင်ပြီး ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ လယ်ငါးခူများ တင်ပို့အားကောင်းလာသည့်အတွက် ကုန်သည်များ၊ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ညောင်ရမ်းခေတ် မြောက်နန်းကျောင်းရာဇဝင်

ဗိုလ်ရှိတ်(ရတနာပူရ)

ညောင်ရမ်းမင်းတရားကြီး အင်းဝမြို့ကို စတင်တည်ထောင်သည့် သက္ကရာဇ် ၉၆၀ ပြည့်နှစ်မှစ၍ ညောင်ရမ်းမင်းဆက် ဆယ်ဆက်မြောက် မဟာဓမ္မရာဇာဓိပတိခေါ် ဟံသာဝတီရောက်မင်း နန်းကျသည့် သက္ကရာဇ် ၁၁၁၃ ခုနှစ်ထိ ကာလကို ညောင်ရမ်းခေတ်ဟု ခေါ်ဆိုနိုင်သည်။

ညောင်ရမ်းခေတ်တွင် စိုးစံခဲ့သောမင်းတို့သည် ညောင်ရမ်းမင်းတရားကြီး၏ အဆက်အနွယ်များချည်းသာဖြစ်သောကြောင့် ညောင်ရမ်းခေတ်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ညောင်ရမ်းခေတ်ကို ဒုတိယအင်းဝခေတ်ဟူ၍လည်း တစ်မျိုးမှတ်သားကြသေးသည်။ ညောင်ရမ်းခေတ်တွင် စိုးစံခဲ့သောမင်း ၁၀ ပါးမှာ-

၁။ ညောင်ရမ်းမင်း
၂။ အနောက်ဘက်လွန်မင်း
၃။ သာလွန်မင်း
၄။ ပင်းတလဲမင်း
၅။ ပြည်မင်း
၆။ နရာဝရမင်း
၇။ ရမည်းသင်းမင်းကြီးမင်းရဲကျော်ထင်
၈။ စနေမင်း
၉။ တနင်္ဂနွေမင်း
၁၀။ ဟံသာဝတီရောက်မင်းတို့ဖြစ်သည်။

ညောင်ရမ်းခေတ်သည် ၉၆၀ ပြည့်နှစ်မှ ၁၁၁၃ ခုနှစ်ထိ နှစ်ပေါင်း ၁၅၃ နှစ်ကြာသည်။ ညောင်ရမ်းခေတ်ကာလတွင် စကားပြေကျမ်းများစွာ ပြုစုရေးသားသော ခေတ်ဖြစ်သောကြောင့် ထိုခေတ်ကို ဆရာကြီးဦးဖေမောင်တင်က စကားပြေခေတ်ဟု အထူးဝိသေသပြု၍ဆိုခဲ့ပေသည်။ ဆရာကြီးဆိုသကဲ့သို့ပင် ညောင်ရမ်းခေတ်တွင် နှောင်းလူတို့စံထားသော စကားပြေကျမ်းများပေါ်ထွန်းခဲ့၏။ ဝရာဘိသင်္ဃနာထ ဆရာတော်ပြုစုသော မဏိကုဏ္ဍလဝတ္ထု၊ တောင်ဖီလာဆရာတော်ပြုစုသော ယသဝဍ္ဍနဝတ္ထုတို့သည် ထင်ရှားသော စကားပြေကျမ်းကြီးများဖြစ်သည်။

ထိုသို့သော စကားပြေကျမ်းများထဲမှ သမိုင်းတန်ဖိုးဖြတ်မရသော ကျမ်းကြီးများလည်းရှိသေး၏။ ထိုကျမ်းများမှာ မြန်မာရာဇဝင်ကျမ်းများပင်ဖြစ်လေသည်။ မြန်မာရာဇဝင်ကျမ်းများမှာ မြောက်နန်းကျောင်းဆရာတော် ရှင်အဂ္ဂဓမ္မာလင်္ကာရပြုစုသော မြောက်နန်းကျောင်းရာဇဝင်၊ ဦးကုလားပြုစုသော မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်ကျမ်းများပင်ဖြစ်လေသည်။ ဦးကုလားပြုစုသော မဟာရာဇဝင်ကြီးသည် မြန်မာရာဇဝင်ကျမ်းများတွင် အခမ်းအနားဆုံး၊ အပြည့်အစုံဆုံးရေးထားသော ရာဇဝင်ကြီးဖြစ်သည်။ ထူးခြားသည်မှာ မြန်မာ့သမိုင်းနှင့်ပတ်သက်၍ အပြည့်အစုံဆုံးရေးသားထားသည့် ရာဇဝင်မှာ ဦးကုလား၏ရာဇဝင်ကြီးဖြစ်သည်။ ထို့ကြောင့် ညောင်ရမ်းခေတ်ကို မြန်မာရာဇဝင်ကျမ်းများရေးရာတွင် မော်ကွန်းတင်ထိုက်သော ခေတ်တစ်ခေတ်ဟုဆိုက လွန်အံ့မထင်ပေ။

## မြောက်နန်းကျောင်းရာဇဝင်

မြောက်နန်းကျောင်းရာဇဝင်ကို ၁၀၂၃ ခုနှစ်တွင် အင်းဝ၌နန်းတက်ခဲ့သော ပြည်မင်းက တောင်းပန်၍ မြောက်နန်းကျောင်းဆရာတော် ရှင်အဂ္ဂဓမ္မာလင်္ကာရက ပြုစုခြင်းဖြစ်သည်။ မြောက်နန်းကျောင်းဆရာတော် ပြုစုခဲ့သော မြောက်နန်းကျောင်းရာဇဝင်သည် ညောင်ရမ်းခေတ်၌ ပေါ်ထွန်းခဲ့သော ရာဇဝင်ကျမ်းများတွင် အစောဆုံးရာဇဝင်ကျမ်းဖြစ်သည်။ မြောက်နန်းကျောင်းဆရာတော်ပြုစုခဲ့သည်ကို အစွဲပြုပြီး မြောက်နန်းကျောင်းရာဇဝင်ဟု ထင်ရှား၏။

မြောက်နန်းကျောင်းဆရာတော်သည် မြန်မာသာသနာဝင်သမိုင်းတွင် ထင်ရှားသော ဆရာတော်ကြီးတစ်ပါးဖြစ်သော်လည်း ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ဆရာကြီး ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းကျမ်းတို့တွင် မှတ်တမ်းတင်ထားခြင်းမရှိပေ။ မြောက်နန်းကျောင်းဆရာတော်၏ဖခင်မှာ နေမျိုးနော်ရထာဘွဲ့ရ ပြည်မင်း၏အမတ်ဖြစ်သည်။ မိခင်အမည်မှာ မသိရပေ။ ဆရာတော်သည် မှူးမတ်မျိုးရိုးက ဆင်းသက်လာသော်လည်း မင်းမှုထမ်းဘဝထက် သာသနာ့ဘောင်၌သာ မွေ့လျော်သည်။ တစ်နေ့တွင် အမတ်ကြီး သတိုးမင်းကြီးက အဆောင်အရွက်အခင်းအကျင်းဖြင့် ဆရာတော်ထံ လာရောက်ဖူးမြော်သည်။ ပြန်ခါနီးသော အခါတွင် အမတ်ကြီးက အဆောင်အယောင်များကို

❖ ရှင်ဘုရင်ကိုပင်ဂရုမစိုက်၊ ဓမ္မကြောင်းအတိုင်းသာ မိန့်ဆိုလေ့ရှိသော မြောက်နန်းကျောင်းဆရာတော် ရေးသည့် ရာဇဝင်ချုပ်တွင် မည်သည့်အကြောင်းအရာများထည့်သွင်းရေးသားထားသည်ကို သိလိုလှပေသည်။ ဆရာတော်၏စိတ်ကြိုက်ဝေဖန်သုံးသပ် ရေးသားသော ရာဇဝင်တစ်စောင်ဖြစ်မည်ဟူ၍ကား ယူဆရပေသည်။ ထို့ပြင် ညောင်ရမ်းခေတ်ဦးပိုင်းကာလသည် ဆရာတော်သိမီခဲ့သော အချိန်ကာလဖြစ်သဖြင့် ဆရာတော်၏ရာဇဝင်တွင် ညောင်ရမ်းမင်းဆက်များ ပါမည်ဆိုပါက ခေတ်ပြိုင်မှတ်တမ်းတစ်ခုအနေဖြင့်လည်းကောင်း၊ ကိုယ်တွေ့မှတ်တမ်းတစ်ခုအနေဖြင့်လည်းကောင်း ပို၍သမိုင်းတန်ဖိုးကြီးမားဖွယ်ရာဖြစ်သည်။ ❖

ပြ၍ "လူဖြစ်လျှင် ဤမျှမှူးမတ်စည်းစိမ်ကိုရမည်" လျှောက်၏။ ဆရာတော်က "ဤမျှသော စည်းစိမ်သည် ငါတို့ရေအိမ် တစ်ခါတက်မျှမတန်ပေ။ ရေအိမ်တစ်ခါတက်လျှင် အသုဘကမ္မဋ္ဌာန်း များစွာစီးဖြန်းရသည်မဟုတ်လော"ဟု ချက်ချင်းပြန်မိန့်သည်။ ဆရာတော်သည် ထိုမျှထိ သာသနာ့ဘောင်တွင် ပျော်မွေ့သည်။

မြောက်နန်းကျောင်းဆရာတော်ဟု အမည်တွင်ရခြင်းမှာလည်း ဤသို့ဖြစ်သည်။ ပြည်မင်းသည် ဘိသိက်ခံပြီးနောက် ဓာတာတော်မသန့်ဟုဆိုကာ သက်ငယ်ယာယီနန်းဆောက်၍ ဘုံသာဝတီသမုတ်ကာစံသည်။ ထိုသို့ ယာယီနန်းစံခဲ့သောနေရာတွင် နန်းတော်ကြီးမှ မြောက်နန်းတော်ကိုဖျက်၍ ကျောင်းဆောက်ခဲ့ပြီး စစ်ကိုင်းအိမ်ရှေ့ကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရကို တင်လှူခဲ့သည်။ ထိုသို့ မြောက်နန်းတော်ဆောင်ကိုဆောက်၍ လှူဒါန်းသော ကျောင်းကိုအစွဲပြုပြီး မြောက်နန်းကျောင်းဆရာတော်ဟု အမည်တွင်ခဲ့သည်။ ဆရာတော်ပြုစုခဲ့သော ရာဇဝင်ချုပ်မှာလည်း မြောက်နန်းကျောင်းရာဇဝင်ဟု အမည်တွင်ခဲ့သည်။

မြောက်နန်းကျောင်းဆရာတော်သည် ပြောစရာရှိလျှင် ရှင်ဘုရင်ကိုပင် မျက်နှာမထောက်ပြောလေ့ရှိသည်။ ဆရာတော်သည် လောကအကြောင်းကို မလိုက်၊ ဓမ္မအကြောင်းကိုသာလိုက်သည်။ ပြည်မင်းသည် နှောင်တော်ပင်းတလဲမင်းနှင့် မရီးတော်ကို လုပ်ကြံပြီး နန်းတက်လာသူဖြစ်သည်။ ၁၀၂၃ ခုနှစ် ဝါဆိုလဆုတ်တစ်ဆယ့်လေးရက်၊ တနင်္လာနေ့(၁၆၆၁ ခုနှစ်၊ ဇူလိုင် ၁၄ ရက်)တွင် တံဆိပ်ရဆရာတော်များကို နန်းတော်တွင်းသို့ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူ၏။ တရားလည်းနာ၏။ ပြီးလျှင် "အကျွန်ုပ်သည် အလိုမရှိပါဘဲလျက် အမှုးအမတ်၊ အမှုထမ်း၊ သူရဲသူခက်တို့က ကျွန်တော်တို့ ကိုးကွယ်ရာမရှိပြီဟူ၍ အကြိမ်ကြိမ်လျှောက်ထားသောကြောင့် သံဃာအားကို ဘုရားမဆန်နိုင် ဆိုဘိသကဲ့သို့ ကျွန်ုပ်မင်းပြုရသည်" ဟုလျှောက်၏။

ထိုအခါ ဆရာတော်ကြီးများက "ကြံသော်လည်း ကံမမှီက မဖြစ်ရာ၊ မကြံသော်လည်း ကံကြီးကဖြစ်ရာသည်"ဟုမိန့်ကြားသည်။ မြောက်နန်းကျောင်းဆရာတော်ကမူ ရှင်ဘုရင့်မျက်နှာလည်း မထောက်ထားဘဲ "ငါတို့နှင့် အရာမဟုတ်၊ ညီတော်၊ နှောင်တော်နှစ်ပါးဟုတ်၊ မဟုတ်ကို အောက်သို့ရောက်မှ ငြင်းခုံကြပါလေ"ဟု မိန့်လေသည်။

တစ်နေ့တွင် တောင်ဖီလာဆရာတော်ကြီးက သံဃာပရိသတ်အလယ်တွင် "အဂ္ဂဓမ္မာလင်္ကာရတို့လည်း ငါတို့မရှိလျှင် ကျမ်းဂန်တတ်ပြုကုန်ချေတော့မည်"ဟု အပျော်အပါးမိန့်တော်မူသည်။ ထိုအခါ မြောက်နန်းကျောင်းဆရာတော်က "အရှင်ဘုရားတို့မရှိလျှင် ကျွန်ုပ်တို့အပြင် ကျမ်းတတ်ပြုရမည့်သူမရှိပြီ"ဟု ပြန်လည်လျှောက်တင်ကြောင်း သာသနဝံသဒီပနီကျမ်း၌ဆို၏။ ဤမှာ မြောက်နန်းကျောင်းဆရာတော်ကြီးအကြောင်းကို လက်လှမ်းမီသမျှဆိုလိုက်ပေသည်။

## ပျောက်ဆုံးနေဆဲ ရာဇဝင်ချုပ်

မြောက်နန်းကျောင်း ရာဇဝင်ရှိခဲ့ကြောင်းကို ရှေးမှတ်တမ်းများတွင် အထင်ကရကျန်ရှိနေသော်လည်း မြောက်နန်းကျောင်းရာဇဝင်ကို ယခုအချိန်ထိရှာဖွေ၍မတွေ့သေးပေ။ ပေမူဘဝ၊ ပုရပိုက်မူဘဝဖြင့် ပျောက်ဆုံးနေဆဲပင်ဖြစ်သည်။ သို့သော် လယ်တီဝဏ္ဏိတ(ဆရာကြီးလယ်တီဦးလှတင်) ၁၉၄၀ ပြည့်နှစ်က စီစဉ်ပုံနှိပ်သော "အငြိမ်းစားဝန်ထောက်ကြီး ဦးဘိုးသီး၊ မင်းကတော် ခင်ခင်ကြီးတို့၏သာခုဇနပါသာဒိက မဟာဓမ္မစေတီတိုက်တော်ကြီးအတွင်းရှိပိဋကတ်သမိုင်း ခေါ် ပိဋကသုံးပုံစာတမ်း" ကျမ်းနံပါတ် (၁၂၄၅) တွင် "ရာဇဝင်ချုပ် မြောက်နန်းကျောင်းဆရာတော် ရှင်အဂ္ဂဓမ္မာလင်္ကာရပြု"ဟုတွေ့ရှိရသည်။ ထိုပိဋကတ်တိုက်မှာ ဦးဘိုးသီးပိဋကတ်တိုက်ဟု ထင်ရှားလူသိများပါသည်။ ထိုစာရင်းအရ သထုံဦးဘိုးသီး ပိဋကတ်တိုက်တွင် မြောက်နန်းကျောင်းရာဇဝင်ရှိကြောင်း သိရသည်။

ထိုပေမှာလည်း မြောက်နန်းကျောင်းရာဇဝင်ဟုတ်၊ မဟုတ်ကို အတပ်မပြောနိုင်ပါ။ ပေမှာ ၁၁ ကြောင်းရေး မျဉ်းနီပေဖြစ်ပြီး ခေ အစ ဖေါ် အဆုံး သုံးအင်္ဂါနှင့် ကိုးချပ်ရှိသည်။ ကျမ်းကို "မဟာဝံသံမဟာဉာဏံ၊ မဟာသီလံ မဟိဿရံ၊ ဇိနံပဏာမူခေပံ။ ဒီပေဿံ မြမ္မံဝံသကံ၊ အဟံ-ငါ သည်၊ မဟာဝံသံ-မြတ်သောအာဒိစ္စဝံသ သမတမင်းနွယ်၌ ဖြစ်တော်မူထသော၊ မဟာဉာဏံ- များမြတ်သောဉာဏ်လည်းရှိတော်မူထသော၊ မဟိဿရံ-များသောတန်ခိုးအစိုးရခြင်းလည်းရှိထသော ဇိနံ-မြတ်စွာဘုရားကို ပဏာမျ-ရှိခိုးပါ၏။ ပဏာမျ- ရှိခိုးပြီး၍၊ မြမ္မဝံသကံ-မြမ္မာလူမျိုးမင်းရိုးဖြစ်စဉ် မြမ္မာဝင်ကို၊ သံခေပံ သံခေပနအကျဉ်းအားဖြင့်၊ ဒီပေဿံ-ထုတ်ဖော်ပြဆောင်ပေအံ့"ဟူ၍အစချီထားသည်။ ကျမ်းမှာလည်း အဆုံးထိမပါပေ။ ပင်းယမြို့တည် သီဟသူမင်းလက်ထက်ထိသာပါ၏။ ပေအတွင်း၌ မြောက်နန်းကျောင်းရာဇဝင်ချုပ်ဖြစ်သည်ဟူသော အမှတ်အသားလုံးဝမပါပေ။ ထို့ကြောင့် ထိုရာဇဝင်ချုပ်မှာလည်း မြောက်နန်းကျောင်းရာဇဝင် ဟုတ်၊ မဟုတ်ကို အတပ်မပြောနိုင်သေးပါ။ ဆက်လက်လေ့လာရဦးမည်သာဖြစ်သည်။

ဤသို့ဆိုပါက မြောက်နန်းကျောင်းရာဇဝင်သည် ပုံနှိပ်မူဘဝသို့ ရောက်ရန်မဆိုထားနှင့် ပေမူပင်ရှာ၍မတွေ့သေးသော ရာဇဝင်တစ်စောင် ဖြစ်နေသည်။ ရှင်ဘုရင်ကိုပင် ဂရုမစိုက်၊ ဓမ္မကြောင်းအတိုင်းသာ မိန့်ဆိုလေ့ရှိသော မြောက်နန်းကျောင်းဆရာတော်ရေးသည့် ရာဇဝင်ချုပ်တွင် မည်သည့်အကြောင်းအရာများ ထည့်သွင်းရေးသားထားသည်ကို သိလိုလှပေသည်။ ဆရာတော်၏ စိတ်ကြိုက်ဝေဖန်သုံးသပ်ရေးသားသော ရာဇဝင်တစ်စောင်ဖြစ်မည်ဟူ၍ကား ယူဆရပေသည်။ ထို့ပြင် ညောင်ရမ်းခေတ်ဦးပိုင်းကာလသည် ဆရာတော်သိမီခဲ့သော အချိန်ကာလဖြစ်သဖြင့် ဆရာတော်၏ရာဇဝင်တွင် ညောင်ရမ်းမင်းဆက်များပါမည်ဆိုပါက ခေတ်ပြိုင်မှတ်တမ်းတစ်ခုအနေဖြင့်လည်းကောင်း၊ ကိုယ်တွေ့မှတ်တမ်းတစ်ခုအနေဖြင့်လည်းကောင်း ပို၍သမိုင်းတန်ဖိုးကြီးမားဖွယ်ရာဖြစ်သည်။ ထိုကဲ့သို့ သမိုင်းတန်ဖိုးကြီးမားလှသော ရာဇဝင်ချုပ်ကိုရှာဖွေဖော်ထုတ်ရန်မှာ သုတေသီတို့၏ တာဝန်သာဖြစ်ပေသည်။

## ဆရာကြီးဦးရည်စိန်နှင့် မြောက်နန်းကျောင်းရာဇဝင်

မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် ရသေ့ကြောင်မင်းအကြောင်းကိုရေးရာတွင် ရသေ့ကြောင်မင်းသည် တကောင်းမင်းရိုးအဆက်အနွယ်ဖြစ်ကြောင်း၊ နန်းကျောင်းရာဇဝင်၌ ဖော်ပြထားသည်ဟု ကိုးကားရေးသားထားသည်။ ထိုကဲ့သို့ မှန်နန်းမဟာရာဇဝင်တော်ကြီးက ကိုးကားဖော်ပြထားသည့် နန်းကျောင်းရာဇဝင်ကို ဆရာကြီး ဦးရည်စိန်က သူ၏"ပျူစောထီးသုတေသနစာတမ်း"တွင် "ရသေ့ကြောင်မင်းသည် တကောင်းနန်းရိုးဖြစ်ကြောင်း နန်းကျောင်းရာဇဝင်စသော ရာဇဝင်များက ဆိုကြောင်း မှန်နန်းရာဇဝင်ကဖော်ပြထားသည်။ နန်းကျောင်းရာဇဝင်ဟူသည် အဘယ်နည်း။ နန်းကျောင်းရာဇဝင်ဟူသည် History of Nan-Chao (နန်ကျောက် သို့မဟုတ် နန်းစောသမိုင်း)ကို ရည်ညွှန်းသည်ဟု တွေးထင်ဖွယ်ရှိ၏"ဟု မှန်နန်းမဟာရာဇဝင်တော်ကြီးက ကိုးကားသော နန်းကျောင်းရာဇဝင်သည် နန်ကျောက် သို့မဟုတ် နန်းစောသမိုင်းဖြစ်နိုင်သည်ဟုဆိုထားသည်။ အမှန်က ထိုသို့မဟုတ်ပါ။ မှန်နန်းမဟာရာဇဝင်တော်ကြီးက ကိုးကားသော နန်းကျောင်းရာဇဝင်ဆိုသည်မှာ မြောက်နန်းကျောင်းဆရာတော်ပြုစုသော မြောက်နန်းကျောင်းရာဇဝင်ကိုသာ ဆိုခြင်းဖြစ်သည်။ ထိုအချက်ကို သတိမမူဘဲ နန်းကျောင်းရာဇဝင်ကို နန်းစောရာဇဝင်ဟု ဆရာကြီးဦးရည်စိန်က ဆိုခဲ့ခြင်းဖြစ်လေသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧက ၁၂၃၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**တမူး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧက ၁၂၃၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၁၂၃၀ ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်း ၁၃၉၃ ဧကထိစိုက်ပျိုးနိုင်ခဲ့ပြီး ဒီနေ့ထိ ဧက ၁၂၃၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ဖူးစားပြောင်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၅၅၅ ဧက၊ တမူးမြို့နယ်တွင် ဧက ၂၄၀၊ ခါမ်းပါတ်မြို့တွင် ၄၃၅ ဧက စုစုပေါင်းဧက ၁၂၃၀ ဖြစ်ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းသီးနှံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ပေါ်ဆန်းဆန်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**ပုသိမ် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ပေါ်ဆန်းဆန်များ ဝယ်ယူအား ကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးဈေးကွက်တွင် ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ပြီး ပေါ်ဆန်းဆန်အမျိုးအစားများ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း၊ အဆိုပါပေါ်ဆန်းဆန်အမျိုးအစားများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခုဒေသဈေးကွက်မှာ အခြားဆန်တွေထက် ပေါ်ဆန်းဆန်က ဝယ်လိုအား ကောင်းနေပါတယ်။ အခုလ ပထမပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြည်တွင်းရန်ကုန်ဈေးကွက်ကလဲ ပေါ်ဆန်းဆန်တွေ အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ပြည်တွင်းဆန်လုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည် လည်ပတ်လာလို့ပါ"ဟု ပုသိမ်မြို့နယ် ဆန်နှင့်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ပေါ်ဆန်းဆန်၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပေါ်ဆန်းဆန်များ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ဆန်၊စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## သွေးမကွဲဖို့

- ငြိမ်းချမ်းစွာ အတူယှဉ်တွဲ
သွေးမကွဲ ထာဝစဉ်၊
မြန်မာပြည် တိုင်းရင်းသား
ညီနောင်များပင်၊
တောင်ပေါ်နှင့် မြေပြန့်တွင်
ပေါင်းကူးပြင် တိုးတက်ရေး၊
စည်းကမ်းဆောင် စနစ်ကောင်းနဲ့
ထိန်းကျောင်းနေပေး။

- မြန်မာ့ဂုဏ် မညှိုးနွမ်း
အမြဲလန်းဆန်း တောက်ပကာ၊
လွတ်လပ်စွာ နေထိုင်ရင်းနဲ့
ချစ်ခြင်းမဟာ၊
မြန်မာ၏ တန်ဖိုးမှာ
မြတ်နိုးရာ ထိန်းသိမ်းဖို့၊
တို့ပြည်သူ တိုင်းရင်းသား
ကြိုးစားကြစို့။

- ဘက်ပေါင်းစုံ အဆင့်မြှင့်
ဂုဏ်ယူတင့် ရှိစေရန်၊
ဝိုင်းဝန်းကာ သွေးချင်းများ
နိုးကြားမွမ်းမံ၊
ကောင်းမြတ်သော အတွေးအကြံ
အသိဉာဏ် ဖြည့်စွမ်း၊
လက်ကမ်းသယ် အနာဂတ်
မွန်မြတ်စွာလှမ်း။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များကို အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိ |

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

# နိုင်ငံတကာ သတင်းများ

## ဗြိတိန်သို့ ဒုတိယမြောက်တရားဝင် ခရီးစဉ်အဖြစ် သမ္မတ ဒေါ်နယ်ထရမ့်ရောက်ရှိ

လန်ဒန် စက်တင်ဘာ ၁၇

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် စက်တင်ဘာ ၁၆ ရက်တွင် ဗြိတိန်သို့ ဒုတိယမြောက် တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိလာခဲ့ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် လန်ဒန်မြို့သို့ ရောက်ရှိခဲ့သည့် စက်တင်ဘာ ၁၆ရက်မှာပင် ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့် နိုင်ငံခြားရေးမူဝါဒများကို ဆွေးနွေးခဲ့သည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ဗြိတိန်ခရီးစဉ်အတွင်း ဗြိတိန်နှင့် အမေရိကန်တာဝန်ရှိသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များရယူကြမည်ဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်နှင့် သမ္မတကတော် မယ်လာနီးယားထရမ့်တို့သည် ယနေ့တွင် လန်ဒန်မြို့ ဝင်ဆာရဲတိုက်၌ ဗြိတိန်ဘုရင်ချားလ်-၃ နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ဝင်ဆာရဲတိုက် ခရီးစဉ်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ချားလ်ဘုရင်နှင့် တော်ဝင်မိသားစုဝင်များက ကော်ဇောနီခင်း၍ ကြိုဆိုမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်သမ္မတရာထူးကို ပထမအကြိမ်ရယူထားချိန် ၂၀၁၉ ခုနှစ် ဇွန်လတွင် ဗြိတိန်သို့ ပထမဆုံး တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် ဂျပန်က အသိအမှတ်ပြုဦးမည်မဟုတ်

တိုကျို စက်တင်ဘာ ၁၇

လက်ရှိအချိန်တွင် ဂျပန်အစိုးရအနေဖြင့် ပါလက်စတိုင်းကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုဦးမည်မဟုတ်ကြောင်း ဂျပန်ပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေးကို ထိန်းထားနိုင်ရေးအတွက် လတ်တလောတွင် ပါလက်စတိုင်း လွတ်လပ်ရေးကို အသိအမှတ်မပြုရန် ဂျပန်အစိုးရက ဆုံးဖြတ်ထားခြင်းဖြစ်ဖွယ်ရှိကြောင်း အစိုးရသတင်းအရင်းအမြစ်များက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံ တစ်နိုင်ငံအဖြစ် အသိအမှတ်ပြုမည့် အစီအစဉ်ကို စွန့်လွှတ်ရန် ဂျပန်အစိုးရကို အမေရိကန်အစိုးရက တွန်းအားပေးနေကြောင်း သိရသည်။

ဗြိတိန်၊ ပြင်သစ်၊ ကနေဒါနှင့် ဩစတြေးလျအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတို့သည် ယခုလအတွင်းကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုရန် စီစဉ်ထားသည်။

တစ်ချိန်တည်းမှာပင် ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုရေးအတွက် ပြင်သစ်နိုင်ငံက ဂျပန်နိုင်ငံကို တိုက်တွန်းထားသည်။

ပြည်တွင်းမီဒီယာများ၏ ယနေ့ ပါလက်စတိုင်းသတင်းကို ဂျပန်အစိုးရက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။


Ref : Xinhua

Trs : KKO

## အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာရှရီနာရန်ဒရာမိုဒီ၏ ၇၅ နှစ်မြောက် မွေးနေ့ကျင်းပ၊ နိုင်ငံတကာမှခေါင်းဆောင်များ၊ အဖွဲ့အစည်းများက မွေးနေ့ဆုတောင်းစကားများ အသီးသီးပေးပို့

နေပြည်တော် စက်တင်ဘာ ၁၇

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီသည် ၁၉၅၀ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ကမွေးဖွားခဲ့ပြီး ယနေ့တွင် ၇၅ နှစ်ပြည့်မြောက်ခဲ့ကြောင်း၊ အဆိုပါအိန္ဒိယဝန်ကြီးချုပ်၏ မွေးနေ့ပွဲကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အိန္ဒိယနိုင်ငံ Madhya Pradesh ပြည်နယ် Dhar မြို့မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။






ယနေ့တွင် ကျရောက်သည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏မွေးနေ့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် အမေရိကန်ပြည်ထောင်စု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံ စသည့်နိုင်ငံများနှင့် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများကလည်း မွေးနေ့ဆုတောင်းစကားများ အသီးသီးပေးပို့ခဲ့ကြကြောင်း အိန္ဒိယနိုင်ငံ DD News သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။ (၅၀၁)

## ရပ်ဆိုင်းထားရသည့် အဝေးပြေးလမ်းစီမံကိန်းကို တရုတ်ချေးငွေအကူအညီဖြင့် သီရိလင်္ကာနိုင်ငံပြန်လည်စတင်

ကိုလံဘို စက်တင်ဘာ ၁၇

သီရိလင်္ကာနိုင်ငံသည် ရပ်ဆိုင်းထားရသည့် အဝေးပြေးလမ်းစီမံကိန်းတစ်ခုကို တရုတ်နိုင်ငံ၏ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ချေးငွေအကူအညီဖြင့် ပြန်လည်စတင်နေပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံသည် ကိုလံဘိုမြို့နှင့် အလယ်ပိုင်းကုန်းမြင့်ဒေသ ကန်ဒီမြို့တို့ကို ချိတ်ဆက်ပေးထားသည့် ဗဟိုအဝေးပြေးလမ်း၏ အရှည် ၂၄ မိုင်ရှိ လမ်းပိုင်းကို ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့သည်။

သို့ရာတွင် သီရိလင်္ကာနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာအတွင်း အပြင်းထန်ဆုံးဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန် ၂၀၂၃ ခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်မှုရပ်တန့်ခဲ့ရသည်။

သို့သော် တရုတ်အစိုးရ၏ သွင်းကုန်ပို့ကုန်ဘဏ်က ထုတ်ပေးထားသည့် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၅၀၀ ရရှိခဲ့ပြီးနောက် အဆိုပါအဝေးပြေးလမ်း စီမံကိန်းကို သီရိလင်္ကာနိုင်ငံက ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

အဝေးပြေးလမ်းစီမံကိန်းဖွင့်ပွဲကို ယနေ့တွင် ကျင်းပခဲ့ရာ သီရိလင်္ကာသမ္မတ ဒိဆာနာယာကီ ကိုယ်တိုင်တက်ရောက်ခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် အဝေးပြေးလမ်းများကဲ့သို့ အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် တရုတ်နိုင်ငံထံမှ ကြွေးမြီအမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံထိ ရယူထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များပစ်လွှတ်မှု ရုရှားနှင့် ဘယ်လာရုစ် အစမ်းလေ့ကျင့်မှုပြုလုပ်

မော်စကို စက်တင်ဘာ ၁၇

ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်အရ ရုရှားနှင့် ဘယ်လာရုစ် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက်တွင် ရုရှားနိုင်ငံ၏ နည်းဗျူဟာမြောက် နျူကလီးယား လက်နက်များ ပစ်လွှတ်မှုကို အစမ်းလေ့ကျင့်ခဲ့ကြောင်း ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုက ထုတ်ဖော်ပြောကြားခဲ့သည်။

ငါးရက်ကြာ ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှု နောက်ဆုံးနေ့ဖြစ်သည့် စက်တင်ဘာ ၁၆ ရက်တွင် နည်းဗျူဟာမြောက် ရုရှားနျူကလီးယား လက်နက်များ ပစ်လွှတ်မှုကို ရုရှားနှင့် ဘယ်လာရုစ်တပ်များက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



ယင်းအပြင် စက်တင်ဘာ ၁၆ ရက် ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် ရုရှားနှင့် ဘယ်လာရုစ်တပ်များသည် အော်ရက်ရှ်နစ်ခ်တာလတ်ပစ်ဒုံးကျည်စနစ်ကိုလည်း စမ်းသပ်ခဲ့သည်။

ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် ရုရှားနှင့် ဘယ်လာရုစ် နှစ်ဖက်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀၀၀ခန့် ပါဝင်ခဲ့ပြီး စစ်လက်နက်နှင့်စစ်ယာဉ်ယန္တရား ၁၀၀၀၀ခန့်တို့ ပါဝင်နေကြောင်း သိရသည်။

ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို အမေရိကန်တပ်မတော်လေ့လာသူများလည်း တက်ရောက်ကြည့်ရှုခဲ့ကြသည်။


ရုရှားနိုင်ငံသည် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များဖြစ်သည့် အစ်ကန်းဒါး အမျိုးအစားဒုံးကျည်များကို ဘယ်လာရုစ်နိုင်ငံ၌ ဖြန့်ကြက်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## လူသားမျိုးနွယ်အနေဖြင့် လာမည့် ၁၀ နှစ်အတွင်း အာကာသတွင်းနက်တစ်ခု ပေါက်ကွဲမှုကို လေ့လာခွင့်ရရန် ၉၉ ရာခိုင်နှုန်း အခွင့်အလမ်းရှိ



**ဝါရှင်တန် စက်တင်ဘာ ၁၇**

လူသားမျိုးနွယ်အနေဖြင့် လာမည့် ၁၀ နှစ်အတွင်း အာကာသတွင်းနက်တစ်ခု ပေါက်ကွဲမှုကို လေ့လာခွင့်ရရန် ၉၉ ရာခိုင်နှုန်း အခွင့်အလမ်းရှိကြောင်း စက်တင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အာကာသတွင်းနက်တစ်ခု ပေါက်ကွဲမှုကိုလေ့လာစူးစမ်းနိုင်ခဲ့ပါက စကြဝဠာ၏လျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်ရေးအတွက် အထောက်အကူကြီးစွာပြုနိုင်မည်ဖြစ်သည်ဟု အမေရိကန်နိုင်ငံ မက်ဆာချူးဆက် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ လူသားမျိုးနွယ်အနေဖြင့် လာမည့် ၁၀ နှစ်အတွင်း အာကာသတွင်းနက်တစ်ခုပေါက်ကွဲမှုကို လေ့လာခွင့်ရရန် ၉၉ ရာခိုင်နှုန်းအခွင့်အလမ်းရှိကြောင်း သိရသည်။

အထက်ပါ အာကာသတွင်းနက်ပေါက်ကွဲမှုကို လေ့လာနိုင်ခဲ့ပါက ရှေးဦးအာကာသတွင်းနက်များ(Premordial black hole)တည်ရှိမှုကို သက်သေပြနိုင်မည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ရှေးဦးအာကာသ တွင်းနက်များသည် ကြယ်များမှပေါ်ထွက်လာသည့်အာကာသတွင်းနက်များမဟုတ်ဘဲ Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး တစ်စက္ကန့်အကြာတွင် ပေါ်ထွက်လာသည့် အာကာသတွင်းနက်များဖြစ်ကြသည်။

အာကာသတွင်းနက်များ ပေါက်ကွဲချိန်တွင် စကြဝဠာကို ဖွဲ့စည်းရာ၌ပါဝင်သော လူသားများမသိသေးသည့် ဒြပ်မှုန်များ ထုတ်လွှတ်ပေးနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

Ref : Russia Today

Trs : KKO

## နာဆာက TRACERS မစ်ရှင် အာကာသယာဉ်နှစ်စင်းအနက် SV-1 အာကာသယာဉ်နှင့် အဆက်အသွယ်ပြန်လည်ရရှိခဲ့


**ဝါရှင်တန် စက်တင်ဘာ ၁၇**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် TRACERS မစ်ရှင် အာကာသယာဉ်နှစ်စင်းအနက် SV-1 အမည်ရှိ အာကာသယာဉ်နှင့် အဆက်အသွယ် ပြန်လည်ရရှိခဲ့ကြောင်း စက်တင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် SV-1 နှင့် SV-2 အမည်ရှိ အာကာသယာဉ်များကို TRACERS မစ်ရှင်ဖြင့် ယခုနှစ် ဇူလိုင် ၂၃ ရက်တွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးနောက် SV-2 အာကာသယာဉ်မှာ အခြေအနေကောင်းမွန်သော်လည်း SV-1 အာကာသယာဉ်မှာမူ မြေပြင်စခန်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်။

SV-1 အာကာသယာဉ်သည် လွှတ်တင်ပြီး တစ်လကျော်အကြာတွင် မြေပြင်စခန်းနှင့်အဆက်အသွယ်ပြန်လည်ရရှိခဲ့သည်။



နာဆာအဖွဲ့သည် လနပ်ဝစ်သံလိုက်စက်ကွင်းနှင့် ကမ္ဘာ့လေထုလွှာတို့ကြား အပြန်အလှန်တုံ့ပြန်မှုများကို လေ့လာရေးအတွက် TRACERS မစ်ရှင်ကို လွှတ်တင်ထားခြင်းဖြစ်သည်။

လက်ရှိတွင် နာဆာသိပ္ပံပညာရှင်များသည် SV-1 အာကာသယာဉ်၏ သိပ္ပံပညာစူးစမ်းလေ့လာရေးစနစ်များ စတင်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## သက်တမ်းရှေးအကျဆုံး ပုတ်သင်ညိုကျောက်ဖြစ်ရုပ်ကြွင်းကို အင်္ဂလန်နိုင်ငံအနောက်ပိုင်း၌ တူးဖော်တွေ့ရှိထား

**လန်ဒန် စက်တင်ဘာ ၁၇**

သက်တမ်းရှေးအကျဆုံး ပုတ်သင်ညို ကျောက်ဖြစ်ရုပ်ကြွင်းကို အင်္ဂလန်နိုင်ငံ အနောက်ပိုင်း၌ တူးဖော်တွေ့ရှိထားကြောင်း စက်တင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ ပုတ်သင်ညိုသည် လွန်ခဲ့သောနှစ်ပေါင်း ၂၄၂ သန်းခန့်ကာလ ဒိုင်နိုဆောသတ္တဝါများ မပေါ်မီကပင် ရှင်သန်ခဲ့သည့် သက်ရှိများဖြစ်ကြကြောင်း ဗြိတိန်နိုင်ငံ ဘရစ္စတိုးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗြိတိန်သိပ္ပံပညာရှင်များ၏ အဆိုအရအဆိုပါပုတ်သင်ညိုသည် ထရိုင်အားဆစ် ဘူမိခေတ်လယ်ပိုင်းမှ သက်ရှိမျိုးစုဖြစ်သည့် Lep-idsauria ပုတ်သင်ညိုနွယ်ဝင်များအနက် ရှေးအကျဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါ ပုတ်သင်ညိုသည် အရွယ်အစားအားဖြင့် သေးငယ်သော်လည်း ခိုင်မာကြီးမားသည့် သွားများဖြင့် အင်းဆက်များကို ရှာဖွေ စားသောက်နိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ၏အဆိုအရ ၎င်းပုတ်သင်ညို၏ဦးခွံရိုးမှာ အချင်း ၁ ဒသမ ၅ စင်တီမီတာမျှသာရှိပြီး အရွယ်အစား အလွန်သေးငယ်ကြောင်း သိရသည်။

အဆိုပါပုတ်သင်ညိုကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်သိပ္ပံပညာရှင်များက Agriod-ontosaurus helsbypetrae ဟူ၍အမည်ပေးထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## Zeaxanthin အာဟာရဓာတ်က လူ့ကိုယ်ခန္ဓာ၏ ကင်ဆာရောဂါ တိုက်ဖျက်နိုင်စွမ်းကို အထောက်အကူပေးနိုင်

**နယူးယောက် စက်တင်ဘာ ၁၇**

အစိမ်းရောင် အရွက်များနှင့် ပြောင်းဖူးတွင် ပါဝင်သည့် Zeaxanthin ခေါ် အာဟာရဓာတ်တစ်မျိုးသည် လူ့ကိုယ်ခန္ဓာ၏ ကင်ဆာရောဂါတိုက်ဖျက်နိုင်စွမ်းကိုအထောက်အကူပေးနိုင်ကြောင်း စက်တင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ အစိမ်းရောင်အသီးအရွက်များတွင် ပါဝင်သည့် Zeaxanthin အာဟာရဓာတ်သည် ကင်ဆာဆဲလ်တိုက်ဖျက်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Zeaxanthin အာဟာရဓာတ်သည် ကင်ဆာရောဂါကုသရာတွင် အသုံးပြုသည့်ခုခံအားစနစ်ကုထုံးများ၏ အာနိသင်များကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော လက်တွေ့ စမ်းသပ်မှုများအရ Zeaxanthin အာဟာရဓာတ်သည် မီလာနိုးမား အရေပြားကင်ဆာနှင့် အူမကြီးကင်ဆာရောဂါဆဲလ်များ ကြီးထွားမှုနှုန်းကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Zeaxanthin အာဟာရဓာတ်သည် ခုခံအားစနစ်ကုထုံးမျိုးကဲ့သို့ အဆင့်မြင့်ကင်ဆာကုထုံးများ၏ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## သားအိမ်ခေါင်းကင်ဆာပျောက်ကင်းသူများ စအိုကင်ဆာ ထပ်မံဖြစ်ပွားနိုင်

**ဝါရှင်တန် စက်တင်ဘာ ၁၇**

သားအိမ်ခေါင်းကင်ဆာရောဂါ ပျောက်ကင်းသက်သာသွားသည့် အမျိုးသမီးများအနေဖြင့် စအိုကင်ဆာ ထပ်မံဖြစ်ပွားနိုင်ကြောင်း စက်တင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သားအိမ်ခေါင်းကင်ဆာ ပျောက်ကင်းသက်သာခဲ့သူအမျိုးသမီးများသည် ပုံမှန်ကျန်းမာရေးရှိသူ အမျိုးသမီးများနှင့်နှိုင်းယှဉ်ပါက စအိုကင်ဆာရောဂါဖြစ်နိုင်ခြေ နှစ်ဆပိုမြင့်မားကြောင်း သိရသည်။


ထို့ပြင် သားအိမ်ခေါင်းကင်ဆာ ပျောက်ကင်းသက်သာခဲ့သူ အမျိုးသမီးများ၏ စအိုကင်ဆာရောဂါ ဖြစ်နိုင်ခြေမှာ အသက်ကြီးလာသည်နှင့်အမျှ ပိုမြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သားအိမ်ခေါင်းကင်ဆာရောဂါနှင့် စအိုကင်ဆာရောဂါနှစ်ခုလုံးသည် Human Papillomavirus (HPV) ဗိုင်းရပ်နှင့် ဆက်စပ်နေသော ရောဂါများဖြစ်ကြသည်။

အမေရိကန်သုတေသနပညာရှင်များသည် သားအိမ်ခေါင်းကင်ဆာလူနာအမျိုးသမီး ၈၅၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာခဲ့ကြပြီးနောက် ရလဒ်များအရ သားအိမ်ခေါင်းကင်ဆာရောဂါ ပျောက်ကင်းသက်သာသွားသူ အမျိုးသမီးများကြား စအိုကင်ဆာရောဂါ ဖြစ်ပွားနှုန်းမှာ အသက်ကြီးလာသည်နှင့်အမျှ မြင့်တက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO






# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နစ္စတယ်ရှိုင်း၏ သွင်းဂိုးစံချိန်ကို အမ်ဘာက်ပီ ကျော်ဖြတ်

မက်ဒရစ် စက်တင်ဘာ ၁၇

ရီးရဲလ်မက်ဒရစ် အသင်း တိုက်စစ်ကစားသမား အမ်ဘာက်ပီ သည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မာဆေးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အမ်ဘာက်ပီက အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံ လိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမား စာရင်းတွင် နစ္စတယ်ရှိုင်း၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းက မာဆေးအသင်းကို နှစ်ဂိုး တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အမ်ဘာက်ပီက ပင်နယ်တီမှ တစ်ဆင့် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မန်ယူ အသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်း ကစားသမားဟောင်း တစ်ဦးဖြစ်သည့် နစ္စတယ်ရှိုင်း သည် ၅၆ ဂိုးသွင်းယူနိုင်ခဲ့ပြီး အမ်ဘာက်ပီက မာဆေးအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး သွင်းနိုင်ခဲ့ ပြီးနောက် ၅၇ ဂိုးထိ ရှိလာခဲ့သည့် အတွက် နစ္စတယ်ရှိုင်း၏စံချိန်ကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းနှင့် မာဆေးအသင်းတို့ ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ် အသင်းက အမ်ဘာက်ပီ၏ ပင်နယ်တီသွင်းဂိုး များဖြင့် အနိုင်ရရှိခဲ့သော်လည်း ကာဗာဂျယ် အနီကတ်ပြသခံခဲ့ရ သည့်အတွက် လာမည့် ပွဲစဉ်များ ကို လွဲချော်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA



## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက မာဆေးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမား အာနိုးသည် ပွဲကစားချိန် ငါးမိနစ်ကတည်းက ဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရပြီး လာမည့်ပွဲစဉ်များကို လွဲချော်နိုင်ကြောင်း သိရသည်။
- ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ရရှိလာမည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၅၅ သန်းကို ခြေစစ်ပွဲအဆင့်ကတည်းက နိုင်ငံကိုယ်စားပြု ကစားသမားစေလွှတ်ပေးရသည့် ကလပ်အသင်းများကို ခွဲဝေပေးမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- စပါးအသင်းနှင့် မန်ယူအသင်းတို့က အပြိုင်စိတ်ဝင်စားနေသည့် တိုက်စစ်မှူးမာတီတာကို ပဲလေ့စ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ သတ်မှတ်ထားကြောင်း သိရသည်။

ML

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် စပိန်ကလပ်အသင်းများကို ခြောက်ပွဲဆက်အနိုင်ရရှိခဲ့သည့် ပထမဆုံးကလပ်အသင်းအဖြစ် အာဆင်နယ်အသင်းမှတ်တမ်းဝင်

လန်ဒန် စက်တင်ဘာ ၁၇

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဖွင့် ပွဲစဉ်အဖြစ်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ဘီလ်ဘာအို အသင်းတို့ပွဲစဉ်တွင် အာဆင်နယ် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် စပိန်ကလပ် အသင်းများနှင့် တွေ့ဆုံရာတွင် ခြောက်ကြိမ်ဆက် အနိုင်ရရှိခဲ့ သည့် ပထမဆုံးကလပ်အသင်း အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။




အာဆင်နယ် အသင်းက ဘီလ်ဘာအိုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ် တွင် လူစားဝင်ကစားသမားများ ဖြစ်သည့် မာတင်နယ်လီက ပွဲကစားချိန် ၇၂ မိနစ်နှင့် ထရော ဆက်က ၈၇ မိနစ်တွင် သွင်းယူနိုင် ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် မာတင်နယ်လီသည် လူစားဝင် ကစားခဲ့ပြီးနောက် ၃၄ စက္ကန့်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ချန်ပီ ယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် လူစားဝင်ကစားခဲ့ပြီး အမြန်ဆုံး သွင်းဂိုးရှင်အဖြစ် မှတ်တမ်းဝင် ခဲ့သကဲ့သို့ အလားတူ မာတင်နယ် လီနှင့် ထရောဆက်တို့သည် သွင်းဂိုး များကို အပြန်အလှန် ပြုလုပ်ပေး နိုင်ခဲ့သည့်အတွက် အာဆင်နယ် အသင်း သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ပွဲ တည်း လူစားဝင်ကစားသမား နှစ်ဦး အပြန်အလှန် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု ပထမဆုံး ပြုလုပ်နိုင်ခဲ့ ခြင်းဖြစ်သည်။

ဥရောပဖလားပြိုင်ပွဲမှ စတင်ပြီး လက်ရှိ ချန်ပီယံလိဂ်ဖလားပြိုင်ပွဲ ဟု အမည်ပြောင်းလဲကျင်းပခဲ့သည့် အချိန်ထိ စပိန်ကလပ်အသင်းများ ကို ခြောက်ပွဲဆက်အနိုင်ရရှိခဲ့သည့် ကလပ်အသင်းမရှိခဲ့ဘဲ ယခုအခါ မှသာ အာဆင်နယ်အသင်းက ပထမဆုံး ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ဂီတာဖေးအသင်းနှင့်ပွဲစဉ်တွင် နူးကမ့်ကစားကွင်းကို အသုံးပြုနိုင်မည်မဟုတ်ကြောင်း ဘာစီလိုနာထုတ်ပြန်

ဘာစီလိုနာ စက်တင်ဘာ ၁၇

လာမည့် စနေနေ့တွင် ကစား ရမည့် ဂီတာဖေးအသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင် အသစ် ပြန်လည်တည်ဆောက်ထားသည့် နူးကမ့်ကစားကွင်းကို အသုံးပြု နိုင်မည်မဟုတ်ကြောင်း ဘာစီလိုနာ အသင်းက ထုတ်ပြန်ခဲ့သည်။

အသင်းအနေဖြင့် ၂၀၂၃ ခုနှစ် ကတည်းက နူးကမ့်ကစားကွင်း တွင် နောက်ဆုံးကစားခဲ့ပြီးနောက် အိမ်ကွင်းကို ယူရို သန်း ၁၅၀ ထိ အကုန်အကျခံ ပြန်လည် တည်ဆောက်၍ ယခုနှစ် ဘောလုံး ရာသီတွင် စတင်အသုံးပြုရန် စီစဉ် ခဲ့သည်။

ယခင် အသင်းတာဝန်ရှိသူများ က ကွင်းအသစ်ပြီးစီးမှု နှောင့်နှေး မည်ဖြစ်သောကြောင့် အဖွင့်ပွဲစဉ် သုံးပွဲကို အဝေးကွင်း ယှဉ်ပြိုင်ခွင့် ရရှိအောင်ကြိုးပမ်း၍ ဗလင်စီယာ အသင်းနှင့်ပွဲစဉ်တွင် စတင်ဖွင့်လှစ် ရန် ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် နူးကမ့်ကွင်းသည် စာရွက်စာတမ်းလိုအပ်ချက်ကြောင့် ကြန့်ကြာမှုဖြစ်နေပြီး ဗလင်စီယာ အသင်းနှင့်ပွဲစဉ်ကို လူငယ်အသင်း အသုံးပြုနေသည့် ပရိသတ် ဦးရေ ၆၀၀၀ ဆံ့ ဂျိုဟန်ခရိုက်ကစားကွင်း တွင်သာကစားခဲ့ရပြီး လာမည့် အမှတ်ပေးပွဲ အိမ်ကွင်းပွဲစဉ်ကို လည်း အဆိုပါကွင်းတွင်သာ လက်ခံကစားမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# တိုက်စစ်မှူး ယာမယ် လာမည့်ပွဲစဉ် သုံးပွဲထိ လွဲချော်မည်ဟု ဘာစီလိုနာအသင်း ထုတ်ပြန်

ဘာစီလိုနာ စက်တင်ဘာ ၁၇

ဘာစီလိုနာအသင်း တိုက်စစ်မှူး ယာမယ်သည် နိုင်ငံတကာပြိုင်ပွဲ ကာလအတွင်း ရရှိခဲ့သည့်ဒဏ်ရာ ကြောင့် ဗလင်စီယာအသင်းနှင့် အမှတ်ပေးပွဲစဉ်ကို လွဲချော်ခဲ့ပြီး နောက် ဒဏ်ရာသက်သာလာခြင်း မရှိသဖြင့် နောက်ထပ်သုံးပွဲထိ လွဲချော်မည်ဖြစ်သည်။

အသက် ၁၈ နှစ်ရှိ ကစားသမား သည် ကြွက်သားနာကျင်မှုအားနည်းနေသော်လည်း စပိန်အသင်းက ခြေစစ်ပွဲ နှစ်ပွဲစလုံး အသုံးပြုခဲ့သဖြင့် ဘာစီလိုအသင်းနှင့် ပူးပေါင်းချိန်တွင် နာကျင်မှုဝေဒနာကြောင့် ပွဲကစား



နိုင်ခြင်းမရှိကြောင်း သိရသည်။

ယာမယ်၏ ခြေသလုံး ကြွက်သားဒဏ်ရာမှာ ပြင်းထန်မှု မရှိသော်လည်း လာမည့် နယူး ကာဆယ်အသင်းနှင့် ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်အပါအဝင် ဂီတာဖေး အသင်းနှင့် အိုဗီဒိုအသင်းတို့ ပွဲစဉ် ကိုလည်း လွဲချော်မည်ဖြစ်ကာ ဆိုစီဒက်အသင်းနှင့် ပွဲစဉ်မှသာ ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သို့သော် ကလပ်အသင်းဆေး အဖွဲ့က လာမည့် အောက်တိုဘာ ၁ ရက်တွင်ကစားရမည့် ပီအက်စ်ဂျီ အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်မှသာ အပြည့်အဝ ပြန်လည်ကစားနိုင် မည်ဟု မှတ်ချက်ပေးခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# Billie Jean King တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို လက်ရှိချန်ပီယံအီတလီအသင်းက ပထမဆုံးတက်ရောက်နိုင်သည့် အသင်းဖြစ်ခဲ့




**ရှန်ဇန်း စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံ ရှန်ဇန်းမြို့တွင် ကျင်းပနေသည့် Billie Jean King တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အီတလီအသင်းနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက (၂-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် Billie Jean King တင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အီတလီအသင်းက ဆီမီးဖိုင်နယ်အဆင့်ကို ပထမဆုံး တက်ရောက်နိုင်ခဲ့သော အသင်းဖြစ်ခဲ့သည်။

အီတလီအသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် တရုတ်အသင်းကို တစ်ဦးချင်းပွဲစဉ်နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းကြောင့် နှစ်ယောက်ချင်းပွဲစဉ်ကို ဆက်လက်ကစားစရာ မလိုဘဲ အနိုင်ရခဲ့ခြင်းဖြစ်သည်။

တစ်ဦးချင်းပွဲစဉ်အဖြစ် ပထမပွဲငယ်တွင် အီတလီအသင်းမှ အဲလိစဘက်တာက တရုတ်အသင်းမှ ယွေ့ယွမ်အား (၄-၆၊ ၇-၅၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယွေ့ယွမ်သည် ပထမပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် နှစ်ပွဲဆက် tie-break အဆင့်တွင် ရှုံးနိမ့်ခဲ့သည်။

တစ်ဦးချင်းဒုတိယပွဲစဉ်အဖြစ် အီတလီအဆင့်(၁) တင်းနစ်မယ် ပါအိုလီနီက တရုတ်တင်းနစ်မယ် ကျန်းယူဝမ်နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပါအိုလီနီက (၄-၆၊ ၇-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ပါအိုလီနီတို့ ပွဲစဉ်တွင်လည်း အီတလီအသင်းဘက်မှ ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရပြီး ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြန်လည်အနိုင်ရရှိခဲ့ကာ (၂-၀) ရလဒ်ဖြင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဲလိစဘက်တာက "ပထမပွဲငယ်မှာ ရှုံးနိမ့်ခဲ့ပေမဲ့လဲ နောက်ဆုံးထိ အနိုင်ရလဒ်ရအောင် အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့ပါတယ်။ နောက်ဆုံးအချိန်အထိ တိုက်ပွဲဝင်နိုင်အောင် ကူညီအားပေးခဲ့ကြတဲ့နည်းပြအသင်းခေါင်းဆောင်နဲ့ အသင်းဖော်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အီတလီနိုင်ငံကိုယ်စားပြု အသင်းအတွက် ရှိသမျှခွန်အားတွေ စွမ်းအင်ထုတ်သုံးခဲ့ပြီး အခုလိုနောက်တစ်ဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ဘင်ဖီကာအသင်းက နည်းပြသစ်အဖြစ် နည်းပြမော်ရင်ဟိုကို ခန့်အပ်

**လစ္စဘွန်း စက်တင်ဘာ ၁၇**

ပေါ်တူဂီထိပ်သီး ဘင်ဖီကာအသင်းက နည်းပြ ဘရူနိုလေ့ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် မော်ရင်ဟိုကို ခန့်အပ်ရန်အတွက် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ဘင်ဖီကာ အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားခဲ့သည့် ကွာရာဘတ်အသင်းနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် အဆိုပါပွဲစဉ်အပြီးတွင် နည်းပြ ဘရူနိုလေ့ကို ရာထူးမှ ထုတ်ပယ်ရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဘရူနိုလေ့သည် ဘင်ဖီကာအသင်းကို ယခုနှစ် ဘောလုံးရာသီတွင် ပြည်တွင်းလိဂ် ၌ လေးပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိအောင် စွမ်းဆောင် နိုင်ခဲ့သော်လည်း ကွာရာဘတ်အသင်းကို အံ့အားသင့်ဖွယ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နည်းပြ မော်ရင်ဟိုသည်လည်း ဂါလာတာစာရေးအသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသူဖြစ်ပြီး ဘင်ဖီကာအသင်းက ဘရူနိုလေ့ကို ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် နည်းပြ မော်ရင်ဟိုကို ခန့်အပ်ရန် ချက်ချင်းဆွေးနွေးမှုများလုပ်ဆောင်ခဲ့ပြီး သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုသည် ၎င်း၏ ပရော်ဖက်ရှင်နယ် နည်းပြဘဝကို ဘင်ဖီကာအသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး ယခုအခါအသင်းကို ဒုတိယအကြိမ် တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**



# WBC လိုက်ဟဲဗီးဝိတ်တန်းယာယီကမ္ဘာ့ချန်ပီယံနှင့် WBA (Regular) လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဘီနာဗီဒက်ဇ်ဖြင့် ထိုးသတ်မည့်သတင်းကို ခရေဖို့ဒ်ငြင်းဆို

**ဝါရှင်တန် စက်တင်ဘာ ၁၇**

WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအမေရိကန်လက်ဝှေ့သမား ခရေဖို့ဒ်သည် WBC လိုက်ဟဲဗီးဝိတ်တန်းယာယီကမ္ဘာ့ချန်ပီယံနှင့် WBA (Regular) လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမားဘီနာဗီဒက်ဇ်နှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် ခရေဖို့ဒ်က အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း ယနေ့တွင် တုံ့ပြန်ခဲ့သည်။

ခရေဖို့ဒ်သည် ဝယ်လ်သာဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံ ဖြစ်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဩဂုတ်လက လိုက်မစ်ဒယ်ဝိတ်တန်းသို့ ကူးပြောင်းကာ WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကာနယ်လိုနှင့် စက်တင်ဘာ ၁၃ ရက်တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်တွင် ထိုးသတ်ခဲ့ပြီးနောက် ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လိုက်ဟဲဗီးဝိတ်တန်း၏ ချန်ပီယံခါးပတ်များကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝိတ်တန်းတစ်ခုမှ တစ်ခုသို့ ကူးပြောင်းပြီး အချိန်တိုအတွင်း ကမ္ဘာ့ချန်ပီယံ ခါးပတ်များကို ဆွတ်ခူးနိုင်သည့် ခရေဖို့ဒ်သည် လိုက်ဟဲဗီးဝိတ်တန်း လောကသို့ ထပ်မံကူးကာ ကမ္ဘာ့ချန်ပီယံ ခါးပတ်များအား ရရှိရေးအတွက် ပြင်ဆင်နေကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ခရေဖို့ဒ်က "ကျွန်တော်နဲ့ ပတ်သက်ပြီး ထွက်ပေါ်နေတဲ့ သတင်းတွေဟာ မှန်ကန်မှုမရှိပါဘူး။ ကျွန်တော်အခုမှ စူပါမစ်ဒယ်ဝိတ်တန်းရဲ့ ကမ္ဘာ့ချန်ပီယံ ခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီခါးပတ်တွေကို စွန့်လွှတ်ပြီးတော့ နောက်ဝိတ်တန်းတစ်ခုကို ရွှေ့ပြောင်းဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ အခုတောင်ကျွန်တော် သိပ်အချိန်မရဘူး။ သတင်းစာရှင်းလင်းပွဲလုပ်ပြီးတာနဲ့ Gym သွားပြီးတော့ လေ့ကျင့်မှုတွေ ပြုလုပ်ရတော့မယ်။ လက်ရှိကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ဆက်လက်ကာကွယ် သွားနိုင်ဖို့အတွက် ကျွန်တော်တို့လုပ်ရမဲ့ အရာတွေကို ဆက်လက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# စပါးအသင်းနည်းပြဖရန့် နည်းပြဘဝ ချန်ပီယံလိဂ်ပြိုင်ပွဲပထမဆုံးပွဲတွင် နိုင်ပွဲရရှိ

**လန်ဒန် စက်တင်ဘာ ၁၇**

စပါးအသင်းက ဗီလာရီးရဲလ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သည့်ပွဲစဉ်တွင် နည်းပြဖရန့် အနေဖြင့် နည်းပြဘဝ ပထမဆုံး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

၎င်းသည် ၂၀၁၁ ခုနှစ်က နည်းပြဘဝသို့ စတင်ဝင်ရောက်ခဲ့ပြီး ဒိန်းမတ်လူငယ်အသင်းများကို တာဝန်ယူခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်တွင် ဒိန်းမတ်ကလပ် ဘရွန်းဘိုင်အသင်း၊ ၂၀၁၈ ခုနှစ်တွင် ဘရဲန့်ဖို့ဒ်အသင်းတို့ကို တာဝန်ယူပြီးနောက် ယခုနွေရာသီတွင် စပါးအသင်းသို့ ရောက်ရှိခဲ့ကာ ချန်ပီယံလိဂ်ပြိုင်ပွဲ ပထမဆုံး ပွဲစဉ်တွင် နိုင်ပွဲရရှိအောင်



စွမ်းဆောင်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် စပါးအသင်းသည် အိမ်ကွင်းအားသာချက်ဖြင့် ကစားခဲ့ရသဖြင့် ပွဲကစားချိန် လေးမိနစ်ကတည်းက ဗီလာရီးရဲလ် ဂိုးသမားဂျူနီယာ၏ own ဂိုးကြောင့် ဦးဆောင်ဂိုး ရယူနိုင်ခဲ့ပြီးနောက် ပွဲချိန်ပြည့်ဖိအားပေးမှုများ ပြုလုပ်နိုင်ခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်မသေချာမှုကြောင့် ပထမပိုင်းတွင် တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး အပြန်အလှန်သွင်းဂိုးများ ရရှိရန်ကြိုးပမ်းခဲ့သော်လည်း ခံစစ်ကစားပုံ ကောင်းမွန်မှုကြောင့် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ စပါးအသင်းက ပထမပိုင်းသွင်းဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ချန်ပီယံလိဂ် အမှတ်ပေးဇယားအဆင့် (၅)တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၇)တွင် ရန်ကုန်ယူနိုက်တက်အသင်းက YREO အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ် (၇)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်ယူနိုက်တက်အသင်းနှင့်YREOအသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် သုံးမိနစ်တွင် ယွန်းဝတီလှိုင်က လည်းကောင်း၊ ပွဲချိန် ၁၃ မိနစ်နှင့် မိနစ် ၄၀ တွင် ဇင်မိုးပြည့်တို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် YREOအသင်း၏ ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၈၂ မိနစ်တွင် အိသက်ဖြိုးက YREO အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၉၁ မိနစ်တွင် ဇင်မိုးပြည့်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး ထပ်မံ သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ် (၇)အဖြစ် စက်တင်ဘာ ၁၈ ရက် ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ရွှေဝတီအသင်းနှင့် Young Lionnesses အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရသည် လူ့စွမ်းအားအရင်းအမြစ်ကောင်းများရရှိရန်အတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနကလည်း နိုင်ငံတော်စဉ်ဆက်မပြတ်တိုးတက်စေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် "အမျိုးသားပညာရေးကဏ္ဍ" ကို တာဝန်ယူပုံဖော်ပေးလျက်ရှိသည်။ နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရန် KG+12 ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

**ပညာရည်ပြည့်ဝရန်လိုအပ်**

"ပညာ" ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ပင်ဖြစ်သည်။ "ပညာရဲရင့် ပွဲလယ်တင့်"၊ "ပညာရွှေအိုး လူမခိုး"ဆိုသည့် အဆုံးအမများသည် ပညာ၏တန်ဖိုးများပင်ဖြစ်ပြီး "ငယ်စဉ်အခါ ပညာရှာ" ဆိုသည့် စကားသည် နုပျိုငယ်ရွယ်စဉ်တွင် ပညာရှာဖွေရန် တိုက်တွန်းထားခြင်းပင်ဖြစ်သည်။ ပညာဆည်းပူးခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို ရှာဖွေနေခြင်းပင်ဖြစ်သည်။ ပညာပြည့်ဝမှသာလျှင် စိတ်ကူးအိပ်မက် ရည်မှန်းချက်ပန်းတိုင်ကို အမိအရဆုပ်ကိုင်နိုင်မည်ဖြစ်သည်။ ထို့ပြင် "စိတ်ဓာတ်၊ စည်းကမ်း၊ပညာ"ဆိုသည့် ဆောင်ပုဒ်အတိုင်းပညာရှာဖွေသည့်အချိန်တွင် အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့်အတူ စည်းကမ်းလိုက်နာရန်လည်း လိုအပ်သည်။

အထူးသဖြင့် လူငယ်များသည် မိမိတို့အနာဂတ်ကို ဖျက်ဆီးနိုင်သည့် မူးယစ်ဆေးဝါးကို အထူးရှောင်ကြဉ်သွားရန်လိုအပ်သည်။ "အာရောဂျံ ပရမံ လာဘံ" ဆိုသည့်အတိုင်း ကျန်းမာရေးသည် လူတိုင်းအတွက် လွန်စွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် ကျန်းမာသန်စွမ်းပြီး ပညာကိုစဉ်ဆက်မပြတ်သင်ယူနိုင်ရန် "ဗလငါးတန်"နှင့် ပြည့်စုံသည့် လူငယ်များဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားရန် လိုအပ်သည်။ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် "လူငယ်များ၏အင်အား" နှင့် တည်ဆောက်သွားမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**စာအုပ်စာပေဖတ်ရှုရန်လို**

လူငယ်များအနေဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အရာအားလုံးကို ဉာဏ်ပညာနှင့် ဆန်းစစ်သုံးသပ်ဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းသင်ခန်းစာများ၊ ဘဝအတွေ့အကြုံများမှ သင်ယူနိုင်သည့်အပြင် စာအုပ်စာပေဖတ်ရှုခြင်းဖြင့်လည်း လေ့လာသင်ယူသွားရန်လိုအပ်သည်။ ထို့ကြောင့် ကျောင်းများတွင် စာကြည့်တိုက်များ သက်ဝင်လှုပ်ရှားရန် ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ လူငယ်များအနေဖြင့်လည်း အကျိုးရှိသည့် စာအုပ်စာပေများကို ဖတ်ရှုသွားရန်လိုအပ်သည်။ အထူးသဖြင့် ကျောင်းစာကြည့်တိုက်များတွင် အသက်အရွယ်နှင့် ပညာအဆင့်အလိုက် လေ့လာသင့်ပြီး အကျိုးရှိသည့် စာအုပ်စာစောင်များရှိအောင် ဖြည့်ဆည်းပေးထားရန်လိုအပ်သည်။

**အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုလေးစားတန်ဖိုးထား**

မျက်မှောက်ကမ္ဘာကြီးသည် ဆန်းသစ်သောနည်းပညာများကြောင့် အချိန်နှင့်အမျှပြောင်းလဲတိုးတက်လျက်ရှိသည်။ ထိုသို့ပြောင်းလဲတိုးတက်မှုများနှင့်အတူ လိုက်ပါနိုင်စွမ်းရှိအောင် တစိုက်မတ်မတ်ကြိုးစားရန်းကန်နေကြရန်လိုအပ်သည်။ ထိုသို့ပြောင်းလဲမှုနှင့်အတူကြိုးစားရာတွင် သတင်းမီဒီယာခေတ်နှင့်အညီ မျက်ခြည်မပြတ်လိုက်ပါနေရန်လိုအပ်သကဲ့သို့ ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းနောက်တွင် မိမိတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်အစဉ်အလာကောင်းများ တိမ်မြုပ်မသွားအောင်လည်း ဆင်ခြင်ထိန်းသိမ်းသွားရန် လိုအပ်သည်။

ကျောင်းသားလူငယ်များသည် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့်မိမိတို့နိုင်ငံ၏ကောင်းမြတ်သည့်ယဉ်ကျေးမှုနှင့်

> ❖ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာသည် အခြေခံအုတ်မြစ်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ တွေးခေါ်မြော်မြင်မှု၊ ကျွမ်းကျင်မှုတို့နှင့် ပြည့်စုံသည့် နိုင်ငံသားတို့၏အားဖြင့်သာ နိုင်ငံကိုပုံဖော်တည်ဆောက်သွားကြရမည်ဖြစ်ရာ ပညာရေးအားကောင်းမောင်းသန်ဖြစ်နေရန် လိုအပ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပညာရေးကိုအားပေးခြင်းသည် နိုင်ငံသားအားလုံးကျရာကဏ္ဍမှ ထမ်းဆောင်ကြရမည့်တာဝန်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံ၏အနာဂတ်စွမ်းအားဖြစ်သည့် လူငယ်များ စွမ်းရည်မြင့်မားနေမှသာလျှင် အနာဂတ်လူ့ဘောင်ကိုပုံဖော်တည်ဆောက်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။** ❖

ဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းကြောင်းများကို လေးစားတန်ဖိုးထားတတ်ရန်လိုအပ်သည်။ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် နိုင်ငံတော်အလံအလေးပြုခြင်း၏အဓိပ္ပာယ်နှင့် နိုင်ငံတော်သီချင်း၏ အနှစ်သာရကိုကောင်းစွာသိရှိပြီး စနစ်တကျသီဆိုတတ်အောင် လေ့ကျင့်သင်ကြားပေးခြင်း အပါအဝင် လူငယ်များ၏စိတ်ကိုပါ ပြုပြင်ပေးသွားရန်လည်း လိုအပ်သည်။

**ရင်းနှီးမြှုပ်နှံလျက်ရှိ**

လူငယ်များသည် လူ့ဘောင်အဖွဲ့အစည်း၏ အားကိုးအားထားပြုကြရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်တည်ဆောက်ကြမည့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံ၏အနာဂတ်ခေါင်းဆောင်များလည်းဖြစ်သည်။ လူငယ်မောင်မယ်များသည် အနာဂတ်ကိုစောင့်ဆိုင်းနေကြသူများမဟုတ်ဘဲ ပစ္စုပ္ပန်တွင် မောင်းနှင်နေကြသူများဖြစ်သလို အနာဂတ်ကိုပုံဖော်ထုဆစ်နေကြသည့် ဗိသုကာပညာရှင်များလည်းဖြစ်သည်။ စင်စစ်အားဖြင့် လူငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ပြီး နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသည် အတွေးအခေါ်၊ အတွေ့အကြုံ၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စတို့တွင် ထူးချွန်ထက်မြက်နေရန်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် လူငယ်များ၏ ကြိုးစားအားထုတ်မှုအခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးကဏ္ဍများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်ရှိနေစေရန် ဖော်ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် အမှန်တရားကိုမြတ်နိုးသောလူငယ်များ တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးစိတ် ကိန်းအောင်းလာစေရန်၊ အထူးသဖြင့်မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်အတွက် စနစ်တကျပြုစုပျိုးထောင်ပေးသွားရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကြယ်ပွင့်များ၏ ဖြူစင်သောနှလုံးသားတွင် မိမိကိုယ်ကိုတန်ဖိုးထားတတ်စေရန်၊ မိမိအသိုက်အဝန်းနှင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့်ကာကွယ်စောင့်ရှောက်သွားလိုသော စိတ်ဓာတ်ကိန်းအောင်းလာစေရန်လူငယ်ကဏ္ဍမြင့်တင်ရေးဆိုင်ရာသင်တန်းများကို အထူးအလေးထားဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**စနစ်တကျလေ့ကျင့်ပျိုးထောင်**

အမှန်တော့ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်ဆည်းပူးလေ့လာနေရမည်ဖြစ်သလို ဘဝတွင် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တွင် မှန်ကန်သည့်အသိဉာဏ်ပညာများနှင့် ဖြေရှင်းတတ်နိုင်ရန် ပညာဝမ်းစာပြည့်ဝအောင် လေ့လာဆည်းပူးဖြည့်ဆည်းထားရန်လိုအပ်သည်။ သို့မှသာ ပညာပြည့်ဝနှလုံးလှသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြင့် နိုင်ငံ့အကျိုးကိုသယ်ပိုးစွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်သည် လူငယ်များဖြစ်ပြီး လူငယ်ထုအင်အားများခြင်းနှင့်အတူ လုပ်သားအင်အားများပြားသည့် အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားရှိသည်။ လုပ်သားအင်အားများပြားခြင်းသည် နိုင်ငံတည်ဆောက်ရေးအတွက် အခြေအနေကောင်းတစ်ရပ်ကို ပိုင်ဆိုင်ထားခြင်းလည်းဖြစ်သည်။ ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏လူသားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံ၏အနာဂတ်ခေါင်းဆောင်များလည်းပါဝင်လျက်ရှိသည်။ ထို့ကြောင့် လူငယ်များကို စနစ်တကျမှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပြီး အဖိုးတန်လူသားအရင်းအမြစ်များအဖြစ် မြှင့်တင်နိုင်မှသာလျှင် အနာဂတ်နိုင်ငံတော်ကို မြင့်မြင့်မားမား တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့**

စင်စစ်အားဖြင့် ပညာရေးသည် လူတစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါခြင်းမဟုတ်ဘဲ လူ့ပတ်ဝန်းကျင်တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍကပါဝင်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာအရည်အချင်းပြည့်ဝသည့်လူငယ်များ၏စွမ်းအားများ များစွာလိုအပ်သည်။ နိုင်ငံသားတိုင်း အသိဉာဏ်ပညာပြည့်စုံမှသာလျှင် နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် စစ်မှန်သောအင်အားတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်သည်။

ဆိုရလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာသည်အခြေခံအုတ်မြစ်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ တွေးခေါ်မြော်မြင်မှု၊ ကျွမ်းကျင်မှုတို့နှင့် ပြည့်စုံသည့် နိုင်ငံသားတို့၏အားဖြင့်သာ နိုင်ငံကိုပုံဖော်တည်ဆောက်သွားကြရမည်ဖြစ်ရာ ပညာရေးအားကောင်းမောင်းသန်ဖြစ်နေရန်လိုအပ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပညာရေးကိုအားပေးခြင်းသည် နိုင်ငံသားအားလုံးကျရာကဏ္ဍမှ ထမ်းဆောင်ကြရမည့် တာဝန်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံ၏အနာဂတ်စွမ်းအားဖြစ်သည့် လူငယ်များစွမ်းရည်မြင့်မားနေမှသာလျှင် အနာဂတ်လူ့ဘောင်ကို ပုံဖော်တည်ဆောက်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

အမှန်တော့လူငယ်များသည် အနာဂတ်လူ့ဘောင်ကိုပိုင်စိုးကြသူများ၊ အနာဂတ်လူ့ဘောင်ကိုဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏အရင်းအမြစ်များ၊ တစ်နည်းအားဖြင့် တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည်။ လူငယ်များကို မှန်ကန်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့်သာ အနာဂတ်နိုင်ငံတော်ကိုမြင့်မားအောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် လူငယ်အင်အားစုများ အနက်မှ စိတ်ဓာတ်နှင့်အတွေးအခေါ်မြင့်မားမှန်ကန်သူများ၊ စွမ်းရည်ပြည့်စုံထက်မြက်သူများ၊ ရိုးသားဖြောင့်မတ်သူများဖြင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားနိုင်မည်ဖြစ်သောကြောင့် အနာဂတ်လူငယ်များ၏ပညာရေးကို အားပေးသွားကြပါစို့ဟုတိုက်တွန်းအကြံပြုသွားလိုပါသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။

# ၁၉၉၄ ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလစတုတ္ထပတ်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




ရန်ကုန် စက်တင်ဘာ ၁၇

Royal Poe ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ၁၉၉၄ ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလ စတုတ္ထပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ၁၉၉၄ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာ အာကာစိုးဦးက ပြောပြ၍ သိရသည်။

အဆိုပါ ၁၉၉၄ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အာကာစိုးဦးက ရေးသားထားပြီး ရွှေရည်ရွှန်းလဲ့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ အာကာစိုးဦးက Royal Poe ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ 1994 ရုပ်ရှင်ဇာတ်ကားကို ကျွန်တော် ရိုက်နေကြ သရဲကားပုံစံမဟုတ်ဘဲ က အချစ်အမုန်းတွေ၊ သီချင်းတွေနဲ့ လူငယ်ဆန်ဆန်ခံစားရမဲ့ အရသာပေးဖို့အတွက် ရည်ရွယ် ဖန်တီးထားတာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားထဲမှာ မတူတဲ့ နယ်ပယ်က ထင်ရှားတဲ့လူငယ် အနုပညာရှင်တွေကို ဒီဇာတ်ကားမှာ ထင်မှတ်မထားတဲ့ပုံစံတွေနဲ့ တွေ့ရမှာကလဲ ဒီဇာတ်ကားရဲ့ ထူးခြားချက်ဖြစ်နေမှာပါ" ဟု ဒါရိုက်တာ အာကာစိုးဦးက ပြောပြသည်။

၁၉၉၄ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် တိုင်ရွှန်း၊ ထူးအံ့လွင်၊ Double J၊ မင်းသန့်၊ မင်းဟိဏ်း၊ လီလီကျော်ခိုင်၊ မီးမီး၊ သဲစုညိမ်း စသည်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် The Secret Agent ကို ဘရာဇီးတင်သွင်းထား

နယူးယောက် စက်တင်ဘာ ၁၇

၉၈ကြိမ်မြောက်အော်စကာဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် The Secret Agent အမည်ရှိ ဇာတ်ကားကို ဘရာဇီးနိုင်ငံက ရွေးချယ် တင်သွင်းထားကြောင်း စက်တင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

The Secret Agent ဇာတ်ကားကို ဘရာဇီးဒါရိုက်တာ ကလီဘာ မန်ဒွန်ကာဖီဟိုက ရိုက်ကူးပေးထားကြောင်း သိရသည်။

The Secret Agent ဇာတ်ကားသည် ၁၉၇၇ ခုနှစ် ဘရာဇီးနိုင်ငံကို ဇာတ်အိမ်တည်ထားပြီး အသက် ၄၀ အရွယ် နည်းပညာ ကျွမ်းကျင်သူတစ်ဦး ရီဆီဖီအမည်ရှိမြို့တော်၌ ကြုံတွေ့ရမည့်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားကို ပြင်သစ်နိုင်ငံ၌ ကျင်းပခဲ့သည့် ကန်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ရုံတင်ပြသခဲ့ရာအကောင်းဆုံး ဒါရိုက်တာဆုနှင့် အမျိုးသားသရုပ်ဆောင်ဆုများရရှိခဲ့ကြောင်း သိရသည်။

၉၈ ကြိမ်မြောက် အော်စကာဆုပေးပွဲကို ၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့တော်၌ ကျင်းပမည်ဖြစ်သည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် လေးဖြူ၊ ဇော်ပိုင်၊ အိမ့်ချစ်တို့၏ Rock Hits Show 2025 တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာသီရိဟိုတယ်တွင် ပြုလုပ်သွားမည်ဖြစ်

ရန်ကုန် စက်တင်ဘာ ၁၇

တေးသံရှင် လေးဖြူ၊ ဇော်ပိုင်၊ အိမ့်ချစ်တို့၏ Rock Hits Show 2025 တေးဂီတဖျော်ဖြေပွဲကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် စက်တင်ဘာ ၂၁ ရက်နေ့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ Rock Hits Show 2025 တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင်အိမ့်ချစ်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် လေးဖြူ၊ ဇော်ပိုင်၊ အိမ့်ချစ်တို့၏ Rock Hits Show 2025 တေးဂီတဖျော်ဖြေပွဲကို လာမည့် စက်တင်ဘာ ၂၁ ရက်တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Rock Star Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"ကိုယ်ရေးကိုယ်တာ ကိစ္စတွေ ရှိနေပေမဲ့ ဖျော်ဖြေတင်ဆက်မှုတွေကိုတော့ မပျက်ကွက်စေရပါဘူး။ မေမေရှိစဉ်က လက်ခံထားတဲ့ ပွဲတွေကိုဘယ်လို ကိုယ်ရေးကိုယ်တာတွေရှိပါစေ စောင့်စားအားပေးနေတဲ့ ပရိသတ်တွေအတွက် မပျက်ကွက်စေခဲ့ဘူး။ နေပြည်တော်ပွဲကိုလည်း ဆက်လက်လာရောက် အားပေးကြပါ။ အကောင်းဆုံး ဖျော်ဖြေပေးသွားမှာပါ" ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။

တေးသံရှင် လေးဖြူ၊ ဇော်ပိုင်၊ အိမ့်ချစ်တို့၏ Rock Hits Show 2025 တေးဂီတဖျော်ဖြေပွဲကို နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်တွင် စက်တင်ဘာ ၂၁ ရက် ညနေ ၅ နာရီတွင် စတင်မည်ဖြစ်သည်။

ASH

# The Astronaut ဇာတ်ကားကို Vertical ကုမ္ပဏီက အမေရိကဈေးကွက်၌ ရုံတင်မည်

နယူးယောက် စက်တင်ဘာ ၁၇

The Astronaut အမည်ရှိ သိပ္ပံထိတ်လန့်သည်းဖို ဇာတ်ကားကို Vertical ရုပ်ရှင်ကုမ္ပဏီက အမေရိကဈေးကွက်၌ ရုံတင်ပြသမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၆ ရက်သတင်းများအရ သိရသည်။

The Astronaut ဇာတ်ကားကို ဒါရိုက်တာ ဂျက်ဖာလေကတာဝန်ယူရိုက်ကူးပေးခဲ့ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားသည်။

The Astronaut ဇာတ်ကားသည် အာကာသမစ်ရှင်သက်တမ်းပြီးဆုံးပြီးနောက် ကမ္ဘာမြေပေါ်သို့ ပြန်လည် ရောက်ရှိလာခဲ့ပြီး ကြုံတွေ့ရသည့် ထိတ်လန့်ဖွယ်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားတွင် မင်းသမီး ကိတ်မာရာနှင့် မင်းသား လောရန်စ်ဖစ်ဘန်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

The Astronaut ဇာတ်ကားတွင် မင်းသား လောရန်စ်ဖစ်ဘန်းသည် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူထားပြီး Vertical ရုပ်ရှင်ကုမ္ပဏီသည် ထိုဇာတ်ကားကို ယခုနှစ် ဆောင်းရာသီအတွင်း အမေရိကဈေးကွက်၌ ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# စိတ်ကကြိုး ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN အခပေးရုပ်သံလိုင်းမှ စက်တင်ဘာ ၂၁ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်

ရန်ကုန် စက်တင်ဘာ ၁၇

စိတ်ကကြိုး ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN အခပေးရုပ်သံလိုင်းမှ စက်တင်ဘာ ၂၁ ရက်တွင် ည ၇ နာရီ ၃၀ မိနစ်တွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်ထံမှ သိရသည်။

အဆိုပါ စိတ်ကကြိုး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားပြီး ဇာတ်ညွှန်းကို လွင်မင်းအုံ့က ရေးသားပေးထားကာ ဒါရိုက်တာ ညြိုရဲက FREN-ZO Film Production အတွက် တာဝန်ယူကာ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ကျွန်တော့်ကို တစ်ခါမှ မမြင်ဘူးသေးတဲ့ သရုပ်ဆောင်သစ် တစ်ယောက်လို သရုပ်ဆောင်နေတာကို မြင်နေရသလိုဖြစ်အောင် သေသေချာချာလေး သရုပ်ဆောင်ထားပါတယ်။ အရင်တုန်းကဆိုရင် တစ်ချိန်လုံး ရိုက်ရတဲ့ Character သူဌေးသား၊ ကျောင်းသား ဒီလိုဇာတ်ကောင်တွေများတယ်။ အခုကားမှာတော့ ဒါမျိုးတွေမလုပ်ဘဲနဲ့ ကျွန်တော် မလုပ်ဖူးသေးတဲ့ ဇာတ်ကောင်စရိုက်၊ မရိုက်ဖူးတဲ့ ဇာတ်လမ်းအမျိုးအစား ဖန်တီးထားပါတယ်။ ရုံတင်စဉ်က မကြည့်လိုက်ရတဲ့ ပရိသတ်တွေအတွက် CANAL+ ZAT LENN က လွှင့်ပေးမှာပါ" ဟု သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

စိတ်ကကြိုး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ နေထွဋ်၊ ညီနန္ဒ၊ ထူးသာ၊ မျိုးသန္တာထွန်း၊ ခင်ဝင့်ဝါ၊ ထွန်းပုလဲရတနာ၊ မေပန်းချီ၊ စိုးမိုးကြည်၊ ပိုးဝတီသာ စသည့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

ASH

# Kyunhla Township grows more than 29,000 acres of rainfed paddy this year



A monsoon paddy plantation in Kyunhla Township.

**Kyunhla September 17**

According to the township Agriculture Department, local farmers have planted 29,572 acres of rainfed paddy in Kyunhla Township of Sagaing Region this year.

For the 2025–2026 monsoon cropping season, it has been planned to cultivate 34,097 acres of rainfed paddy in Kyunhla Township. Cultivation began in July this year, and as of today, 29,572 acres have already been planted.

"This year, for the monsoon cropping season, over 34,000 acres of rainfed paddy are planned for cultivation in Kyunhla Township. Up to now, more than 29,000 acres have already been cultivated. Efforts are being made to meet the planned target acreage. Necessary technologies and quality seeds are being provided to ensure timely cultivation of rainfed paddy by farmers," said Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department.

It is learned that for this year's monsoon cultivation, the Township Agriculture Department and local farmers are working together to ensure systematic cultivation without difficulties.

In Kyunhla Township, farmers growing rainfed paddy are being provided with agricultural techniques, knowledge on pest prevention, awareness to avoid crop loss and damage, and guidance to ensure timely storage of harvested paddy under shelter.

To ensure success and good yields in this year's rainfed paddy fields, township agricultural staff members are conducting field activities such as promoting the use of quality and pure seeds, pest and disease control, timely weeding and thinning, removal of mixed varieties, and systematic application of fertilizers.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Monywa District completes cultivation of sunflower as monsoon crops

**Monywa September 17**

According to records from the Monywa District Agriculture Department, over 8,000 acres of sunflower were cultivated during this year's winter cropping season in Monywa District, Sagaing Region.

For the 2025-2026 monsoon cropping season, it has been planned to cultivate 9,642 acres of sunflower in Monywa District. Cultivation began in May this year, and as of today, 8,025 acres have already been planted.

"This year, for the monsoon season, we planned to cultivate over 9,600 acres of sunflower in Monywa District. So far, more than 8,000 acres have been cultivated, and efforts are ongoing to meet the target. Sunflower is being promoted as an oil crop to help reduce the country's dependence on imported palm oil. Compared with beans and sesame, sunflower produces more oil per acre. Sunflower is cultivated only in the winter season," said Daw San San Myint, Head of the Monywa District Agriculture Department.

This year, by township, sunflower cultivation in Monywa District has reached 953 acres in Monywa Township, 5,719 acres in Budalin Township, 1,100 acres in Ayadaw Township, and 253 acres in ChaungU Township, totaling 8,025 acres.

For the 2025-2026 monsoon season, the planned acreage for sunflower in Monywa District is 945 acres in Monywa Township, 5,710 acres in Budalin Township, 2,737 acres in Ayadaw Township, and 250 acres in ChaungU Township, totaling 9,642 acres.

To expand sunflower cultivation, the respective township agriculture departments are accelerating training programs for both staff and farmers to strengthen capacity and improve productivity.

This year, arrangements are also being made to supply quality seeds to sunflower farmers, to provide urea fertilizer at affordable prices, and to distribute new sunflower varieties through a farmer-to-farmer seed exchange system.

206

# Sown acreage of pigeon pea expanded in ChaungU Township



A pigeon pea plantation in ChaungU Township.

**ChaungU September 17**

Local farmers grew pigeon pea on the sown acreage in ChaungU Township of Sagaing Region, exceeding the target cultivation, according to the township Agriculture Department.

For the 2025-2026 monsoon cropping season, it has been planned to cultivate 20,300 acres of pigeon pea in ChaungU Township. Cultivation began in May this year, and as of today, a total of 20,315 acres have already been planted, exceeding the target cultivation.

"This year, for the monsoon cropping season, we planned to cultivate 20,300 acres of pigeon pea in ChaungU Township. Up to now, 20,315 acres have been cultivated, which has already exceeded the target acreage. Efforts are also being made to achieve good yields. Farmers are cultivating pigeon pea both as a sole crop and as an intercrop," said U Tint Swe, Head of the ChaungU Township Agriculture Department.

It is learned that this year the township agriculture department is providing field-level awareness to pigeon pea farmers on selecting quality pure seeds, practicing proper cultivation methods, preventing pest infestations, and ensuring good yields.

The Township Agriculture Department is also sharing techniques with farmers to reduce costs by using a mixture of urea and gypsum instead of relying solely on compound fertilizers. This method not only helps lower cultivation expenses but also improves plant growth and keeps crops free from pests and diseases.

206

# Yinmabin District sets plan to grow more than 14,000 acres of lablab bean

**Yinmabin September 17**

Local authorities in Yinmabin District of Sagaing Region earmarked cultivation of 14,435 acres of lablab bean in coming cold season, according to the district Agriculture Department.

Local authorities plan to grow 1,197 acres of lablab bean in Yinmabin Township and 13,238 acres in Salingyi Township, totalling 14,435 acres.

"This year, for the coming winter cropping season, it is planned to cultivate over 10,000 acres of lablab bean in Yinmabin District. Efforts will be made to fully meet the target acreage. To ensure good yields and quality of the pulse crop, necessary measures such as providing quality pure seeds, inputs, and post-harvest technologies will be carried out in cooperation with farmers," said Daw Myat Moe Win, Head of the Yinmabin District Agriculture Department.

It is learned that in Yinmabin District, township agriculture departments are providing awareness programs to farmers cultivating lablab bean, focusing on expanding acreage, improving yields, adopting GAP practices, using quality pure seeds, and cultivating high-yielding varieties.

Crops grown under GAP practices are of higher quality than those produced through other methods. They can fetch better prices and, due to their quality, can be marketed not only domestically but also exported abroad. As a result, farmers applying GAP practices are expected to achieve greater economic benefits and improved livelihoods.

206

# Taze Township grows over 36,000 acres of rainfed paddy this year



Photo shows a thriving paddy field in Taze Township.

**Taze September 17**

According to YeU District Agriculture Department of Sagaing Region, local farmers have planted 36,819 acres of rainfed paddy in Taze Township this year.

Local authorities earmarked cultivation of 93,347 acres of rainfed paddy in the township in 2025-26 monsoon season cultivation period but farmers have so far planted 36,819 acres of crops against the target cultivation.

"This monsoon crop season, over 90,000 acres of rainfed paddy are planned for cultivation in Taze Township. So far, more than 36,000 acres have already been cultivated. Efforts are being made to meet the target acreage. For rainfed paddy cultivation, we will provide the necessary technologies and quality seeds. We are also conducting field visits to help farmers grow monsoon paddy on time," said U Zaw Myint Tun, Head of the Department of Agriculture in YeU District.

It is learned that during this year's monsoon crop season, the relevant Township Department of Agriculture, in cooperation with local farmers, is working to ensure systematic and smooth cultivation of rainfed paddy without difficulties.

In Taze Township, farmers cultivating rainfed paddy are being provided with agricultural techniques, awareness programs for pest prevention, and guidance to minimize crop damage and losses, as well as timely post-harvest storage of paddy under cover.

This year, to ensure success and good yields in the cultivated rainfed paddy fields in Tantsal Township, the Township Department of Agriculture and its staff are conducting field activities, including the use of quality and pure seeds, pest control, weeding and thinning, removal of mixed varieties, and systematic use of fertilizers.

206

# More than 2,000 acres of vegetables planted in ChaungU Township

**ChaungU September 17**

More than 2,000 acres of croplands have been placed under vegetables as monsoon crops in ChaungU Township of Sagaing Region, according to the township Agriculture Department.

For the 2025–2026 monsoon crop season, 4,838 acres of vegetables are planned for cultivation in ChaungU Township. Planting began in May this year, and as of now, 2,261 acres have already been cultivated.

"This monsoon crop season, more than 4,000 acres of vegetables are planned for cultivation in ChaungU Township. So far, over 2,000 acres have been planted, and we are working to ensure the full target acreage is met. The crops include mustard, chilli, onion, potato, cabbage, coriander, ladyfinger, eggplant, and cauliflower. All vegetables are being cultivated using GAP (Good Agricultural Practices), and farmers are being trained to grow them with minimal chemical residues to ensure consumer health and safety," said U Tint Swe, Head of the ChaungU Township Department of Agriculture.

This year, the Township Department of Agriculture is providing training courses on GAP methods for vegetable growers in ChaungU, offering technical support to ensure harvested vegetables are safe and healthy for consumption with least chemical residue, and assisting farmers in expanding their vegetable cultivation.

Vegetable plantations are thriving in ChaungU Township this year, generating incomes for families of farmers. Officials of the township Department raise farmers awareness of systematic using agricultural techniques, pesticides, fertilizers and organic pesticides. 206

# Plan underway to grow more than 3,000 acres of maize and sweet corns in Htigyaing Township

**Htigyaing September 17**

Statistics of Htigyaing Township Agriculture Department of Sagaing Region stated that local farmers will grow 3,270 acres of maize and sweet corns in coming cold season.

For the 2025–2026 winter crop season, it is planned to cultivate a total of 3,270 acres of maize in Htigyaing Township — 1,170 acres of maize and 2,100 acres of sweet corn. The cultivation period will run from October to December this year, according to reports.

"This winter crop season, more than 3,000 acres of maize and sweet corn are planned for cultivation in Htigyaing Township. To ensure the success of these crops, we will provide awareness campaigns and measures to prevent pest and disease outbreaks," said U Ko Ko Aung, Head of the Township Department of Agriculture.

This year, the Township Department of Agriculture will provide training courses, conduct field demonstrations, promote preventive measures against fall armyworm, encourage the use of integrated pest management systems including pesticides, and offer technical awareness programs for farmers cultivating seed maize and sweet corn in Htigyaing Township.

Local farmers need to spend K500,000 per acre of growing maize but it produces more than 50 baskets per acre. Likewise, farmers need to cost more than K500,000 for cultivation of sweet corns which can yield 15,000 cobs per acre. 206

# U.S. launches consortium to reduce stillbirth risk

**Los Angeles September 17**

The U.S. National Institutes of Health (NIH) has launched a major initiative aimed at reducing the rate of preventable stillbirths in the country, the agency announced Tuesday.

The NIH will provide over 37 million U.S. dollars in funding over five years to establish the Stillbirth Research Consortium.

The consortium, which will include four research centers and one data coordinating center, aims to bring together leading scientists to develop tools, devices and technologies that could improve the diagnosis, understanding and prevention of stillbirth.

Each year, about 23,600 stillbirths at 20 weeks or greater gestation are reported in the United States, with more than 60 percent of these cases remaining unexplained, according to the NIH.

"This consortium will provide an integrated, collaborative program to support cutting edge research to identify the root causes of stillbirth and inform evidence-based strategies to address stillbirth risks," said Alison Cernich, acting director of NIH's Eunice Kennedy Shriver National Institute of Child Health and Human Development. Xinhua

# Global initiatives proposed by China totally compatible with UN Charter: UN chief



UN Secretary-General Antonio Guterres speaks to the press at the UN headquarters in New York, Sept. 16, 2025.

**ChaungU September 17**

Local farmers grew pigeon pea on the sown acreage in ChaungU Township of Sagaing Region, exceeding the target cultivation, according to the township Agriculture Department.

For the 2025-2026 monsoon cropping season, it has been planned to cultivate 20,300 acres of pigeon pea in ChaungU Township. Cultivation began in May this year, and as of today, a total of 20,315 acres have already been planted, exceeding the target cultivation.

"This year, for the monsoon cropping season, we planned to cultivate 20,300 acres of pigeon pea in ChaungU Township. Up to now, 20,315 acres have been cultivated, which has already exceeded the target acreage. Efforts are also being made to achieve good yields. Farmers are cultivating pigeon pea both as a sole crop and as an intercrop," said U Tint Swe, Head of the ChaungU Township Agriculture Department.

It is learned that this year the township agriculture department is providing field-level awareness to pigeon pea farmers on selecting quality pure seeds, practicing proper cultivation methods, preventing pest infestations, and ensuring good yields. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နိုင်ငံ လျှပ်စစ်သံလိုက်လှိုင်း Railgun လက်နက်က ပင်လယ်ပြင်စမ်းသပ်မှုတွင် ပစ်မှတ်ကိုပထမဆုံးအကြိမ်ထိမှန်ခဲ့



ဂျပန်နိုင်ငံ၏ လျှပ်စစ်သံလိုက်လှိုင်း လက်နက်သည် ပင်လယ်ပြင်စမ်းသပ်မှုတွင် ပစ်မှတ်ကို ပထမဆုံးအကြိမ်အဖြစ် ထိမှန်ခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့ပါသည်။

၎င်းသည်မှာ မျိုးဆက်သစ်လျှပ်စစ်သံလိုက်လှိုင်းလက်နက် Railgun ကို တပ်ဆင်အသုံးပြုရန် ပိုမိုနီးစပ်လာစေသည့် တိုးတက်ဖွံ့ဖြိုးမှုတစ်ခုလည်းဖြစ်သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ ဝယ်ယူရေး၊ နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ(ATLA)က JS Asuka သင်္ဘောပေါ်တွင် စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း အတည်ပြုခဲ့သော်လည်း စမ်းသပ်မှုပြုလုပ်ခဲ့သော နေရာအတိအကျကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ ၂၀၂၃ ခုနှစ်တွင်လည်း ဂျပန်နိုင်ငံသည် ပင်လယ်ပြင်အခြေစိုက် လျှပ်စစ်သံလိုက်လှိုင်းလက်နက် Railgun ကို စမ်းသပ်ပစ်ခတ်ခဲ့သေးသည်။ သို့သော် ထိုအချိန်က တကယ့်သင်္ဘောအစစ်ကို ပစ်ခတ်နိုင်ခဲ့ခြင်းမဟုတ်ဘဲ ပင်လယ်ပြင်ထဲကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ ATLA အနေဖြင့် ၂၀၁၆ ခုနှစ်ကတည်းက Railgun လက်နက်နည်းပညာကို လေ့လာခဲ့ပြီး ၂၀၂၂ ခုနှစ်ထိ သုတေသနတိုးတက်ဖွံ့ဖြိုးမှုများ စဉ်ဆက်မပြတ်ပြုလုပ်နိုင်ခဲ့ကြသည်။ Railgun လက်နက်များသည် သမားရိုးကျရေတပ်သုံးအမြောက်များထက် ပိုမိုမြင့်မားသော ထိုးဖောက်အားနှင့် ပိုမိုဝေးကွာသော အကွာအဝေးအထိ ရောက်ရှိအောင်ပစ်ခတ်နိုင်ရန်အတွက် လျှပ်စစ်စွမ်းအင်ကို အသုံးပြုပြီး ကျည်ဆန်များကို အလွန်မြင့်မားသည့်အလျင်နှုန်းနှင့် ပစ်လွှတ်နိုင်စွမ်းရှိသည်။

ဂျပန်နိုင်ငံ၏ Railgun လက်နက် ရှေ့ပြေးပုံစံသည် မီလီမီတာ ၄၀ အရွယ် ကျည်ဆန်နှင့်ဆိုလျှင် Mach 6.5 နှုန်းထိ ပစ်ခတ်နိုင်ကြောင်း သိရသည်။ သေနတ်ပြောင်းတိုက်စားမှုကို လျှော့ချနိုင်မည့် နည်းပညာအသစ်များနှင့် ခေတ်မီစက်ပစ္စည်းကိရိယာများကို အသုံးပြုထားသည့်အတွက် အရှိန်မကျဘဲအဆက်မပြတ် အချက် ၁၂၀ ထိ ပစ်ခတ်နိုင်သည်။ လက်ရှိတွင် ကျည်ဆန်ပျံသန်းမှုတည်ငြိမ်ရေး၊ သီးခြားပစ်ခတ်မှုထိန်းကျောင်းရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆက်မပြတ်ပစ်ခတ်နိုင်မှု စွမ်းရည်များကို အဆင့်မြှင့်တင်ရန် သုတေသနများ ဆက်လက်လုပ်ဆောင်လျက်ရှိကြသည်။

ဂျပန်နိုင်ငံသည် Railgun လက်နက်ကို အဓိကရည်ရွယ်ချက်နှစ်ခုနှင့် တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်နေသည်။ ၎င်းရည်ရွယ်ချက်နှစ်ခုမှာ ဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်ရန်နှင့် မြင့်မားစွာထိုးဖောက်တိုက်ခိုက်နိုင်စွမ်းရှိသော သင်္ဘောဖျက်စွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်စေရန်ဖြစ်သည်။ သင်္ဘောပေါ်တွင် တပ်ဆင်ထားသော Railgun လက်နက်များသည် အစုလိုက်အပြုံလိုက် ပစ်မှတ်များ သို့မဟုတ် ဇရိယာပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်နိုင်ရန်အတွက် ပြောင်းချောကျည်ဆန်များကိုပါ ထည့်သွင်းပစ်ခတ်နိုင်သည်။ ထို့ပြင် ဘေးထွက်ဆိုးကျိုး အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ပြီး တိကျသည့်ပစ်ခတ်မှုများအတွက် မြန်နှုန်းမြင့် ကျည်ဆန်များကိုလည်း အသုံးပြုနိုင်သည်။

"ခေတ်မီသင်္ဘောဖျက်ဒုံးကျည်များဟာ ပင်လယ်ရေမျက်နှာပြင်အနီးမှာ မြန်နှုန်းမြင့်စွာပျံသန်းတာကြောင့် သမားရိုးကျ လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်တွေနဲ့ ကြားဖြတ်ဖျက်ဆီးဖို့ ခက်ခဲပါတယ်။ Railgun လက်နက်သုံးကျည်ဆန်တွေက သမားရိုးကျကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်တွေထက် လွန်စွာဈေးသက်သာပြီး သမားရိုးကျကြားဖြတ်ဒုံးကျည်တွေက တစ်ချက်ပစ်လွှတ်တိုက်ခိုက်ရန်အတွက် ယန်းငွေဘီလီယံနှင့်ချီကုန်ကျနိုင်ပါတယ်"ဟု Hudson Institute မှ ကာကွယ်ရေး ဆိုင်ရာကျွမ်းကျင်သူ Masashi Murano က ပြောကြားခဲ့ကြောင်း သိရသည်။

**Japan's Electromagnetic Railgun Proves Sea-Strike Power in Break-through Test** ကို ဘာသာပြန်ဆိုထားပါသည်။

## ပြင်သစ်နှင့်ဗြိတိန်က ဒရုန်းအခြေပြု အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်တစ်မျိုး တီထွင်အသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်ခဲ့

ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီနှင့် ဗြိတိန်ကုမ္ပဏီဖြစ်သည့် Autonomous Devices တို့သည် ရေတပ်နှင့် ကြည်းတပ်များအတွက် ဒရုန်းအခြေပြု အီလက်ထရွန်နစ်စစ်ဆင်ရေး ဖြေရှင်းချက်တစ်ခုကို တီထွင်အသုံးပြုရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းပူးပေါင်းလုပ်ဆောင်မှုမှ EW-UAS1 ဟုခေါ်သောစနစ်တစ်ခုကို ဖန်တီးပေးမည်ဖြစ်သည်။ ၎င်းစနစ်သည် Thales ၏ အီလက်ထရွန်နစ်စစ်ဆင်ရေး payload ကို Autonomous Devices ထုတ်လုပ်ထားသည့်လေထဲတွင် လှုပ်ရှားစစ်ကစားနိုင်မှု မြင့်မားစွာနှင့် အချိန်ကြာမြင့်စွာပျံသန်းနိုင်သောဒရုန်းနှင့် ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

၎င်းစနစ်ကို သုံးစွဲသူအဆင်ပြေစေရန် အချောအဖြစ် ထောက်ပံ့ပေးမည်ဖြစ်ပြီး ရန်သူ့ခြိမ်းခြောက်မှုများကို ထောက်လှမ်းခြင်း၊ ဖော်ထုတ်ခြင်း၊ နေရာအတိအကျရှာဖွေခြင်းတို့အတွက် အီလက်ထရွန်နစ်စစ်ဆင်ရေးအကူအညီများ ပေးအပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ထိုးစစ်ဆင်တိုက်ခိုက်နိုင်မည့် အီလက်ထရွန်နစ်တိုက်ခိုက်ရေးစွမ်းရည်များလည်း ပါဝင်လာသည်။ တီထွင်ဖန်တီးသူများ၏အဆိုအရ ၎င်းဖြေရှင်းချက်ကို လက်ရှိတွင် စတင်စမ်းသပ်နေပြီး တစ်နှစ်ပတ်လုံး ဆက်လက်စမ်းသပ်သွားမည်ဟု သိရသည်။

"Thales နဲ့ Autonomous Devices တို့ ပူးပေါင်းဖန်တီးထားတဲ့ ဒီဒရုန်းအခြေပြု အီလက်ထရွန်နစ်စစ်ဆင်ရေးဖြေရှင်းချက်ဟာ လက်ရှိလက်နက်ကိုင်တပ်ဖွဲ့တွေအတွက် နည်းပညာအရ အကြီးမားဆုံးပြောင်းလဲမှုတစ်ခုဖြစ်ပါတယ်။ ခေတ်မီခြိမ်းခြောက်မှုတွေကို ထိထိရောက်ရောက် တန်ပြန်နိုင်တဲ့ စွမ်းရည်အသစ်တွေပေးနိုင်သလို သူတို့ရဲ့မဟာဗျူဟာမြောက်ပိုင်ဆိုင်မှုတွေကိုလဲ အဝေးကနေကာကွယ်ပေးနိုင်ပါတယ်"ဟု Thales ကုမ္ပဏီ၊ စောင့်ကြည့်ရေးနှင့် ထောက်လှမ်းရေးဌာန၏ ဒုတိယဥက္ကဋ္ဌ Marie Gayrel က ပြောကြားခဲ့သည်။

စစ်ဘက်ဆိုင်ရာစစ်ဆင်ရေးနယ်ပယ်အားလုံးတွင် ကာကွယ်ရေးနှင့် အီလက်ထရွန်နစ်တိုက်ခိုက်ရေး၊ စစ်ဆင်ရေးဆိုင်ရာ ဖြေရှင်းချက်များအတွက် လိုအပ်ချက်တိုးလာမှုကြောင့် ၎င်းစနစ်ကို စတင်ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဥပမာအားဖြင့် ၎င်းစနစ်ကို သင်္ဘောတစ်စင်း၏ ကိုယ်ပိုင်ကာကွယ်ရေးဖြေရှင်းချက်အဖြစ် အသုံးပြုနိုင်ပြီး ဝင်ရောက်လာသော သင်္ဘောဖျက်ဒုံးကျည်များကို အီလက်ထရွန်နစ်တန်ပြန်စနစ်များသုံး၍ ထောက်လှမ်းခြင်းနှင့် ချေမှုန်းခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့်



အရှေ့စွမ်းအင်သုံး တိုက်ခိုက်ရေးလက်နက်များအသုံးပြုရမည့် လိုအပ်ချက်ကို လျှော့ချပေးနိုင်သည်။ ထို့ပြင် ၎င်းစနစ်သည် မြေပြင်၊ ရေပြင် အရေးကြီးနေရာများကို ကြိုတင်ကာကွယ်ပေးနိုင်ပြီး ရန်သူ့ရေဒါများနှင့် ပစ်မှတ်ထားတိုက်ခိုက်လာမှုများကို jamming ဖြင့် အားပျော့စေကာ စစ်နယ်ဝန်းအဆင့်အီလက်ထရွန်နစ်စစ်ဆင်ရေးဆိုင်ရာကာကွယ်ရေးစနစ်များကို ပိုမိုခိုင်မာအားကောင်းစေလိမ့်မည်ဖြစ်သည်။ ထို့ပြင် ခြိမ်းခြောက်မှုများ ဝင်ရောက်လာမှုအပေါ် ကြိုတင်သတိပေးချက်များ ထုတ်ပြန်ပေးနိုင်ရန်အတွက် ထောက်လှမ်းရေးဇရိယာကို ကျယ်ပြန့်စေမည့် passive detection and surveil-lance အတွက်လည်း အသုံးပြုနိုင်စေမည်ဖြစ်သည်။

စနစ်တွင်ပါဝင်သည့် ဒရုန်းသည် ရန်သူ၏ ရေဒါလှိုင်းများဖြစ်သည့် လက်နက်လမ်းညွှန်မှု၊ ပစ်မှတ်ရှာဖွေမှုနှင့် စောင့်ကြည့်ထောက်လှမ်းမှုတို့ကို လျင်မြန်စွာ ထောက်လှမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Thales Partners With British Firm on Drone-Mounted Electronic War-fare Solution** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၄၄၄၀ စိုက်ပျိုးမည်


ယခင်နှစ်က ပန်းမုန်လာစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၄၄၄၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၄၄၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ပန်းမုန်လာစတဲ့ သီးနှံတွေစိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားမယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်၊ ပိုးမွှားကျရောက်မှုကင်းစင်ရန်၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရန် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍သိရသည်။ (၂၀၆)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ၌ မြေနီ၊ကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



**ပြည် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆီဆုံကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီ၊ကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆီဆုံကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီ၊ကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ၌ အရှည် ၄၂၀၄ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေသားတင်ခြင်း၊ မြေနီ၊ကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၄၃ ဒသမ ၂၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများကတာဝန်ယူ၍ ဇူလိုင်၁၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဆီဆုံကုန်းကျေးရွာရှိ တောင်သူများ၏ လယ်ယာထွက်ကုန် သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်ထံမှ သိရသည်။

**ချိုလေး**

# ဟသ်ာတမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ



**ဟသ်ာတ စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် တီလားဗီးယားငါးများထွက်ရှိပြီး ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်၍ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် တီလားဗီးယားငါးများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဟသ်ာတမြို့နယ်ကနေ အခြားဒေသတွေကို ပိဿာချိန်များများတင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက် တီလားဗီးယားငါးတွေက ရောင်းပန်းလှပြီး အကင်ဆိုင်တွေ ပင်လယ်စာဆိုင်တွေရဲ့ အကြိုက်ပေါ့။ လက်ရှိတီလားဗီးယားငါးတွေ အရောင်းအဝယ် ကောင်းနေတာကြောင့် ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်'' ဟု ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် တီလားဗီးယားငါးတစ်ပိဿာလျှင် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၁၅၅၀၀မှ ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရွာမှတ်ကျေးရွာအုပ်စု ရွာမှတ်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၆ ရက်က အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ မတည်ရန်ပုံငွေအရင်းအတိုး ပေးဆပ်ရမည့် ကာလများနှင့် ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များ၊ သတ်မှတ်ရက်အတွင်း အတိုးငွေပေးသွင်းရန် နောက်ကျပါကပေးဆောင်ရမည့် ဒဏ်ကြေးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၇၀ ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၇**

"အာဆီယံကို ဉာဏ်ရည်တုနည်းပညာဖြင့်ချိတ်ဆက်၍ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုအနာဂတ်ကို မျှဝေခြင်း" ဆောင်ပုဒ်ဖြင့် တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ Grand Metropark Hotel ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အတိုင်ပင်ကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာစွမ်းသဝေ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ် Mr. Kao Kim Hourn၊ တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ(CCPIT)မှ ဒုတိယအကြီးအကဲ၊ ASEAN-China Centre မှ အထွေထွေအတွင်းရေးမှူး၊ တရုတ်အာဆီယံနိုင်ငံများမှ ကုန်သည်အသင်းဥက္ကဋ္ဌများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဖိုရမ်ကျင်းပရေးကော်မတီအတွင်းရေးမှူးက AI နည်းပညာသုံးမျက်မှန်အသုံးပြုပုံကို မိတ်ဆက်ပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဖိုရမ်အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုဖိုရမ်သည် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးကဏ္ဍတွင် ဦးဆောင်နေကြသည့် ကုန်သည်အသင်းအဖွဲ့များအကြား စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်သည့် အခွင့်အလမ်းများကိုရရှိနိုင်မည့် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ယခုအခါ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN-China Free Trade Area-ACFTA) ကို ACFTA (အက်ဖ်တာ) ဗားရှင်း ၃.၀ သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်ပေးရေးနှင့်အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ စသည့်နယ်ပယ်သစ်များတွင် နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံနှင့်အာဆီယံနိုင်ငံများအနေဖြင့် နယ်ပယ်သစ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို မျှဝေခံစားသွားနိုင်ကြမည်ဖြစ်ကြောင်း။

AI နည်းပညာကို နယ်ပယ်ကဏ္ဍအသီးသီးတွင်ကျယ်ပြန့်စွာအသုံးပြုလာသည်နှင့်အမျှ လွဲမှားစွာအသုံးချမှုနှင့် ဆိုက်ဘာလုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပြီး မှန်ကန်သည့်နယ်ပယ်များတွင် မျှတစွာအသုံးပြုသွားရန် လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့် တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များ ဖိုရမ်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အတိုင်ပင်ကွန်ဖရင့်ဥက္ကဋ္ဌ၊ CCPIT မှ ဒုတိယအကြီးအကဲ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် ASEAN- China Centre မှ အထွေထွေအတွင်းရေးမှူးတို့က မိန့်ခွန်းပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းက နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့် ရုံးအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် အိမ်သုံးဆိုလာမီးအိမ်များပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ရှိ သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများအသုံးပြုရန်အတွက် အိမ်သုံးဆိုလာမီးအိမ်များကို ယနေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရုံးများသို့လာရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ ခန့်တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံသို့ လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိအိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုးထံသို့လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအတွက် ငွေကျပ်သိန်း ၁၅၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၅၀ ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းထံသို့လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများအတွက် ငွေကျပ်သိန်း၁၀၀ တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MSME ရန်ပုံငွေထူထောင်ထားရှိမှု ချေးငွေလျှောက်ထားမှုများကို စိစစ်ထုတ်ချေးမှုအခြေအနေနှင့် ဆန်စက်၊ ဆီစက်ချေးငွေထုတ်ချေးမှုလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

MSMEရန်ပုံငွေထူထောင်ထားရှိမှု ချေးငွေလျှောက်ထားမှုများအား စိစစ်ထုတ်ချေးမှုအခြေအနေနှင့် ဆန်စက်၊ ဆီစက် ချေးငွေထုတ်ချေးမှုလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိစက်မှုဇုန်စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ MSMEရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ MSME ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ MSME လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင်ဒုတိယဝန်ကြီးက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က မတည်ထောက်ပံ့ငွေကျပ်ဘီလီယံ ၁၇၀ ကိုထူထောင်ထားရှိပြီး ယင်းမတည်ထောက်ပံ့ငွေအနက် ငွေကျပ်ဘီလီယံ ၂၀ ကို MSME ဖွံ့ဖြိုးတိုးတက်ရေးအကူအညီအထောက်အပံ့အဖြစ်လည်းကောင်း၊ ငွေကျပ်ဘီလီယံ ၁၅၀ ကို ချေးငွေထုတ်ချေးနိုင်ရေးအတွက်လည်းကောင်း သုံးစွဲရန်လျာထားကြောင်း၊ MSME လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခဲ့ပြီး MSME လုပ်ငန်းရှင်များက ချေးငွေကို နိုင်ငံပိုင်ဘဏ်များဖြစ်ကြသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့အပြင် ပုဂ္ဂလိကဘဏ် ၁၆ ဘဏ်တွင် ချေးငွေများလျှောက်ထားနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျော့ကျစေရန်နှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးကို အကောင်အထည်ဖော်ရန် ဆီစက်များတပ်ဆင်ထုတ်လုပ်နိုင်ရေးနှင့်လက်ရှိဆီစက်များ တိုးချဲ့အဆင့်မြှင့်တင်ရေးအတွက် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားပြီး ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်ဘီလီယံ၅၀ ကိုမတည်ပေးခဲ့ကြောင်း၊ လက်ရှိအချိန်ထိ ချေးငွေစံသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဆီစက်လုပ်ငန်းရှင်များကို ထုတ်ချေးပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်က MSME လုပ်ငန်းရှင်များအနေဖြင့် MSME ချေးငွေနှင့် ဆီစက်ချေးငွေထုတ်ချေးသည့် လုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး မိမိတို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေလျှောက်ထားမှု၊ အစစ်ဆေးခံမှုများကို ဘဏ်၏လုပ်ထုံးလုပ်နည်းများ၊ ချေးငွေညွှန်ကြားချက်များနှင့်အညီ အဆိုပြုချေးငွေလျှောက်ထားရန် ကိစ္စရပ်များကိုလည်းကောင်း၊ MSMEရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက MSME ရန်ပုံငွေထူထောင်ထားရှိမှု၊ ချေးငွေလျှောက်ထားရမည့်လုပ်ငန်းစဉ်နှင့် ချေးငွေထုတ်ချေးမှုလုပ်ငန်းစဉ်များကိုလည်းကောင်း၊ MSME ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက MSME ချေးငွေလျှောက်ထားမှုများအား စိစစ်ထုတ်ချေးမှုနှင့်ဆီစက်ချေးငွေထုတ်ချေးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး MSME ဆီစက်နှင့် ဆန်စက်လုပ်ငန်းရှင်များက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ရှင်းလင်းဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ယာယီနေရပ်စွန့်ခွာ ထိခိုက်လွယ်အုပ်စုများအတွက် အလုပ်အကိုင်ဖန်တီးနိုင်ရေး နည်းလမ်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၇**

တရားမဝင် ပြည်ပထွက်ခွာအလုပ်သမားများလျှော့ချနိုင်ရေး၊ အခြေခံအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့်လုပ်ငန်းခွင်သက်သာချောင်ချိရေး၊ တိုင်းရင်းသားဒေသများမှ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာထိခိုက်လွယ်အုပ်စုများအတွက် အလုပ်အကိုင်ဖန်တီးနိုင်ရေးနည်းလမ်းများနှင့် ပတ်သက်သည့်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပသည်။

အစည်းအဝေးတွင် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ကော်မတီ၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တရားမဝင် ပြည်ပသို့ထွက်ခွာပြီး အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများအား လျှော့ချနိုင်ရေးအတွက် နိုင်ငံတော်နှင့် အလုပ်ရှင်များဘက်မှ ဆောင်ရွက်ပေးရမည့်ကဏ္ဍများ၊ လုပ်ငန်းခွင်တွင် ကျွမ်းကျင်အလုပ်သမားများရှားပါးလာမှု၊ အခြေခံအလုပ်သမားများ၏ လူမှုဖူလုံရေး၊ လုပ်ငန်းခွင် သက်သာချောင်ချိရေးနှင့်ပတ်သက်ပြီး အစိုးရနှင့် လုပ်ငန်းရှင်များဘက်မှ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ တိုင်းရင်းသားဒေသများမှ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာလာသော ထိခိုက်လွယ်အုပ်စုများအတွက် သင့်လျော်သော အလုပ်အကိုင်များရရှိနိုင်ရေးအတွက် သင်တန်းများပေးခြင်းအပြင် အလုပ်အကိုင် ဖန်တီးနိုင်ရေးနည်းလမ်းများနှင့်ပတ်သက်၍ အစိုးရနှင့်သက်ဆိုင်ရာလုပ်ငန်းရှင်များဘက်မှ ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို ယနေ့ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်လုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ်သင်တန်း ကျောင်းသား၊ ကျောင်းသူများ ဒုတိယနှစ်ဝက်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁၇**

Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်(ဥပဒေ)၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ်ဂုဏ်ထူးတန်း၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာတန်းပထမနှစ်သင်တန်းများ၏ ဒုတိယစာသင်နှစ်ဝက်စာမေးပွဲတွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို ယနေ့နံနက်ပိုင်းက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ကျောင်းသား၊





ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေး၊ စာမေးပွဲလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၏ ၂၀၂၄-၂၀၂၅ ခုနှစ် ဒုတိယပညာသင် နှစ်ဝက်စာမေးပွဲများကို စက်တင်ဘာ ၁၅ ရက်မှ ၂၃ ရက်ထိ ဖြေဆိုကြမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Naypyitaw State Academy အတွင်း တည်ဆောက်နေသည့် ဘွဲ့နှင်းသဘင်ခန်းမ ဆောက်လုပ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

အာဆီယံနိုင်ငံများနှင့် ဖိတ်ကြားထားသည့် နိုင်ငံများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားကျင်းပမည့် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက ကြိုဆိုနှုတ်ဆက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားတွင် CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်း၊ တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (CCPIT)ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ယခုနှစ်တွင် မြန်မာနိုင်ငံသည် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ Country of Honour အဖြစ် အလှည့်ကျတက်ရောက်ခြင်းဖြစ်ပြီး မိမိအနေဖြင့် ယခုကဲ့သို့ ထူးခြားလေးနက်သည့်အခမ်းအနားတွင် ပါဝင်တက်ရောက်ပြီး မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ ပြပွဲများကျင်းပခြင်းအားဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို နက်ရှိုင်းစေပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်များ ပူးပေါင်းဆောင်ရွက်ရာတွင် အရေးပါသည့် စင်္ကြံတစ်ခုအဖြစ် ပံ့ပိုးပေးနိုင်သည့်အတွက် တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှု၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် အားကောင်းလာစေရန်နှင့်ဒေသတွင်းရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုတို့ကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကို အထူးအလေးထားပါကြောင်း၊ မြန်မာနိုင်ငံ၌ AI နည်းပညာကို စီးပွားရေးလုပ်ငန်းရှင်များက အချို့ကဏ္ဍများတွင်အသုံးပြုလာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆန်၊ ပဲ မျိုးစုံ၊ ပြောင်းနှမ်း၊ စားသောက်ကုန်များ၊ Safe Health AI အပါအဝင် နည်းပညာပြခန်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာများ စသည့်ပြခန်းပေါင်း ၁၂၀ နှင့် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ပြခန်းဆောင်တို့ကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လာအိုနိုင်ငံ ဒုတိယသမ္မတ Mr. Bounthong Chitmany၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Oknha Men Sam An၊ မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr Fadillah Yusof၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Mai Van Chinh၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် Mr.Kao Kim Hourn နှင့် Mr.Zhang Bingnan တို့က မိန့်ခွန်းပြောကြားကြပြီး AI ဖြင့် ပြုလုပ်ထားသည့် 22nd CAEXPO အထိမ်းအမှတ် Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် အာဆီယံနိုင်ငံများမှ အကြီးအကဲများနှင့်အတူ ၂၂ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ကို Digital Key ဖြင့် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတတို့သည် ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ (City of Charm)အဖြစ် မြစ်ကြီးနားမြို့ကို ရွေးချယ်သတ်မှတ်၍ ဖွင့်လှစ်ပြသထားရှိသည့် မြန်မာအမျိုးသားပြခန်းဆောင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာအမျိုးသားပြခန်းဆောင်နှင့် ၂၂ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပါဝင်ပြသသည့် မြန်မာနိုင်ငံ ကိုယ်စားပြုကုန်စည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၃၈/၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(၁) ဦးဝင်းမြင့်
(၂) ဒေါ်စိုးခက်ခက်
(၃) ဒေါ်သင်းသင်းချို

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၃၉/၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ)အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးညိုထွန်းအား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

# ထိုင်းဘုရင့်လေတပ်မှ Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန်အတွက် လာရောက်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားအတွင်း လှည့်လည်ဖူးမြော်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ထိုင်းဘုရင့်လေတပ်မှ ATR-72 လေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က Jasmine Hotel ၌ လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံလေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲအပြီးတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ထိုင်းဘုရင့်လေတပ်ကဦးစီး၍ ဆောက်လုပ်တည်ထားလျက်ရှိသော Phra Mahathat Naphamethinidon Napha-bhumisiri စေတီတွင် ဌာပနာထည့်သွင်းကိုးကွယ်ရန်အတွက် ဘုရား၊ ရဟန္တာဓာတ်တော်များနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတူဆင်းတုတော်တို့အား ကာကွယ်ရေးဦးစီးချုပ်(လေ)က ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က ဗုဒ္ဓဆင်းတုတော်မြတ်တစ်ဆူအား ဓမ္မဒါနလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။



ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်(လေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီးက ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့သို့ထွက်ခွာခဲ့ပြီး ဗိုလ်တထောင်ဘုရားအား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ





**နေပြည်တော် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်မှ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများဖြစ်သည့် ဒက္ခိဏ သီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး နေပြည်တော်ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ ရှင်းလင်းဆောင်၌ ဘုရားကြီး ဂေါပကအဖွဲ့ဝင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့မှုများကို ရှင်းလင်းပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့မှ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်ခဲ့မှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၊ ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံစေတီများနှင့် အခြားသာသနိက အဆောက်အအုံများ၊ ပုံစံငယ်များနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းတင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ကြည့်ရှုစစ်ဆေး





**နေပြည်တော် စက်တင်ဘာ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး)၌ ကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် အေးသာယာမြို့ စွယ်တော်ကျောင်းတိုက်အတွင်းရှိ Rc နှစ်ထပ် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင် ရေစက်ချလှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ တာဝန်ရှိသူများနှင့်အတူ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ-ရပ်စောက်ပြည်ထောင်စုလမ်းမကြီးမှ ကုံလုံစံကျောင်းသွားလမ်း တစ်မိုင် တစ်ဖာလုံ ကတ္တရာထပ်ပိုးလွှာ ခင်းနေမှုကိုလည်းကောင်း၊ ပင်းတယမြို့နယ် တံတားကြီးကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ကုန်းစောင်းကျေးရွာ၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင် ထိန်းသိမ်းဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပင်းတယမြို့နယ်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ကျောင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်များ ရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့်ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) ပါ တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကို ပုံနှိပ်ဆောင်ရွက်ခဲ့သည့် ဦးအေးသောင်း(အောင်ပညာမြင့်ပုံနှိပ်တိုက်-၀၁၅၀၈)၏ ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်နှင့် ထုတ်ဝေခဲ့သည့် ဦးအောင်စိုး(တစ်ထိပ်တန်းစာပေ-၀၀၁၉၈) တို့၏ ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်တို့ကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃ ရက်မှစတင်၍ ရုပ်သိမ်းလိုက်သည်။ ယင်းပုံနှိပ်ခြင်းလုပ်ငန်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းတို့သည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ မည်သည့်ထုတ်ဝေစာကိုမျှ ပုံနှိပ်ဆောင်ရွက်ခြင်းနှင့် ထုတ်ဝေဖြန့်ချိဆောင်ရွက်ခြင်းမပြုရန် ကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# လေ့လာမှတ်သား SCO အပေါ်ထားတဲ့ အိန္ဒိယနိုင်ငံရဲ့ရည်မှန်းချက်နဲ့ သဘောထားများ

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation-SCO) ဆိုတာ အဓိပ္ပာယ်များစွာရှိတဲ့၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများစွာရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါတယ်။ ရှန်ဟိုင်းစိတ်ဓာတ်အပေါ်အခြေခံထားတဲ့ SCO အဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေးကို ဩဂုတ်လ ၃၁ ရက်နဲ့ စက်တင်ဘာလ ၁ ရက်တုန်းက တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါပြီ။ အဲဒီအစည်းအဝေးကို အိမ်ရှင်ဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီတို့လိုမျိုး ဂုဏ်သိက္ခာမြင့်မားတဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံများမှ ခေါင်းဆောင်များအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များကိုယ်တိုင် တက်ရောက်ခြင်းဖြင့် အစည်းအဝေးက မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ အောင်မြင်ခဲ့ပါတယ်။ ဒါသည်လည်း SCO အဖွဲ့ရဲ့ စည်းလုံးညီညွတ်မှုအားကို ဖော်ပြနေတာဖြစ်တယ်လို့ဆိုရမှာပါ။

ဒီနေရာမှာ SCO အဖွဲ့တည်ထောင်မှုအတွက်အခြေခံအုတ်မြစ်ဖြစ်တဲ့ ရှန်ဟိုင်းစိတ်ဓာတ်ဆိုတာလေးကို အနည်းငယ်ပြောချင်ပါတယ်။ "ရှန်ဟိုင်းစိတ်ဓာတ်" ဆိုတာ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန်အကျိုးပြုမှု၊ တန်းတူညီမျှမှု၊ ညှိနှိုင်းတိုင်ပင်မှု၊ မတူကွဲပြားတဲ့ယဉ်ကျေးမှုအပေါ်လေးစားမှုနဲ့ ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ဆောင်ရွက်မှုတို့ဖြစ်ပါတယ်။ တကယ်တော့ ရှန်ဟိုင်းစိတ်ဓာတ်ဆိုတာ ဘယ်လိုအဖွဲ့အစည်းမဆိုအတွက်သာမက တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားမှာ ရှိသင့်ရှိထိုက်တဲ့ အခြေခံစိတ်ဓာတ်လည်းဖြစ်ပါတယ်။

"ရှန်ဟိုင်းစိတ်ဓာတ်" ဆိုတဲ့အထဲမှာမှ အပြန်အလှန်ယုံကြည်မှုဆိုတာကို ရှေ့တန်းတင်ထားတာကိုကြည့်ခြင်းအားဖြင့်လည်း တစ်ဦးနဲ့တစ်ဦးကြား၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုကြား ရေရှည်လက်တွဲပူးပေါင်းဆောင်ရွက်ကာ အောင်မြင်မှုအသီးအပွင့်များကို အတူတကွရယူဆွတ်ခူးပိုင်ဆိုင်နိုင်စေဖို့အတွက် အခြေခံအကျဆုံးဖြစ်တယ်ဆိုတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်၊ လက်ရှိSCO အဖွဲ့ဝင်နိုင်ငံများကြားမှာသာမက အဖွဲ့ဝင်နိုင်ငံများနဲ့ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူနိုင်ငံများကြားမှာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတွေကို အောင်မြင်စွာဆောင်ရွက်နိုင်နေတာဟာ အပြန်အလှန်ယုံကြည်မှုကြောင့်ပါပဲ။

အပြန်အလှန်ယုံကြည်မှုရှိတဲ့အတွက် SCO အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ၂၄ နှစ်ကျော်ကာလအတွင်းမှာ ယူရေးရှားဒေသတစ်လျှောက်မှာရှိတဲ့ နိုင်ငံများကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုတွေမှာ အောင်မြင်မှုများစွာရရှိခဲ့ပါတယ်။ ဒီနေရာမှာ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေသူက SCO အဖွဲ့ကိုယ်တိုင်ပါပဲ။ ဒီလိုမျိုး အဓိကအခန်းကဏ္ဍကနေ ပါဝင်နေတဲ့ SCO အဖွဲ့အပေါ်ထားတဲ့သဘောထားက တစ်နိုင်ငံနဲ့တစ်နိုင်ငံမတူပါဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့လေ့လာမှတ်သားမိတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ရည်မှန်းချက်နဲ့ သဘောထားကို တင်ပြသွားလိုပါတယ်။ အဲဒီနိုင်ငံကတော့ အိန္ဒိယနိုင်ငံပါပဲ။

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီက SCO ထိပ်သီးအစည်းအဝေးမှာမိန့်ခွန်းပြောတဲ့အခါ SCO အဖွဲ့အပေါ် အိန္ဒိယနိုင်ငံရဲ့ရည်မှန်းချက်များနဲ့ မူဝါဒများက လုံခြုံရေး (S-Security)၊ ဆက်သွယ်ရေး (C-Connectivity)၊ အခွင့်အလမ်း (O-Opportunity) ဆိုတဲ့ အဓိကမဏ္ဍိုင် ၃ ရပ်အပေါ်အခြေခံထားတယ်လို့ဆိုပါတယ်၊ ဒါက တော်တော်လေးအဓိပ္ပာယ်ပြည့်ဝတယ်လို့မြင်မိပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုရှိစေဖို့အတွက် လုံခြုံရေးကအခရာကျပါတယ်။ လုံခြုံရေးကောင်းမွန်တဲ့အခါ တစ်ဦးနဲ့တစ်ဦးကြားအပြန်အလှန်ဆက်သွယ်မှုများကို ကောင်းစွာလုပ်ဆောင်နိုင်မှာဖြစ်ပြီး အဲဒီကနေမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာမှာပါ။

လက်ရှိနိုင်ငံတကာကရင်ဆိုင်နေရတဲ့ အဓိကစိန်ခေါ်မှုများထဲမှာ လုံခြုံရေးနဲ့စပ်လျဉ်းတဲ့ အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနဲ့ အစွန်းရောက်ဝါဒတို့က ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ ကြီးမားတဲ့အဟန့်အတားတစ်ခုဖြစ်နေပါတယ်၊ အထူးသဖြင့် အကြမ်းဖက်ဝါဒဆိုတာ လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ခြိမ်းခြောက်နေတာပါ။ အကြမ်းဖက်ဝါဒကိုစွဲကိုင်ထားတဲ့ အကြမ်းဖက်သမားဆိုသူများရဲ့ဦးတည်ချက်က တစ်ခုတည်းရှိပါတယ်၊ အဲဒါကတော့ အလုံးစုံပျက်သုဉ်းရေးပါ။ အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ထားတဲ့ အကြမ်းဖက်သမားတွေကိုချေမှုန်းဖို့ဆိုရင် တစ်ဦးတစ်ယောက်ချင်းမှသည် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်းကြား စည်းလုံးညီညွတ်မှုရှိဖို့ အရေးကြီးပါတယ်။ ဒါကြောင့်လည်း အိန္ဒိယနိုင်ငံက အကြမ်းဖက်ဝါဒကိုတိုက်ဖျက်ရာမှာ စည်းလုံးညီညွတ်မှုရဲ့ အရေးပါပုံကို အစဉ်တစိုက်အလေးပေးပြောကြားခဲ့တာဖြစ်တယ်လို့ အိန္ဒိယဝန်ကြီးချုပ်ရဲ့မိန့်ခွန်းမှာ ဖော်ပြထားတာတွေ့ရပါတယ်။

အိန္ဒိယဝန်ကြီးချုပ်အနေနဲ့ အခုလိုမျိုးပြောရခြင်းက အကြောင်းရင်းရှိပါတယ်။ အိန္ဒိယနိုင်ငံကပြီးခဲ့တဲ့နှစ်ပေါင်း ၄၀ အတွင်း အကြမ်းဖက်ဝါဒရဲ့ရက်စက်ကြမ်းကြုတ်မှုကို ခံစားခဲ့ရတဲ့ နိုင်ငံပါ။ အဲဒီကာလအတွင်းမှာ အားကိုးစရာလင်ယောကျ်ားမဲ့သွားတဲ့၊ ချစ်ကြည်နူးစရာသားသမီးများကိုဆုံးရှုံးလိုက်ရတဲ့ အမျိုးသမီးများ၊ ရွှေတောင်ကြီးပြိုလဲသလိုမျိုး မိဘနှစ်ပါးစလုံးကိုဆုံးရှုံးလိုက်ရတဲ့ကလေးငယ်များစွာရှိခဲ့ပါတယ်။ မကြာသေးမီကဆိုရင်ပဲ အိန္ဒိယနိုင်ငံ ပါဟယ်ဂမ်ဒေသမှာ အကြမ်းဖက်တိုက်ခိုက်မှုကြီးတစ်ခုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ပြီဆိုတာနဲ့ ဒါဟာ တစ်မျိုးသားလုံးအတွက် စိန်ခေါ်မှုကြီးအဖြစ်မှတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် အကြမ်းဖက်ဝါဒနဲ့ပတ်သက်လာရင် ခွဲခြားပြီးကျင့်သုံးတဲ့စံနှုန်းထားရှိခြင်းက လက်ခံနိုင်စရာမရှိကြောင်း၊ ဒီလိုစံနှုန်းထားရှိခြင်းကို ပြတ်သားစွာနဲ့ ညီညွတ်မှုရှိစွာဆန့်ကျင်ရပ်တည်ရန်လိုကြောင်း၊ ဘယ်လိုအကြမ်းဖက်မှုမျိုးကိုမဆို တိုက်ဖျက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမယ့်တာဝန်က အားလုံးအတူတကွထမ်းဆောင်ရမယ့်တာဝန်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်ကအလေးပေးပြောခဲ့တာတွေ့ရပါတယ်။

နောက်ထပ်မဏ္ဍိုင်တစ်ခုကတော့ ဆက်သွယ်မှုဆိုတဲ့မဏ္ဍိုင်ဖြစ်ပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားဆက်သွယ်မှုက အပြန်အလှန်ယုံကြည်မှုအပေါ် အခြေခံထားပါတယ်၊ လူတစ်ဦးနဲ့ တစ်ဦးကြား၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုကြား ကောင်းမွန်ခိုင်မာမှုရှိတဲ့ ဆက်သွယ်မှုက အပြန်အလှန်ကုန်သွယ်မှုကို ချောမွေ့စေရုံသာမက ယုံကြည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း တံခါးဖွင့်ပေးရာရောက်ပါတယ်။ ဒါပေမဲ့ ဘယ်လိုမျိုးဆက်သွယ်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှုတိုင်းမှာမဆို အချုပ်အခြာအာဏာနဲ့နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို မဖြစ်မနေလေးစားရမှာဖြစ်တယ်လို့ အိန္ဒိယနိုင်ငံကယုံကြည်ထားပါတယ်။ ဒါကြောင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီက **"နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျော်လွန်ရှောင်လွှဲပြီးလုပ်ဆောင်သည့်ဆက်သွယ်မှုမျိုးသည် ယုံကြည်မှုနှင့်အဓိပ္ပာယ်ရှိမှုတို့ကို ထိခိုက်ပျောက်ဆုံးစေမည်ဖြစ်သည်"** ဆိုပြီး အလေးပေးပြောခဲ့တာပါ။

**"နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျော်လွန်ရှောင်လွှဲပြီး လုပ်ဆောင်သည့်ဆက်သွယ်မှုမျိုးသည် ယုံကြည်မှုနှင့်အဓိပ္ပာယ်ရှိမှုတို့ကို ထိခိုက်ပျောက်ဆုံးစေမည်ဖြစ်သည်"**

တတိယမဏ္ဍိုင်ဖြစ်တဲ့ အခွင့်အလမ်းဆိုတာက ပူးပေါင်းဆောင်ရွက်မှုနဲ့ ပြုပြင်ပြောင်းလဲမှုအတွက် အခွင့်အလမ်းကိုဆိုလိုတာဖြစ်တယ်လို့ အိန္ဒိယဝန်ကြီးချုပ်က ပြောပါတယ်။ လုံခြုံရေးဆိုတာရှိလာရင် ဆက်သွယ်မှုကိုလုပ်လာနိုင်ပါမယ်။ ဆက်သွယ်မှုလုပ်ဆောင်နိုင်မှုနဲ့အတူ ပူးပေါင်းဆောင်ရွက်နိုင်လာမယ်။ တစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများကိုရယူပြီး ကိုယ့်နိုင်ငံရဲ့အခြေအနေများနဲ့ကိုက်ညီမယ့် နည်းလမ်းကိုကျင့်သုံးခြင်းအားဖြင့် သမားရိုးကျနည်းလမ်းကနေခွဲထွက်ပြီး ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်ပဲ ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံက နယ်ပယ်စုံ၊ ကဏ္ဍစုံနဲ့ပတ်သက်ပြီး SCO အဖွဲ့ဝင်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နိုင်ခဲ့ပါတယ်။ လူငယ်များ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များကြား ပူးပေါင်းဆောင်ရွက်မှုအတွက်လိုအပ်တဲ့ တံတားတစ်စင်းကိုထိုးပေးနိုင်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ လက်ရှိစွဲကိုင်ထားတဲ့ဆောင်ပုဒ်က "ပြုပြင်၊ ဆောင်ရွက်၊ ပြောင်းလဲ" ဆိုတဲ့ဆောင်ပုဒ်ဖြစ်ပါတယ်။ အဲဒီဆောင်ပုဒ်အတိုင်းပဲ ရှေ့ဆက်လျှောက်လှမ်းသွားနေတယ်လို့ အိန္ဒိယဝန်ကြီးချုပ်ကဆိုပါတယ်။ ဆိုလိုတာက ကိုဗစ်ကပ်ရောဂါနဲ့တွေ့တွေ့၊ ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှုနဲ့တွေ့တွေ့ အခက်အခဲအတားအဆီးတိုင်းကို အခွင့်အလမ်းများအဖြစ်ပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမှာပါ။ ဒါကြောင့် အိန္ဒိယနိုင်ငံက ကျယ်ပြန့်လှတဲ့နယ်ပယ်ပေါင်းစုံမှာ ပြုပြင်ပြောင်းလဲမှုများစွာကို ဖော်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ခြင်းကြောင့်ပဲ နိုင်ငံအတွင်းမှာသာမက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာပါ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများစွာကို လမ်းဖွင့်ပေးနိုင်တာဖြစ်တယ်လို့လည်း အိန္ဒိယဝန်ကြီးချုပ်ကပြောထားပါတယ်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီရဲ့ SCO ထိပ်သီးအစည်းအဝေးမှာ ပြောဆိုခဲ့တဲ့ မိန့်ခွန်းကိုပြန်ခြုံကြည့်ရင် အားလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ အဓိကစိန်ခေါ်မှုဖြစ်နေတဲ့ လုံခြုံရေးရဲ့အရေးပါမှု၊ ဆက်သွယ်မှုရဲ့တန်ဖိုးနဲ့ အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်တဲ့ အကျိုးများကို အဓိကထားပြီးပြောသွားတာတွေ့ရပါတယ်။ မှတ်သားရတဲ့စကားတချို့ကတော့ "ဘယ်လိုအကြမ်းဖက်မှုမျိုးကိုမဆို တိုက်ဖျက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမယ့် တာဝန်က အားလုံးအတူတကွထမ်းဆောင်ရမယ့်တာဝန်ဖြစ်တယ်"၊ "နိုင်ငံတစ်နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကျော်လွန်ရှောင်လွှဲပြီးလုပ်ဆောင်တဲ့ ဆက်သွယ်မှုမျိုးက ယုံကြည်မှုနဲ့အဓိပ္ပာယ်ရှိမှုတို့ကို ထိခိုက်ပျောက်ဆုံးစေမယ်"၊ "ပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ခြင်းကြောင့်ပဲ နိုင်ငံအတွင်းမှာသာမက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာပါ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများစွာကို လမ်းဖွင့်ပေးနိုင်တာဖြစ်တယ်" ဆိုတဲ့စကားများဖြစ်ကြောင်း လေ့လာမှတ်သားဖွယ်ရာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: NDTV




ထက်မြတ်

# မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အကြို အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးမြို့ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အကြို အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၆ ရက်မှ ၁၆ ရက်ထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီထိ ၁၁ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ပြီး အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းတွင် ကျင်းပသည်။



အခမ်းအနားသို့ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါကပအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဝတ်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်းဆရာတော်ထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ဆက်လက်၍ အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပပြီး အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်း ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများလောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ထူးခြားသည့် နေ့အပူချိန်များ

၁၇- ၉-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တပ်ကုန်း | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ပထမတောင်ကျောင်းကြီးကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ပထမတောင်ကျောင်းကြီးကျောင်းတိုက်ရှိသံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၀၄ ပါး၊ ဒေသခံတိုင်းရင်းသားပြည်သူ ၂၂ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊မျက်စိရောဂါ၊ကလေးရောဂါ၊နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

သံဃာတော်များအား
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်
နယ်လှည့်ဆေးကုသရေးအဖွဲ့က
ကျန်းမာရေးစောင့်ရှောက်မှု
လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို
တိုင်းစစ်ဌာနချုပ်မှ
တာဝန်ရှိသူများက
ကြည့်ရှုအားပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်အား သင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

---

❑ ကျောဖုံးမှအဆက်

အခြားသစ် ၉၉ ဒသမ ၀၄၈ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၇၄၄၄၅၃၁၆ ကျပ်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်တွင် တောင်တွင်းကြီးမြို့နယ် ကံပေးကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၂၄၂ တန် ခန့်မှန်းတန်ဖိုးငွေ ၁၇၀၀၄၄ ကျပ်ကို သစ်တောဥပဒေအရ လည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်နှင့် ၁၄ ရက်တို့တွင် အောင်လံမြို့နယ်၊ မင်းဘူးမြို့နယ်၊ ကံမမြို့နယ်၊ ချောက်မြို့နယ်နှင့် ငဖဲမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ကိုးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ်နှင့် စလင်းမြို့နယ်တို့အတွင်း၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် မော်တော်ဆိုင်ကယ် သုံးစီးနှင့် ငွေစက္ကူရောရာ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၇၅၀၀ ကို လောင်းကစားဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၇၅၄၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်ထိ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်အစီး ၃၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၀မျိုး၊စားသောက်ကုန်ပစ္စည်း ရှစ်မျိုးခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၃၄၅၅၈၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀၊ ကျိုက်ထိုမြို့နယ် သုံးအိမ်စုကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်းလေးမျိုး၊ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၇၂၆၂၀၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ နှင့်ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၉၀၇၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀၊ ကျိုက်ထိုမြို့နယ် တောင်စွန်းသွားကားလမ်းအနီး၌ မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း ၈၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၄၆ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး၊စိုက်ပျိုးရေးသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၇၇၅၀၈၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Nissan TT Truck တစ်စီး၊ Hino Profia Truck တစ်စီး၊Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀၀၀၀ နှင့် ကျိုက်ထိုမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး၌ အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တင်ဆောင်ခဲ့သည့် Nissan Profia Truck မော်တော်ယာဉ် တစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၄၇၅၃၈၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။





လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်



လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်



လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်



လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၄ ရက်တွင် ပင်လုံ-လွိုင်လင်ကားလမ်း ပန်ဝိုးလမ်းခွဲအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၉၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်(ပို့ကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၉၉၀၀၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် ဘားအံမြို့ သံလွင်တံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၅၄၄၃၅၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၉၄၃၃၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၇ ရက်နှင့် စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၈၇ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၁၇၃၄၀၇၀ ကို ဖမ်းဆီးရမိခဲ့သည်။

ထိုကဲ့သို့ တရားမဝင် တင်ပို့၊ တင်သွင်းမှုများကြောင့် တရားဝင် တင်ပို့၊ တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

---

☆ ရွှေတံဆိပ်ဆုဆွတ်ခူးမှ

ကြေးတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။

ကော့ဒယ်တင့်ချ်က "ကျွန်တော် ဘာလဲဆိုတာကို ကိုယ်ကိုယ်တိုင် ရှာဖွေဖို့အတွက် အလုပ်မထွက်ခဲ့ဘူးဆိုရင် အခုလိုအောင်မြင်မှုမျိုးကို ရယူနိုင်မှာ မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်ရှာတွေ့ခဲ့ခြင်းဟာ ကျွန်တော့်ဘဝရဲ့ ကြီးမားတဲ့ အပြောင်းအလဲတစ်ခုဖြစ်ပါတယ်။ အခုချိန်မှာ ကျွန်တော်ဟာ အပျော်ဆုံး လူသားတစ်ယောက် ဖြစ်မယ်လို့ ထင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref: The Guardian

Trs : AZL

## အမေရိကန်နိုင်ငံတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ သတင်းပို့ချက်အစီအစဉ်ကို EPA က ရပ်တန့်လိုက်ပြီဖြစ်



**ဝါရှင်တန် စက်တင်ဘာ ၁၇**

အမေရိကန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ (EPA)သည် အမေရိကန်နိုင်ငံအတွင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသော စက်ရုံ၊ အလုပ်ရုံများကို ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏကို ပုံမှန်စစ်ဆေးတိုင်းတာကာ သက်ဆိုင်ရာအချက်အလက်များကို တရားဝင် ထုတ်ပြန်ပေးလျက်ရှိသော်လည်း အဆိုပါဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့သတင်းပို့ချက်အစီအစဉ်ကို စက်တင်ဘာ ၁၆ ရက်တွင် ရပ်တန့်လိုက်ပြီဖြစ်ကြောင်းယနေ့ သတင်းများတွင်ဖော်ပြထားသည်။

EPA သည် ၂၀၁၀ ပြည့်နှစ်ကတည်းက နိုင်ငံအတွင်းရှိ ကျောက်မီးသွေး လောင်စာသုံး စွမ်းအင်ထုတ်လုပ်ရေးစက်ရုံများ၊ ရေနံတူးဖော်ရေးနှင့် ရေနံသန့်စင်ရေးစက်ရုံများ၊ သံမဏိချက်စက်ရုံများနှင့် အခြားသောစက်ရုံများမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်သည့်ပမာဏကို စစ်ဆေးတိုင်းတာကာ ရလဒ်များကို တရားဝင်ထုတ်ပြန်ပြီး ဒဏ်ရိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါ တိုင်းတာရရှိခဲ့သည့် အချက်အလက် များကိုလည်း ကုလသမဂ္ဂသို့သုတေသနလုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်စေရန် ပေးပို့ကြောင်း သိရသည်။

"သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ဦးဆောင်မှုနဲ့ အမေရိကန်နိုင်ငံရဲ့ စွမ်းအင်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့နဲ့ အမေရိကန်နိုင်ငံရဲ့ စီးပွားရေး ပိုပြီးတော့တိုးတက်လာဖို့အတွက် EPA အနေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အခု ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ သတင်းပို့ချက် အစီအစဉ်ကို ရပ်တန့်လိုက်ပါပြီ"ဟု EPA မှ ပြောရေးဆိုခွင့်ရှိသူ လီဇယ်ဒင်ကပြော ကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## ဂျပန်နိုင်ငံတွင် ရေဇရိယာများအတွင်း ပလတ်စတစ်အမှိုက်များ လျှော့ချနိုင်ရေး အန္တရာယ်ကင်းပစ္စည်းများ အစားထိုးဆောင်ရွက်မည်

**တိုကျို စက်တင်ဘာ ၁၇**

ဂျပန်နိုင်ငံတွင် ရေဇရိယာများ၌ ပလတ်စတစ်အမှိုက်များ ပျံ့နှံ့ကာ ရေအောက်သတ္တဝါများကို အန္တရာယ်ဖြစ်စေသည့်အခြေအနေကြောင့် ပလတ်စတစ်နေရာတွင် အန္တရာယ်ကင်းစေမည့်ပစ္စည်းများဖြင့် အစားထိုးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်စက်မှုဝန်ကြီးဌာနက စက်တင်ဘာ ၁၆ ရက်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂျပန်စက်မှုဝန်ကြီးဌာနအနေဖြင့် ပလတ်စတစ်နေရာတွင်အစားထိုးအသုံးပြုနိုင်မည့် ပစ္စည်းကို အမြန်ဆုံးစမ်းသပ်သွားမည်ဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်တွင် ပလတ်စတစ်နေရာ၌ ရာနှုန်းပြည့်အစားထိုးနိုင်ရန် ပြင်ဆင်ထားကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ရေဇရိယာများတွင် ပလတ်စတစ် အမှိုက်သရိုက်များ ပျံ့နှံ့နေမှုကိုလည်း နှစ်စဉ်ငွေကြေးသုံးစွဲကာ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သောဇူလိုင်လကလည်း ဂျပန်နိုင်ငံ နာကာဆာကီစီရင်စု တာတာရာကျွန်းရှိ ရေဇရိယာများတွင် ပလတ်စတစ် အမှိုက်သရိုက်များကို ရှင်းလင်းရေးလုပ်ငန်းအတွက် ဂျပန်ယန်း ၅၀၀၀၀၀ ထိ အသုံးပြုခဲ့ကြောင်း သိရသည်။

ဂျပန်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ New Energy and Industrial Technology Development Organization (NEDO) အဖွဲ့အစည်းက ပလတ်စတစ်အစားထိုးပစ္စည်းများကို စမ်းသပ်ဖန်တီးရန်အတွက် တာဝန်ယူသွားမည်ဖြစ်ကြောင်း၊ အသစ်ဖန်တီးမည့်ပလတ်စတစ်အစားထိုးပစ္စည်းများသည် ရေဇရိယာအတွင်း ရောက်ရှိပါက အလိုအလျောက် အရည်ပျော်သွားမည့်ပစ္စည်းအမျိုးအစားဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုမရှိသည့်ပစ္စည်းလည်းဖြစ်ကြောင်း ဂျပန်စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ၂၀၂၅ ခုနှစ်နွေရာသီကာလက စပိန်နိုင်ငံ၏ သက်တမ်းတစ်လျှောက် အပူချိန်အမြင့်မားဆုံးသော နွေရာသီအဖြစ် မှတ်တမ်းဝင်ခဲ့

**မက်ဒရစ် စက်တင်ဘာ ၁၇**

စပိန်နိုင်ငံတွင် ၂၀၂၅ ခုနှစ် နွေရာသီကာလအတွင်း အပူချိန်ပမာဏ ၄၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ခဲ့ပြီး စပိန်နိုင်ငံ သက်တမ်းတစ်လျှောက် အပူချိန်အမြင့်မားဆုံးသော နွေရာသီကာလအဖြစ် မှတ်တမ်းဝင်သွားခဲ့ကြောင်း State Weather Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မြင့်တက်ခဲ့သောအပူချိန်ပမာဏသည်လည်း ၁၉၉၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ပျမ်းမျှအပူချိန် ပမာဏထက် ၂ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်မားခဲ့ကြောင်း State Weather Agency က ထုတ်ပြန်ခဲ့သည်။

"စပိန်နိုင်ငံရဲ့ သက်တမ်းတစ်လျှောက် ၂၀၂၅ ခုနှစ် နွေရာသီကာလမှာဖြစ်ပေါ်ခဲ့တဲ့ အပူချိန်ပမာဏကတော့ အမြင့်မားဆုံးဖြစ်ခဲ့ပါတယ်။ အပူလှိုင်းတွေလဲ ဖြစ်ပေါ်ခဲ့ပါတယ်။ နွေရာသီကာလအတွင်းမှာ အပူလှိုင်းဟာ သုံးရက်တစ်ကြိမ်လောက်ကို ဖြစ်သန်းတာမျိုးဖြစ်ပေါ်ခဲ့ပါတယ်"ဟု State Weather Agency မှ ပြောရေးဆိုခွင့်ရှိသူ ကမ်ပိုက ပြောကြားသွားခဲ့သည်။



အပူချိန် အမြင့်မားဆုံးမြင့်တက်ခဲ့သောဇရိယာများမှာ စပိန်နိုင်ငံတောင်ဘက်ပိုင်း ဒေသများဖြစ်ပြီး ၎င်းဒေသများတွင် အပူချိန်ပမာဏမှာ ၄၅ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်ခဲ့ပြီး ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေခဲ့ကြောင်း၊ ထို့ပြင် နေရာအနှံ့မကြာခဏ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး သစ်တောမြေ ၁ ဒသမ ၀၃ ဟက်တာထိ ပျက်စီးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေပြုရေးအဖွဲ့၏ အကြီးအကဲ ရာထူးမှနုတ်ထွက်တော့မည်

**ဝါရှင်တန် စက်တင်ဘာ ၁၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေပြုရေး အဖွဲ့၏အကြီးအကဲဖြစ်သူ လီအန်းရန်ဒိုသည် ရာထူးမှနုတ်ထွက်တော့မည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် ဝန်ကြီးချုပ် ဂါဗင်နယူးဆမ်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများနှင့် ပတ်သက်ပြီး အိမ်ဖြူတော် အစိုးရအဖွဲ့က အမျိုးမျိုးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည့်အတွက် လီအန်းရန်ဒိုအနေဖြင့် အိမ်ဖြူတော်အစိုးရနှင့် အတိုက်ခံမလုပ်လိုတော့သည့်အတွက် ရာထူးမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လီအန်းရန်ဒိုသည် ကယ်လီဖိုးနီးယား ပြည်နယ်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး တင်းကျပ်သော ဥပဒေ၊ မူဝါဒများကို ချမှတ်နေသူဖြစ်ပြီး ၂၀၃၅ ခုနှစ်တွင် ကယ်လီဖိုးနီးယား ပြည်နယ်အတွင်း ဓာတ်ဆီကားများတင်သွင်းရောင်းချမှု တားမြစ်သည့် ဥပဒေကို အတည်ပြုပြဋ္ဌာန်းထားသူလည်း ဖြစ်ကြောင်း သိရသည်။

လီအန်းရန်ဒိုသည် စက်တင်ဘာ ၃၀ ရက်တွင် ရာထူးမှတရားဝင်နုတ်ထွက်မည်ဖြစ်ပြီး ကယ်လီဖိုးနီးယားပြည်နယ် ဝန်ကြီးချုပ် ဂါဗင်နယူးဆမ်ကလည်း လီအန်းရန်ဒို၏ နုတ်ထွက်စာကို လက်ခံထားပြီးဖြစ်သကဲ့သို့ လီအန်းရန်ဒိုနေရာတွင် လော်ရန်ဆန်းချက်ဇ်ဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း၊ လော်ရန်ဆန်းချက်ဇ်သည် အိမ်ဖြူတော်အစိုးရ၏ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆိုင်ရာ စီနီယာအကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## နိုင်ဂျီးရီးယားနိုင်ငံအတွင်း ရေထုညစ်ညမ်းမှုကြောင့် လိပ်မျိုးစိတ်များမျိုးသုဉ်းမည့်အရေးကို ကာကွယ်သွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားတက်ကြွလှုပ်ရှားသူများ ပြောကြား

**အဘူဂျာ စက်တင်ဘာ ၁၇**

နိုင်ဂျီးရီးယားနိုင်ငံ ရေဇရိယာများအတွင်း ရေထုညစ်ညမ်းမှုကြောင့် လိပ်မျိုးစိတ်များ မျိုးသုဉ်းမည့်အရေးဖြင့် ရင်ဆိုင်နေရသည့်အတွက် နိုင်ဂျီးရီးယားသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် တိရစ္ဆာန်များ စောင့်ရှောက်ရေး တက်ကြွလှုပ်ရှားသူများအသင်းဖြစ်သည့် Greenfingers Wildlife Conservation Initiative က ကာကွယ်တားမြစ်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယား ပင်လယ်ပြင်တွင် လိပ်မျိုးစိတ်များ အလိုအလျောက် သေဆုံးမှုများရှိနေသကဲ့သို့ တံငါသည်များ၏ ဖမ်းဆီးမှုနှုန်းမြင့်မားနေခြင်းကို ဥပဒေကြောင်းအရ တားမြစ်ခြင်းများမရှိသည့်အတွက် မျိုးသုဉ်းမည့်အရေးဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း၊ Greenfingers Wildlife Conservation Initiative အဖွဲ့အစည်းအနေဖြင့် နိုင်ဂျီးရီးယားရေဇရိယာအတွင်း လိပ်မျိုးစိတ်များ မျိုးသုဉ်းမည့်အရေးမှ ကာကွယ်ပေးနိုင်ရေးအတွက် ဆောင်ရွက်နေသည်မှာ ငါးနှစ်ရှိနေပြီဖြစ်သကဲ့သို့ ငါးနှစ်အတွင်း လိပ်အကောင်ရေ ၇၀ ကျော် ပြန်လည်စေလွှတ်ပေးနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

"ရေထုညစ်ညမ်းမှုတွေနဲ့ တံငါသည်တွေရဲ့ တရားမဝင်လုပ်ရပ်တွေကြောင့် နိုင်ဂျီးရီးယား ရေဇရိယာတွေမှာ လိပ်မျိုးစိတ်တွေ မျိုးသုဉ်းမဲ့အရေးနဲ့ ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့ ရေထုညစ်ညမ်းမှုကြောင့် သေဆုံးမဲ့အရေးနဲ့ ရင်ဆိုင်ခဲ့ရတဲ့ လိပ်မျိုးစိတ် အကောင်ရေ ၇၀ ကျော်ကို ပြန်လည်စေလွှတ်ပေး နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ အရှိန်မြှင့်တင် ဆောင်ရွက်သွားမှာပါ"ဟု Greenfingers Wildlife Conservation Initiative မှ ပြောရေးဆိုခွင့်ရှိသူ ချီနီဘိုက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**



ဝတ္ထုတိုကလျာ

# ဘယ်ဝါကျွတ်ကို ပြောရမလဲ

## ကိုရွှေတောသား(ဆင်ကူး)

(၁)

"ဗျို့ ကိုအောင်မြင့်ကြီး။ ခင်ဗျား ဝါကျွတ်ရင် မိန်းမတောင်းတော့မယ်ဆို"

"ဟာဗျာ တိုးတိုးလုပ်ပါ ကိုလှစိန်ရယ်။ သူများကြားရင် ရှက်စရာကြီးပါဗျာ"

"အမယ် ကိုအောင်မြင့်ကြီးကလဲ ဒီလယ်ကွင်းပြင်ကြီးထဲ ဘယ်သူက ကြားနိုင်မှာမလို့လဲဗျာ။ ကြံဖန်ပြီး ရှက်နေပြန်ပါပြီ။ အဲဒါကြောင့် ခင်ဗျား လူပျိုကြီးဖြစ်နေတာ"

"ဟာဗျာ ခင်ဗျားကလဲ ဟဲဟဲဟဲ"

ကိုလှစိန်နှင့် ကိုအောင်မြင့်က လယ်ကန်သင်းယှဉ် လယ်သမားအချင်းချင်းဖြစ်ကြသည်။ လယ်ကန်သင်းများ ရေထွက်ပေါက်လိုက်ပိတ်နေသည့် ကိုအောင်မြင့်ကို ကိုလှစိန်က နှုတ်ဆက်စကားပြောခြင်းဖြစ်သည်။ ကိုအောင်မြင့်က သူ့အိမ်၌အကြီးဆုံးသားကြီးပီပီ မိဘများမရှိသည့်နောက်ပိုင်းတွင် ညီ၊ ညီမများအတွက် အစ်ကိုကြီးအဖအရာပီသစွာ တာဝန်ကျေသည်။ အသက် ၃၀ ခန့်ရှိနေပြီဖြစ်သော်လည်း ညီ၊ ညီမများအတွက်ငဲ့ညှာခဲ့ရင်း အိမ်ထောင်ပြုရန် တုံ့နှေးခဲ့ရလေသည်။

"ရယ်မနေနဲ့ ကိုအောင်မြင့်ကြီးရဲ့ အရွယ်တွေလဲ မငယ်တော့ဘူး။ ကျွန်တော်တောင် ကလေးနှစ်ယောက်ရနေပြီ။ တော်ကြာ အသက်ကြီးမှ၊ ခါးကုန်းမှ ကလေးချီနေရမယ်"

"ဟာဗျာ ကိုလှစိန်ကတော့ပြောတော့မယ်။ အင်း ဒီနှစ်တော့ ယူဖြစ်ပါပြီဗျာ။ ခင်ဗျားတို့ လက်ဖွဲ့ကြဖို့သာ ပြင်ထားတော့"

"လက်ဖွဲ့ရမှာပေါ့ဗျာ လက်ဖွဲ့ရမှာပေါ့။ ပြောလို့ ပြောတာမဟုတ်ဘူးဗျ။ ကိုအောင်မြင့်ကြီးနဲ့ မအေးခင်တို့က သိပ်ပြီး လိုက်ဖက်မှာဗျ"

"တကယ်ပြောတာလားဗျာ"

ချီးမွမ်းစကားဆိုနေသည့် ကိုလှစိန်မျက်နှာကို သေသေချာချာငေးကြည့်ရင်း သူနားထောင်နေသည်။

"ဟုတ်တယ်လေ ကိုအောင်မြင့်ကြီးရ။ နှစ်ယောက်စလုံးကလဲ အသက်တူ၊ အရွယ်တူ။ ပြီးတော့ မိဘတွေမရှိကြတော့တဲ့ဘဝကလဲ အတူတူ။ အနေလဲအေးကြတယ်။ စိတ်ကောင်းနှလုံးကောင်းလဲ ရှိကြတဲ့သူတွေဆိုတော့ ခင်ဗျားတို့အိမ်ထောင်ရေးက သိပ်ပြီးသာယာနေမှာဗျ"

ကိုလှစိန်စကားက သူ့အတွက် ပျော်ရွှင်ပီတိဖြစ်ရသည်။ တကယ်တမ်းပင် မအေးခင်ကလည်း ဘာသာတရားကိုင်းရှိုင်းပြီး အနေအေးလေသည်။ ပြီးတော့ စီးတဲ့ရေ ဆည်တဲ့ကန်သင်းပမာ အိမ်ထောင်ရေးလည်းနိုင်နင်းမည်မှာ အသေအချာပင်ဖြစ်လိမ့်မည်ဟု သူယုံကြည်မိသည်။

(၂)

"အေး"

"ပြောလေ ကိုအောင်"

ဥပုသ်နေ့တစ်နေ့၏ ညနေခင်းလေးတစ်ခုတွင် ရွာဦးကျောင်းကစေတီမှာ ချစ်သူနှစ်ဦး ဆုံကြလေသည်။ စေတီတွင် ရေချမ်းကပ်၊ ပန်းကပ်ကြရင်း နှစ်ယောက်သား စကားပြောကြသည်။

"ဒီနှစ်တော့ ကိုအောင်နဲ့ အေး နီးရပါပြီနော်"

"အို ကိုအောင်ကလဲ ဘာများလဲလို့ အင်းလေ"

"ဟင့် ဘာကို အင်းလဲ။ ကိုအောင့်ဘက်ကတော့ အသေအချာကိုစီစဉ်ထားပြီးပြီနော်။ အနားနီးမှ ဒီတစ်နှစ်တော့ ထပ်ပြီးစောင့်ပေးပါလား ကိုအောင်ရယ်လို့ အဲဒီစကားကြီး ထပ်မကြားချင်တော့ဘူး"

မတင်မကျရှိလှသည့် ချစ်သူ၏စကားကို သူက သေချာရန် အတည်ပြုစေချင်ခြင်းဖြစ်သည်။

"ကိုအောင်ရယ် အေးလဲ ကိုအောင့်လိုပါပဲ။ ကိုအောင့်ကိုလဲ စောင့်ခိုင်းခဲ့တဲ့နှစ်တွေလဲ မနည်းတော့ဘူးဆိုတာ အေးလဲသိပါတယ်။ အေးဘဝကလဲ ကိုအောင့်လိုပဲလေ အိမ်မှာက အေးက အကြီးဆုံးသမီးဖြစ်နေတော့ အေးပဲ အဖေ၊ အေးပဲ အမေအဖြစ်နဲ့ မောင်လေးတွေ၊ ညီမလေးတွေအတွက် လိုအပ်ချက်ကလေးတွေဖြည့်ဆည်းပေးရင်း အခုလို ကြန့်ကြာနေရတာပါ။ အေးလဲ ကိုအောင်နဲ့ အတူတူနေချင်ပါပြီ"

ချစ်သူ၏ပြောစကားကလည်း အမှန်ပင်ဖြစ်နေလေသည်။ သူလည်း ထို့အတူ ညီ၊ ညီမများအတွက် အစ်ကိုကြီးအဖအရာပီသစွာ တာဝန်ယူရင်း ဘဝအတွက် နှောင့်နှေးနေခဲ့ရသည်။

"အေးရယ် ကိုအောင်ကတော့လေ ဘာပဲဖြစ်ဖြစ် ဒီနှစ်ဝါကျွတ်ရင်တော့ အေးကို လူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ်ဖို့ တွေးထားတယ်"

"အင်းပါ ကိုအောင်ရယ် ဒီနှစ်တော့ သေချာပါပြီကွယ်"

(၃)

ဝါလကင်းလွတ် သီတင်းကျွတ်တော့မည်။ စိမ်းစိုနေသည့်စပါးခင်းများပင်လျှင် ဖုံးတုန်းလုံးတုန်းဟု ဆိုရပေမည်။ သည်နှစ်တွင် ကိုအောင်မြင့်၏စပါးခင်းများက ယခင်နှစ်များထက် အထွက်တိုးနိုင်ကြောင်း လယ်နီးချင်းများကပါ အားပေးစကားဆိုကြ၍ သူ့ရင်ထဲ ပျော်ရွှင်နေမိသည်။ စပါးခင်းများအထက်တွင်တော့ ငှက်ကလေးများက တေးသီရင်းမြူးပျော်ကာ ပျံသန်းနေကြသည်။

"အစ်ကိုကြီး"

"ဟော ညီလေးပါလား၊ ကျောင်းပိတ်လို့ အလည်ပြန်လာတာလား"

မြို့မှာ ကျောင်းသွားတက်နေသည့် ညီဖြစ်သူက လယ်ထဲသို့ လိုက်လာသည်။ လယ်ကန်သင်းကြား မြက်ရိတ်နေရင်း ညီဖြစ်သူကို အားရဝမ်းသာနှုတ်ဆက်လိုက်သည်။ ညီဖြစ်သူက သူ့ကို တစ်ခုခုပြောရန်ပြင်နေသည်။ ပြောရန်မဝံ့မရဲရှိနေသည့် ညီဖြစ်သူ၏ အမူအရာများကို သူအကဲခတ်မိသည်။

"ဘာပြောစရာရှိလို့လဲညီလေးရ ပြောလေ"

**❖ "စိတ်မကောင်းဖြစ်မနေပါနဲ့တော့ ကိုအောင်ရယ်။ အေးတို့ ဒီနှစ်လက်မထပ်ဖြစ်သေးရင်လဲ နောင်နှစ်ပေါ့" အားပေးနှစ်သိမ့်နေသည့် ချစ်သူမျက်နှာကို ငေးကြည့်မိသည်။ ဘာမဆိုနားလည်မှုအပြည့်ဖြင့် မေတ္တာမပျက် သစ္စာရှိစွာချစ်လာခဲ့သည့်ချစ်သူကို သူမှာ အားနာမိသည်။ "အစ်ကိုကြီး အဖရာတဲ့။ ကိုအောင့်မှာက တာဝန်တွေရှိနေတာပဲ မဟုတ်လား။ သူတို့လေးတွေ သူတို့ဘဝနဲ့ သူတို့ဖြစ်သွားကြတော့လဲ ကိုအောင် စိတ်အေးရတာပေါ့" ချစ်သူက အားပေးစကားပြောကာ နှစ်သိမ့်လေသည်။ "ဒီတစ်နှစ်လဲ ကိုအောင်နဲ့အေး နီးခွင့်မရသေးဘူးပေါ့ အေးရယ်" ❖**

ရိတ်ပြီးသားမြက်ဆုပ်များကို မြက်ခြင်းထဲသို့ ပွေ့ထည့်ရင်း မေးလိုက်သည်။

"ညီလေးလေ အစ်ကိုကြီးကို ပြောစရာရှိတယ်။ အဲဒါကြောင့် လယ်ထဲထိလိုက်လာတာ။ ဒါပေမဲ့ ညီလေးမပြောရဲလို့"

မျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်နေကာ အမူအရာပျက်နေသည့်ညီဖြစ်သူကိုကြည့်ရင်း သူ့မှာ သနားကရုဏာသက်စွာမေးရသည်။

"ဘာများလဲ ညီလေးရယ်၊ ကိုယ့်အစ်ကိုကြီးကို ဘာများဒီလောက်မပြောရဲစရာတွေရှိနေလို့လဲ။ ငါ့ညီ ပြောစရာရှိတာသာပြော ကျောင်းတက်ရတာ အဆင်မပြေဘူးလား၊ ဘာတွေဖြစ်လာလို့လဲကွ"

ညီဖြစ်သူ၏မျက်နှာကို သေသေချာချာကြည့်ရင်း ဂရုတစိုက်မေးသည်။

"ညီလေး ညီလေးကောင်မလေးမှာ"

"ဟင်"

ညီဖြစ်သူက စကားကိုဆက်မပြောဘဲ ရပ်ထားလိုက်ကာ ဘေးပတ်ဝန်းကျင်ကိုလည်း အကဲခတ်နေသေးသည်။ ပြီးမှ ငိုသံပါကြီးဖြင့်ပြောလေသည်။

"ညီလေးကောင်မလေးမှာ ကိုယ်ဝန်ရှိနေပြီ အစ်ကိုကြီးရာ။ အဲဒါ ညီလေးကို ယူခိုင်းနေပြီ"

"ဟာကွာ ဖြစ်မှဖြစ်ရလေညီလေးရာ လူကြားလို့မှ မကောင်းဘူး ဘယ်လိုဖြစ်ရတာလဲကွာ။ ပြီးတော့ ငါ့ညီက ကျောင်းလဲမပြီးသေးဘဲနဲ့"

အစ်ကိုဖြစ်သူ ကိုအောင်မြင့်မှာ ပြောပြောဆိုဆို ရိတ်လက်စမြက်ဆုပ်နှင့် တံစဉ်ကိုပစ်ထုတ်လိုက်ရင်း လယ်ကန်သင်းပေါင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ကာ ညီဖြစ်သူကို ငေးကြည့်နေမိသည်။

"ညီလေးမှားသွားပြီ အစ်ကိုကြီးရာ။ ညီလေး အဲဒီလိုမျိုးမလုပ်သင့်ဘူးဆိုတာ ညီလေးသိပါတယ်။ ဒါပေမဲ့ ညီလေး"

"တော်ပါတော့ ညီလေးရာ။ ဒါနဲ့ ငါ့ညီလေးက အဲဒီကောင်မလေးနဲ့ကော အခုအဆင်ပြေရဲ့လား။ သူ့မိဘတွေကကော သိသွားပြီလား။ ငါ့ညီ မင်းတော့ တကယ့်ကို ပြဿနာပါပဲကွာ။ ငါ့ညီကို အစ်ကိုက မြို့တက်ပြီး တက္ကသိုလ်ကိုဆက်ပြီးထားပေးတယ်ဆိုတာ ပညာတတ်ကြီးဖြစ်စေချင်လို့ကွ။ အခုလို မဟုတ်တာတွေလုပ်ဖို့မဟုတ်ဘူး။ မိုက်လိုက်တာညီလေးရာ။ သူများသားသမီးကို မင်းအခုလိုမျိုး လုပ်စရာလား။ မင်းကို အစ်ကိုကြီး မဆုံးမခဲ့လို့လား"

သူ့မှာ ညီဖြစ်သူကိုကြည့်ပြီး ဒေါသလည်းဖြစ်မိသည်။

"အဲဒီကိစ္စ သူ့မိဘတွေသိရင် ဘယ်လောက်တောင် စိတ်ဆိုးနေမလဲဟင်။ မင်း မစဉ်းစားမိဘူးလား ညီလေးရာ"

"သူ့မှာ မိဘတွေမရှိတော့ပါဘူးအစ်ကိုကြီးရာ။ အဒေါ်နဲ့ပဲနေရတာ။ သူ့အဒေါ်ကတော့ ကိုယ့်တာဝန်ကိုယ်ယူပြီး မယားမှတ်မှတ်သားမှတ်မှတ် ပေါင်းသင်းပေးရင် ကျေနပ်ပါတယ်တဲ့"

"ဟူး တော်သေးတာပေါ့ကွာ။ ကဲ ကဲ ဝါကျွတ်တဲ့အခါ ငါ့ညီတို့အတွက် အစ်ကိုကြီး စီစဉ်ပေးမယ်။ မင်းတို့သာ အဆင်ပြေအောင်နေကြ"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရာ၊ ညီလေးသွားပြီး ပြောပြလိုက်အုံးမယ်နော်"

ပြောပြောဆိုဆို ထွက်သွားသည့် ညီဖြစ်သူ၏ ကျောပြင်ကိုငေးကြည့်ရင်း သူ့မှာ ဝမ်းနည်းစွာ ငိုမိလေသည်။

စာမျက်နှာ ၂၅ သို့ á

# မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၂၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၂၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၂၂ ဧကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ မြေပဲ ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် မြေပဲ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်း ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်မှ ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဓနုဖြူ စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဒေသထွက်ခဝဲသီးများ ယခုနှစ် စက်တင်ဘာလပထမပတ်မှစတင်၍ ယနေ့ထိ အရောင်းအဝယ်ကောင်းနေပြီး လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၂၀၀၀၀ မှ ၃၅၀၀၀ ထိ ဝယ်ယူမှု အားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှု အားကောင်းနေပါတယ်။ လက်ရှိ ခဝဲသီးအလုံးရေ ၃၅၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဝဲသီးက ဓနုဖြူမြို့နယ်က ဒေသထွက်ကုန်တစ်ခုပါ။ အခု အရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေက ကုန်စိမ်းဈေးကွက်က ခဝဲသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် ခဝဲသီးတွေ ဝယ်ယူမှုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေအလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလာပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် လက်ရှိ ခဝဲသီးများအပါအဝင် ဒေသထွက်ရာသီကုန် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါခဝဲသီးများ ဝယ်ယူမှု အားကောင်း လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ် ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် များစွာ အကျိုးကျေးဇူး ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၄ မှအဆက်**

(၄)

"အဲ...မောင်အောင်မြင့် ရှိမှရှိပါ့မလားလို့"

"ဟင် ရပ်ကွက်လူကြီးတွေပါလား"

မနက်အစောကြီး ရပ်ကွက်လူကြီးများ ရောက်လာကြသည်။ သူ့မှာ ရုတ်တရက်အလန့်တကြားဖြစ်သွားရသည်။

"လာပါဗျ ထိုင်ပါ။ ရေနွေးကြမ်းလေး သုံးဆောင်ကြပါအုံး။ ဒါနဲ့ စောစောစီးစီး ဘာကိစ္စများလဲခင်ဗျာ"

"သားရေးသမီးရေးကိစ္စပဲပေါ့ မောင်အောင်မြင့်ရေ"

"ခင်ဗျာ"

သူ့မှာ အံ့သြသွားရသည်။ ရွာလူကြီးများ၏မျက်နှာကိုသာ ငေးကြည့်နေမိသည်။

"ဒီလိုပါ။ ဟောဒီက ကိုမြတ်ဆွေသားက မောင်အောင်မြင့်ညီမ မထွေးမြင့်ကို။ အဲ... သူတို့ လူငယ်ချင်းကလဲ မေတ္တာမျှနေကြတာကြာပြီဆိုတော့။ အခု ဝါကျွတ်တဲ့အခါ လူကြီးစုံရာနဲ့ သွားတောင်းပေးပါဆိုလို့ အရင်ဆုံး ဦးတို့အနေနဲ့ ဒီက မောင်အောင်မြင့်ကို လာရောက်ကမ်းလှမ်းကြတာပဲ ဖြစ်ပါတယ်ကွယ်"

"ခင်ဗျာ"

"အဲဒါ မောင်အောင်မြင့် သဘောကကော"

"ကျွန်တော်..."

သူ ရုတ်တရက်ဘာပြန်ပြောရမည်မှန်းမသိတော့ပေ။ ဦးမြတ်ဆွေတို့မိသားစုအကြောင်းကိုလည်း သူအကုန်သိသည်။ ဦးမြတ်ဆွေ၏သားက အသောက်အစားမရှိ၊ ရိုးသားသည့်လူငယ်လေးဖြစ်၍ ညီမဖြစ်သူနှင့်လည်း သဘောမတူနိုင်စရာအကြောင်းမရှိပေ။

"ကျွန်တော် ကျွန်တော့်ညီမလေးကို မေးပါရစေအုံးခင်ဗျာ"

ရွာလူကြီးများရှေ့၌ ညီမဖြစ်သူကိုခေါ်၍ မေးလေသည်။ ညီမဖြစ်သူကလည်း အိမ်ထောင်ပြုရန် သဘောတူလေသည်။ ဝါကျွတ်သည့်အခါ လာရောက်တောင်းရမ်းနိုင်ကြောင်း ကတိပေးလိုက်ရတော့သည်။

(၅)

"စိတ်မကောင်းဖြစ်မနေပါနဲ့တော့ ကိုအောင်ရယ်။ အေးတို့ ဒီနှစ်လက်မထပ်ဖြစ်သေးရင်လဲ နောင်နှစ်ပေါ့"

အားပေးနှစ်သိမ့်နေသည့် ချစ်သူမျက်နှာကို ငေးကြည့်မိသည်။ ဘာမဆိုနားလည်မှုအပြည့်ဖြင့် မေတ္တာမပျက် သစ္စာရှိစွာချစ်လာခဲ့သည့် ချစ်သူကို သူ့မှာ အားနာမိသည်။

"အစ်ကိုကြီး အဖရာတဲ့။ ကိုအောင့်မှာက တာဝန်တွေရှိနေတာပဲမဟုတ်လား။ သူတို့လေးတွေ သူတို့ဘဝနဲ့ သူတို့ဖြစ်သွားကြတော့လဲ ကိုအောင် စိတ်အေးရတာပေါ့"

ချစ်သူက အားပေးစကားပြောကာ နှစ်သိမ့်လေသည်။

"ဒီတစ်နှစ်လဲ ကိုအောင်နဲ့အေး နီးခွင့်မရသေးဘူးပေါ့ အေးရယ်"

သူက ကြေကွဲစွာပြောလိုက်သည်။ ချစ်သူထံကနေ အားတင်းပြီးပြုံးပြဟန်ရှိသည့် အပြုံးတစ်ပွင့်ကိုမြင်ရလေသည်။ ထိုအပြုံး၌ ပျော်ရွှင်မှုကင်းမဲ့နေသည်မှန်း သိသာပါသည်။

## မေတ္တာလက်ကမ်း ချစ်ခြင်းလှမ်းစေ

\- ပြည်လူ့ဘောင် ဘဝလမ်း
ဖြတ်သန်းရင်း လှမ်းခိုက်မှာ၊
ကြောင်းကျိုးနွှယ် အားပြိုင်သမျှ
ကြုံရမည်သာ၊
အကောင်းအဆိုး ကွဲပြားစွာ
ခွဲခြားကာ မြင်နိုင်မှ၊
လမ်းဖြောင့်မှန် ရှင်ကြည်မွေ့လို့
လှမ်းဆက်နှင် ဘဝတစ်ကွေ့
ချမ်းမြေ့လှပ။

\- ကိုယ့်လှမ်းခြေ လိုရာဆွဲလို့
လမ်းကြောင်းလွဲ မသင့်ပေ၊
အမှားအမှန် အယူအစွဲ
ချင့်ခွဲနိုင်စေ၊
အစွန်းရောက် နယ်ကျုံလေ
လမ်းဖည်သွေ ပျက်ယိုယွင်း၊
ဖြစ်သင့်ရာ ရပ်တည်လှမ်းလို့
အမြင်ကြည် ရောင်ဟပ်လွှမ်းမှ
လမ်းဖြောင့်ဘေးကင်း။

\- ဆန္ဒတွေ ရင်ဝယ်ပိုက်လို့
လမ်းထွင်ခိုက် ခရီးထိုထို၊
အမြင်မတူ စည်းဘောင်ခြား
လမ်းမမှားစေလို၊
လမ်းကြောင်းပြ ဖေးမဆို
မေတ္တာပို အားဖြည့်လောင်း၊
အမှားဟူ ကင်းနိုင်ခဲပင်မို့
အစွဲပြယ် လမ်းမှန်ရပ်နိုင်ဖို့
ထိန်းမတ်လမ်းကျောင်း။

\- လောကသာယာ ဘဝလှဖို့
မေတ္တာ ဓမ္မ ကိန်းမွေ့ပါ၊
မေတ္တာဟူသည် ရန်ပေါင်းလင်းသည့်
အောင်ခြင်းမှန်စွာ၊
ကရုဏာနဲ့ မုဒိတာ
လွှမ်းထပ်ကာ ဆင်မြန်းမှ၊
ဘဝစခန်းတွင်
ခဏကျွမ်းဝင် ကြုံဆုံရခိုက်
ပြုသမျှယှဉ်ရာ ခဏ္ဍိနှလုံးတွေနဲ့
သုခ မင်္ဂလာ ရန်ပလီမဖုံးရအောင်
အပြုံးပန်းဆင် ချစ်ခြင်းပွေ့လို့
ချမ်းမြေ့အစဉ် တူယှဉ်လှမ်း
(ဆွေတို့လေ...)
လမ်းဖြောင့်မည်ပ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# လူငယ်နှင့်လောင်းကစားအန္တရာယ်

**ကျော်တင့်(ရွှေခရမ်း)**

ယခုတစ်လော အရပ်ထဲ၌ ချမ်းသာချင်ရင် ဂိမ်းပေါင်းငါးရာပါတဲ့ Software ကစားကြရအောင်ဟု အပျော်သဘောပြောဆိုမှုများကိုတွေ့မြင်နေရပြီး အဆိုပါစကားသည် စနောက်ပြောဆိုကြသော စကားလုံးဖြစ်သော်လည်း လူ့ဘဝတစ်ခုလုံးကိုပျက်စီးနိုင်သော အကြောင်းတရားတစ်ခုပင်ဖြစ်ပေသည်။ လူတို့ကိုပျက်စီးစေသည့်အကြောင်းတရားများစွာရှိသည့်အနက် ယနေ့ခေတ်ကာလတွင် လောင်းကစားကြောင့်ပျက်စီးနေသူများကို အများအပြားတွေ့မြင်ရလျက်ရှိသည်။ လောင်းကစားလုပ်ခြင်းသည် မိသားစုအရေး၊ ငွေရေးကြေးရေး၊ ပညာရေး၊ လူမှုရေးနှင့် အလုပ်အကိုင်တို့ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေပြီး အညွန့်တလူလူဖြင့် အနာဂတ်လှပနေသည့်လူငယ်များအတွက် အဓိကခြိမ်းခြောက်နေသောကိစ္စဖြစ်သည်။

လူငယ်ဟူသည် လူငယ်သဘာဝအရ စူးစမ်းချင်စိတ်၊ လက်တည့်စမ်းချင်စိတ်ရှိပြီး အရာရာကို အပျော်သဘောမျိုးစမ်းသပ်ရာကနေ စတင်ထိတွေ့စွဲလမ်းလာတတ်ကြသည်။ စာရေးသူတို့ငယ်စဉ်က အရပ်ထဲတွင် ဘုရားပွဲများ ကျင်းပသည့်အချိန်၌သာ လေးကောင်ဂျင်၊ ခြောက်ကောင်ဂျင်တို့ ဆော့ကြသည့်မြင်ကွင်းများကို တွေ့မြင်ရလေ့ရှိပြီး ဆော့ကစားချင်သည့် လူငယ်များကလည်း မိဘမသိအောင် တိတ်တိတ်လေး ခိုးကြောင်ခိုးဝှက်ဆော့ကြရသည်။ ယနေ့ခေတ်တွင်တော့ လူငယ်တိုင်း၏လက်ထဲတွင် စမတ်ဖုန်းများကိုယ်စီရှိကြပြီး ဆိုရှယ်မီဒီယာပေါင်းစုံမှတစ်ဆင့် လောင်းကစားဂိမ်းကြော်ငြာများကိုနေ့စဉ်ထိတွေ့နေကြသည်။

ဂိမ်းကြော်ငြာများ၏ အမျိုးမျိုးသော ဆွဲဆောင်စည်းရုံးမှုများကြောင့် လူကြီးမိဘများ သိစရာမလိုဘဲ မိမိစမတ်ဖုန်းမှတစ်ဆင့် မိမိစိတ်ကြိုက်လွတ်လပ်စွာ ဆော့ကစားလာကြသည်။ ထို့ကြောင့် ခေတ်သစ်လောင်းကစားခြင်း (Gambling)ကို Gaming ဟူ၍လည်း သတ်မှတ်ခေါ်ဆိုလာကြသည်။ လောင်းကစားကိုစမ်းသပ်ရာမှ စွဲလမ်းလာကာ အထိန်းအကွပ်မဲ့စွာ ဆော့ကစားလာကြပြီး ငွေကြေးဆုံးရှုံးခြင်း၊ အကြွေးတင်ခြင်း၊ မိမိကိုယ်ကိုယုံကြည်မှု အားနည်းလာခြင်း၊ လူမှုဆက်ဆံရေးအားနည်းလာခြင်း၊ ကျောင်းစာများ လေ့လာချိန်မရှိတော့ခြင်း၊ ပညာရေးကိုအာရုံစူးစိုက်မှုလျော့ကျလာခြင်းနှင့် စိတ်ကျန်းမာရေးတို့ကို ဆိုးရွားစွာထိခိုက်လာစေသည်။

လောင်းကစားဥပဒေတွင် လောင်းကစားခြင်းဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးကဲ့သို့တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း လောင်းကစားပြုခြင်းကိုဆိုသည်ဟု ဖွင့်ဆိုထားသည်။ လောင်းကစားသည် အရက်၊ ဆေးလိပ်နှင့် မူးယစ်ဆေးတို့ကဲ့သို့ပင် လူကိုစွဲလမ်းရူးသွပ်စေနိုင်သည်။ လောင်းကစားဟူသည်မှာ မသေချာမရေရာသောအရာတစ်ခုကို အရဲစွန့်၍လုပ်ဆောင်ခြင်းဖြစ်ပြီး မိမိအမှားတစ်ချက်ကြောင့် ပေးဆပ်ရသည့်ပမာဏမှာ မိမိဘဝတစ်ခုလုံးပင်ဖြစ်သည်။ ငယ်ရွယ်စဉ်တွင် အပေါင်းအသင်းများကြောင့် ဖဲရိုက်ခြင်း၊ ဘောလုံးပွဲလောင်းခြင်း၊ ချဲထီထိုးခြင်းတို့ကို အပျော်သဘော လွယ်လွယ်လုပ်ခဲ့မိသော်လည်း အရှုံးရောက်၍ စီးပွားရှာချိန်ထိ စွဲလမ်းမိလာတတ်ပြီး မိမိဘဝ တိုးတက်ရာတိုးတက်ကြောင်းကို ထိခိုက်စေနိုင်သည်။ တစ်နည်းဆိုရသော် လောင်းကစားခြင်းသည် ရာဇဝတ်မှု၊ စာရိတ္တပျက်စီးမှု၊ လူမှုရေး အကျင့်ပျက်မှု တစ်ခုပင်ဖြစ်သည်။

ယနေ့ကာလလူငယ်များသည် အမျိုးမျိုးသော မိုဘိုင်းဂိမ်းများကစားခြင်းကို စွဲလမ်းလျက်ရှိရာ အဆိုပါမိုဘိုင်းဂိမ်းကစားခြင်းမှတစ်ဆင့် ငွေကြေးဖြင့်လောင်းကစားရသည့် ဘောလုံးပွဲလောင်းကြေးဖွင့်ကစားခြင်း၊ 2D၊ 3D လောင်းခြင်း၊ စလော့ဂိမ်း၊ ငါးပစ်ဂိမ်းများကဲ့သို့သော အန္တရာယ်ရှိသည့် အွန်လိုင်းလောင်းကစားဂိမ်းများကို မစမ်းသပ်မိစေရန်လိုပေသည်။ လူငယ်များသည် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုအားနည်းခြင်း၊ ငွေကြေးဆိုင်ရာမပြည့်စုံခြင်း၊ ငွေကြေးချမ်းသာပြည့်စုံသည့် လူငယ်များကဲ့သို့ ငွေကြေးသုံးစွဲလိုခြင်း၊ အတွေ့အကြုံ နုနယ်ခြင်းတို့ကြောင့် ငွေကြေးလွယ်လွယ်ကူကူ ရနိုင်သည်ဟုယုံမှားကာ လောင်းကစားကိုစမ်းသပ်မိကြသည်။

**❖ ယနေ့ကာလလူငယ်များသည် အမျိုးမျိုးသော မိုဘိုင်းဂိမ်းများကစားခြင်းကို စွဲလမ်းလျက်ရှိရာ အဆိုပါမိုဘိုင်းဂိမ်းကစားခြင်းမှ တစ်ဆင့် ငွေကြေးဖြင့်လောင်းကစားရသည့် ဘောလုံးပွဲလောင်းကြေးဖွင့်ကစားခြင်း၊ 2D၊ 3D လောင်းခြင်း၊ စလော့ဂိမ်း၊ ငါးပစ်ဂိမ်းများကဲ့သို့သော အန္တရာယ်ရှိသည့် အွန်လိုင်းလောင်းကစားဂိမ်းများကို မစမ်းသပ်မိစေရန်လိုပေသည်။ လူငယ်များသည် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုအားနည်းခြင်း၊ ငွေကြေးဆိုင်ရာမပြည့်စုံခြင်း၊ ငွေကြေးချမ်းသာပြည့်စုံသည့် လူငယ်များကဲ့သို့ ငွေကြေးသုံးစွဲလိုခြင်း၊ အတွေ့အကြုံနုနယ်ခြင်းတို့ကြောင့် ငွေကြေးလွယ်လွယ်ကူကူ ရနိုင်သည်ဟုယုံမှားကာ လောင်းကစားကိုစမ်းသပ်မိကြသည်။❖**

ယခင်က ဘောလုံးပွဲလောင်းကစားသူများသည် ဖုန်းမက်ဆေ့ချ်များဖြင့် လောင်းကြေးဖွင့်ကစားခဲ့ကြသော်လည်း နည်းပညာသုံးစွဲမှု အဆင့်မြင့်မားလာပြီးနောက် ပုဂ္ဂလိက ငွေလွှဲဝန်ဆောင်မှုများကို အွန်လိုင်းမှတစ်ဆင့် လောင်းကြေးဖွင့်ပြီး လောင်းကစားခြင်းနှင့်လောင်းကစားဝက်ဘ်ဆိုက်၌ ကိုယ်ပိုင်အကောင့်ဖွင့်ကာ လောင်းကစားပြုလုပ်နိုင်သည်ထိ အဆင့်မြင့်လာသည်။ မူးယစ်ဆေးဝါးသည် တစ်ခါ စမ်းသပ်မိပါက တစ်သက်လုံးဖြုတ်မရအောင် စွဲလမ်းစေသကဲ့သို့ လောင်းကစားသည်လည်း တစ်ခါ စမ်းသပ်မိပါက တစ်ဘဝလုံး လူညွှန့်တုံးနိုင်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို နယ်စပ်ဒေသများတွင် တက်တက်ကြွကြွ ထိထိရောက်ရောက် ပူးပေါင်းလက်တွဲတိုက်ဖျက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မိမိတို့နယ်မြေဒေသများအလိုက် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများအပါအဝင် အခြားဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေးအတွက် ရှာဖွေဖော်ထုတ်ခြင်း၊ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့များပါဝင်သည့်ပူးပေါင်းအဖွဲ့များကလည်း တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

အုပ်ထိန်းသူများအနေဖြင့်လည်း လူငယ်များကို လောင်းကစားအန္တရာယ်မှတားဆီးနိုင်ရန် လောင်းကစားခြင်း၏ ဆိုးကျိုးများ ပညာပေးခြင်း၊ ငွေကို ချွေတာသုံးစွဲတတ်စေရန်နှင့် အကျိုးရှိစွာစီမံခန့်ခွဲနိုင်ရန် လေ့ကျင့်သင်ကြားပေးခြင်း၊ ဥပဒေကြောင်းအရ အရေးယူခံရနိုင်ကြောင်း ပညာပေးခြင်း၊ လောင်းကစားလိုသည့်စိတ်ကို မေ့ပျောက်စေရန် အားကစား၊ ဂီတ၊ အနုပညာ၊ စာပေစသည့် ကျန်းမာသောလှုပ်ရှားမှုများတွင် ပါဝင်စေခြင်း၊ မိတ်ဆွေသူငယ်ချင်းများ၏ ပေါင်းသင်းဆက်ဆံမှုအခြေအနေများကို စောင့်ကြည့်ခြင်း၊ စမတ်ဖုန်းများတွင် လောင်းကစားဆော့ဝဲလ်များ ထည့်သွင်းထားခြင်း ရှိ၊ မရှိ ပုံမှန်စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။

လူငယ်အရွယ်သည် အတုမြင်လျှင်အတတ်သင်ကြသည့် အရွယ်လည်းဖြစ်သည့်အလျောက် လူငယ်များနေထိုင်ရာပတ်ဝန်းကျင်သည် ပတ်ဝန်းကျင်ကောင်းဖြစ်ရန်လိုပြီး ပညာသင်ယူရာ ပတ်ဝန်းကျင်သည်လည်း ကောင်းသောပညာရေးပတ်ဝန်းကျင်များဖြစ်ရန်လိုသည်။ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များဖြစ်သည်နှင့်အညီ ခေတ်၏နောက်သို့ လိုက်လျောညီထွေစွာ ပြုမူနေထိုင်နိုင်ရန်လိုပြီး နည်းပညာကိုအကျိုးရှိအောင် တီထွင်ကြံဆအသုံးချနိုင်ရန်လိုသည်။ ယနေ့ခေတ်၏ နည်းပညာဆိုးကျိုးများကို သိရှိနားလည်ရန်လိုပြီး ဗလငါးတန်ပြည့်စုံနေမှသာလျှင် ကောင်းဆိုးနှစ်တန်ကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။ လူငယ်များအနေဖြင့် အင်တာနက်အသုံးပြုနိုင်တိုင်း ခေတ်မီခြင်းမဟုတ်၊ မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာများ သုံးစွဲတတ်ရုံမျှဖြင့် နည်းပညာကျွမ်းကျင်သည် မဟုတ်ပေ။ အတုအယောင် နည်းပညာများဖုံးလွှမ်းထားသော လောင်းကစားအန္တရာယ်၏ ဆိုးကျိုးအန္တရာယ်များကိုလည်း သိရှိသတိပြုကြရန်လိုပေသည်။

ယနေ့လူငယ်များသည် နောင်ဝယ်လူကြီးဖြစ်ပြီး မိမိအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်ကြမည့်သူများဖြစ်သည်။ လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ်များဖြစ်ကြရာ လူငယ်လူရွယ်များ၏ စွမ်းပကား၊ ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်ဓာတ်ခွန်အားများ တိုးတက်ကောင်းမွန်နေရန် လိုအပ်ပေသည်။ ရုပ်ပိုင်းဆိုင်ရာသည် ချက်ချင်းတည်ဆောက်နိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာသည် အချိန်ကာလတစ်ခုကြာ ပြုစုပျိုးထောင်တည်ဆောက်ရသည်။ ထို့ကြောင့် ရောင်နီလင်းလက်နေသော လူငယ်လူရွယ်တို့၏ စိတ်နှလုံးသားကို ပျက်စီးစေသည့် လောင်းကစားအန္တရာယ်ကို သတိပြုဆင်ခြင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ဧက စိုက်ပျိုးမည်

**ကျွန်းလှ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် မြေပဲ ၁၃၈၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျွန်းလှမြို့နယ်အတွင်း မြေပဲသီးနှံဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ မြေပဲစိုက်ပျိုးရာမှာ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

(၂၀၆)

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၆၂၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ချောင်းဦး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၆၂၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၉၇၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လတတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၆၂၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၄၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်း ၁၀၉၇၉ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေ အခုလက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နတ်မြောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူကိုးဦးကို ငွေကျပ် ၃ ဒသမ ၅၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၅၃ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၅၇ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပန်းခရုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပန်းခရုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ပန်းခရုပိဿာချိန် ၄၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပန်းခရုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လက ပန်းခရုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ



ရန်ကုန်ဈေးကွက်က ဒီဘက်က ရေထွက်ကုန်တွေကို အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေရဲ့ လတ်ဆတ်မှုနဲ့ သန့်ရှင်းမှုအပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရုတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ထိ ဈေးပေါက်နေကြောင်း အဆိုပါဒေသမှ ပန်းခရုများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်း၊ တင်ပို့အား ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ကိုင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန် လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ပြင်ဦးလွင်မြို့နယ် ပင်တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ၁၁ ကြိမ်မြောက် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ စည်းမျဉ်း၊ စည်းကမ်းများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၆၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ၁၁ ကြိမ်အဖြစ် ပြင်ဦးလွင်မြို့နယ် ပင်တီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၅၅၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းအပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၃ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# မင်းလှမြို့နယ် ဘုရားငုတ်တိုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မင်းလှ စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘုရားငုတ်တိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ဘုရားငုတ်တိုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့် တွေ့ဆုံကာလိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ လမ်းအရှည်ပေ ၉၀၀၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

စာပေမြင့်မှ လူမျိုးတင့်မည်

# တောင်သူဝင်ငွေတိုးပြီး နိုင်ငံတော်ရွှေသီးစေဖို့ ဂျုံစိုက်ကေတိုးအောင် ဝိုင်းဝန်းဆောင်ရွက်စို့

ဂျုံသည် လူသားတို့အသက်ရှင်နေထိုင်စားသောက်ရန်အတွက် အဓိကစားသုံးသည့် သီးနှံအုပ်စုကြီးသုံးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စပါးပြီးလျှင် ဂျုံသည် ဒုတိယအများဆုံးစားသုံးသည့်သီးနှံဖြစ်သည်။ ရှေးယခင်ကတည်းက ပြည်တွင်းဂျုံစားသုံးမှုမှာ နှစ်စဉ်တန်ချိန် ၁.၅ သိန်းခန့်ရှိပြီး ဂျုံအထွက်နှုန်းမှာ တန်ချိန် ၁.၂ သိန်းခန့်သာရှိသည့်အတွက် နှစ်စဉ်ပြည်ပမှ တန်ချိန်သုံးသောင်းခန့် တင်သွင်းနေရသည်။ ယနေ့အချိန်တွင် ဂျုံတင်သွင်းမှုသည် ယခင်ကထက်မြင့်တက်လျက်ရှိနေသည်ကို အောက်ပါဇယားတွင်တွေ့မြင်နိုင်ပါသည်။

ထုတ်လုပ်မှုအနည်းဆုံးဖြစ်ခဲ့သည်။ ယနေ့ကာလတွင် ဂျုံအထွက်နှုန်းသည် တစ်ဧက ၂၃ တင်းကျော်ထွက်ရှိသော်လည်း စိုက်ဧရိယာနည်းလာသည့်အတွက် ဂျုံစိုက်ပျိုးထုတ်လုပ်မှုမှာလည်း လျော့နည်းလာနေသည်။ ထို့ကြောင့် ပြည်ပမှနှစ်စဉ်ဂျုံတင်သွင်းနေရပြီး အမေရိကန်ဒေါ်လာသန်းပေါင်းများစွာကို အသုံးပြုနေရသည်။ ပြည်ပမှ ဂျုံတစ်တန်ပျမ်းမျှတင်သွင်းစျေးနှုန်းမှာ ၄၄၈.၉၈ ဒေါ်လာဖြစ်ပြီး ပြည်ပသို့ဆန်တစ်တန် ပျမ်းမျှတင်ပို့စျေးနှုန်းမှာ ၃၈၉.၄ ဒေါ်လာဖြစ်သဖြင့် ဂျုံတစ်တန်တင်သွင်းပြီး ဆန်တစ်တန်တင်ပို့နိုင်လျှင်တောင်မှ ပြည်ပသို့ ၅၉.၃ ဒေါ်လာပိုပေးနေရသည်။ ထို့ကြောင့် ပြည်ပမှဂျုံ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၂၃-၂၄ | ၂၀၂၄-၂၅ |
|---|---|---|---|---|---|---|
| ၁။ | ဂျုံစေ့ | US $ သန်း | ၁၄၉.၉၆၈ | ၁၁၆.၆၅၈ | ၁၅၄.၅၉၀ | ၈၅.၈၀၃ |
| | | တန် | ၄၂၉၄၂ | ၂၅၁၄၀၂ | ၄၀၀၇၇၂ | ၂၁၈၆၈၇ |
| ၂။ | ဂျုံမှုန့် | US $ သန်း | ၂.၂၃၀ | ၅.၇၀၈ | ၂.၂၄၅ | ၅.၀၁၆ |
| | | တန် | ၅၀၃၄ | ၁၄၃၃၈ | ၄၂၁၉ | ၁၁၅၁၂ |

အရင်းအမြစ် - ကုန်သွယ်ရေးဦးစီးဌာန

**ဂျုံစိုက်ပျိုးထုတ်လုပ်မှု**

မြန်မာနိုင်ငံတွင် ဂျုံကို ၁၈၈၈ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းသို့ တင်သွင်းကာ ပွေးလှကျေးရွာအုပ်စုရှိ ကျေးရွာငါးရွာတွင် စတင်စမ်းသပ်စိုက်ပျိုးခဲ့ပြီး ထိုမှတစ်ဆင့် ညောင်ကွဲ၊ ရပ်စောက်၊ ညောင်မွန်၊ ဘန်းယဉ်၊ သထုံနှင့် ပင်းတယတို့တွင် စမ်းသပ်စိုက်ပျိုးခဲ့သည်။ စစ်ကိုင်းနှင့်မုံရွာခရိုင်တို့တွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းသည့်အတွက် တဖြည်းဖြည်း တိုးချဲ့စိုက်ပျိုးခဲ့ကြသည်။ ယနေ့အချိန်အခါတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ဂျုံအများဆုံး စိုက်ပျိုးရာဒေသဖြစ်ပြီး စတင်စမ်းသပ်စိုက်ပျိုးခဲ့သော ရှမ်းပြည်နယ်သည် ဒုတိယအများဆုံးနှင့် မန္တလေးတိုင်းဒေသကြီးသည် တတိယအများဆုံး ဂျုံစိုက်ပျိုးရာဒေသများဖြစ်လာခဲ့ကြသည်။ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် အနည်းငယ်စီစိုက်ပျိုးကြသည်။

ဂျုံစိုက်ပျိုးသည့်ဧရိယာအနေဖြင့် ၁၉၀၅-၁၉၀၆ ခုနှစ်တွင် စုစုပေါင်း ၃၅၁၇၈ ဧကရှိခဲ့ပြီး စစ်ကိုင်းခရိုင်တွင် ၂၄၃၆၁ ဧကကို စိုက်ပျိုးခဲ့သည်။ ၁၉၀၁-၁၉၀၂ ခုနှစ်တွင် ဂျုံတစ်ဧကပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် ကိုးတင်းခန့်သာရှိခဲ့သည်။

မြန်မာနိုင်ငံ၏ ဂျုံစိုက်ပျိုးထုတ်လုပ်မှုသမိုင်းတွင် ၁၉၈၄-၁၉၈၅ ခုနှစ်မှ ၁၉၉၃-၁၉၉၄ ခုနှစ် ထိ ဆယ်စုနှစ်ကာလအတွင်း စိုက်ဧရိယာသုံးသိန်းကျော်စိုက်ပျိုးနိုင်ခဲ့ပြီး အများဆုံးစိုက်ပျိုးသည့်နှစ်မှာ ၁၉၉၂-၁၉၉၃ ခုနှစ်တွင် ဧက ၃.၈ သိန်းကျော်စိုက်ပျိုးကာ တစ်ဧကပျမ်းမျှအထွက်နှုန်း တစ်ဧကလျှင် ၁၂.၀၇ တင်းဖြင့် တင်းပေါင်း ၄၄ သိန်းခန့် ထွက်ရှိခဲ့သည်။ ၁၉၉၄-၁၉၉၅ ခုနှစ်မှစတင်၍ စိုက်ဧရိယာနှစ်သိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး တဖြည်းဖြည်းကျဆင်းလာရာ ၂၀၁၇-၂၀၁၈ ခုနှစ်မှ စတင်၍ဂျုံစိုက်ကေတစ်သိန်းကျော်သာ စိုက်ပျိုးနိုင်တော့သည်။ တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ယခင်က ၁၀ တင်းကျော်၊ တင်း ၂၀ ထွက်ရှိရာမှ ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်၍ ၂၃ တင်းကျော်ထွက်ရှိခဲ့သည်။

ဂျုံစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၁၉၈၄-၁၉၈၅ ခုနှစ်တွင် တင်းပေါင်း ၆၃ သိန်းကျော်ထွက်ရှိခဲ့ပြီး အများဆုံးထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် တင်းပေါင်း ၂၇ သိန်းကျော်သာ ထွက်ရှိခဲ့ပြီး

တင်သွင်းနေရမှုကို လျှော့ချရန်အတွက် ပြည်တွင်းတွင် ဂျုံစိုက်ဧရိယာတိုးချဲ့ရန် အလွန်အရေးကြီးပါသည်။ ပြည်တွင်းစားသုံးမှုဖူလုံရန်နှင့် သွင်းကုန်ပမာဏလျှော့ချနိုင်ရန်တို့အတွက် ဂျုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေဆောင်ရွက်ကြရမည်။

**ဂျုံစိုက်ကေလျော့နည်းမှုကို ဆန်းစစ်ခြင်း**

ဂျုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စိုက်ဧရိယာတိုးချဲ့ရေးသည် အလွန်အရေးကြီးသည်။ ဂျုံအများဆုံး စိုက်ပျိုးနိုင်ခဲ့သော ၁၉၉၂-၁၉၉၃ ခုနှစ်တွင် စိုက်ဧက ၃.၈ သိန်းကျော်ရှိခဲ့ရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စိုက်ဧက ၁.၂ သိန်းကျော်သာ စိုက်ပျိုးနိုင်သဖြင့် ဂျုံစိုက်ပျိုးရန် အလားအလာရှိသောမြေဧရိယာ ဧက ၂.၆ သိန်းကျော် ကျန်ရှိနေပါသေးသည်။ ထိုဧရိယာများကို အပြည့်အဝစိုက်ပျိုးနိုင်ပြီး အထွက်နှုန်းလည်း တိုးမည်ဆိုပါက ဂျုံစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာတိုးတက်လာနိုင်ပြီး ပြည်ပသို့ပြန်လည်တင်ပို့နိုင်သည့် အခြေအနေသို့ပင် ရောက်ရှိနိုင်သည်။

**(က) သီးနှံယှဉ်ပြိုင်မှု**

ဂျုံစိုက်ဧရိယာလျော့နည်းသွားရခြင်းသည် ဂျုံသီးနှံအစား စီးပွားရေးအရတွက်ခြေကိုက်သည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးခြင်းကြောင့်ဖြစ်သည်။ ရှမ်းပြည်နယ်တွင် ၁၉၉၂-၁၉၉၃ ခုနှစ်တွင် ဂျုံစိုက်ဧရိယာ ဧက ၄၀၀၀၀ ခန့်ရှိခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးခဲ့၍ စိုက်ဧက ၁၃၀၀၀ ကျော်လျော့နည်းခဲ့သည်။ ထိုလျော့နည်းသောဧရိယာများတွင် စပါး၊ ပဲပုပ်၊ ကြက်သွန်ဖြူ၊ အာလူး၊ ဟင်းသီးဟင်းရွက်၊ ပန်းနှမ်းနှင့် နေကြာသီးနှံများ ပြောင်းလဲစိုက်ပျိုးခဲ့ကြသည်။ ရောဝတီတိုင်းဒေသကြီးတွင် ၁၉၉၂-၁၉၉၃ ခုနှစ်တွင် ဂျုံစိုက်ဧရိယာ ဧက ၅၀၀၀ ခန့် စိုက်ပျိုးခဲ့သော်လည်း ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးခြင်းမရှိခဲ့ပါ။ အကြောင်းမှာ စီးပွားရေးအရတွက်ခြေကိုက်သည့် မတ်ပဲနှင့်ပဲတီစိမ်းသီးနှံများကို ပြောင်းလဲစိုက်ပျိုးခြင်းကြောင့်ဖြစ်သည်။

ဂျုံအများဆုံးစိုက်ပျိုးသော စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၉၉၂-၁၉၉၃ ခုနှစ်နောက်ပိုင်းမှ စတင်၍ ကုလားပဲစျေးကောင်းလာသည့်အပြင် စျေးကွက်စီးပွားရေးအရ အရောင်းအဝယ်လည်း သွက်လာသောကြောင့် ဂျုံအစား ကုလားပဲကို ပိုမိုစိုက်ပျိုးလာကြရာ ဂျုံစိုက်ကေသုံးသိန်းခန့်ရှိခဲ့ရာမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကေတစ်သိန်းခန့်သာရှိလာခဲ့ပြီး ကေနှစ်သိန်းခန့်လျော့နည်းသွားခဲ့သည်။

**(ခ) ရာသီဥတုပြောင်းလဲမှု**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂျုံကိုအစောဆုံး အောက်တိုဘာလတွင် စိုက်လေ့ရှိသည်။ ဩဂုတ်လနှင့် အောက်တိုဘာလထိ မိုးမကောင်းလျှင် ဂျုံကို အချိန်မီစိုက်ရန် အစိုဓာတ်မရှိ၍ ထယ်ရေးထွန်ရေးမဝင်နိုင်ပေ။ အောက်တိုဘာလမှ နိုဝင်ဘာလကုန်ထိ မိုးမပြတ်ရွာနေလျှင်လည်း ဂျုံစိုက်၍မရနိုင်ပေ။ အောက်တိုဘာလတွင် မြေအစိုဓာတ်အနေတော်ဖြစ်၍ ဂျုံစိုက်လျှင်လည်း နိုဝင်ဘာလတွင် မိုးကြီးစွာရွာသွန်းပါက အပင်ပေါက်ငယ်များ ပျက်တတ်သည်။ ရာသီဥတုပြောင်းလဲမှုများသည်လည်း ဂျုံစိုက်ကေများ လျော့နည်းရခြင်းအကြောင်းတရားတစ်ခုဖြစ်နိုင်ပါသည်။

လက်ရှိဂျုံစိုက်ပျိုးထွက်ရှိမှုအခြေအနေများအရ ဂျုံသီးနှံ ရေလိုအပ်သည့်အချိန်မှာ ဖြည့်စွက်ရေသွင်းပေးနိုင်သည့်စိုက်ဧရိယာများသည် တစ်ဧကအထွက်နှုန်းပိုမိုထွက်ရှိကြသည်။ ဂျုံတစ်ကီလိုဂရမ်ကြီးထွားရန် ရေလီတာ ၁၈၀၀ လိုအပ်သည်။ ထို့ကြောင့် ဂျုံစိုက်ပျိုးရာတွင်လိုအပ်သည့် အချိန်များမှာ ရေသွင်းပေးရန်အရေးကြီးသည့်အတွက် ရေရှိမှုအခြေအနေသည်လည်း ဂျုံစိုက်ပျိုးရန် အတားအဆီးဖြစ်နိုင်သည်။

**(ဂ) သွင်းအားစုအခြေအနေ**

၁၉၉၂-၁၉၉၃ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်မှ သက်သာသောစျေးနှုန်းဖြင့် ယူရီးယားဓာတ်မြေဩဇာဖြန့်ချီမှုကို စပါးဦးစားပေးဖြစ်လာရာ ဂျုံအပါအဝင် အခြားသီးနှံများအတွက် ဓာတ်မြေဩဇာရရှိမှုနည်းလာသည်။ အထွက်တိုးဂျုံများဖြစ်သည့် V 1287, L.U.26, Blue Silver နှင့် UP 262 စသောဂျုံများနှင့် Maxipark ဂျုံများသည် အစိုဓာတ်လုံလောက်စွာရရှိရန်လိုအပ်သည်။ ဓာတ်မြေဩဇာထည့်မှုလည်း အထွက်တိုးနိုင်သည့်အတွက် ဓာတ်မြေဩဇာထည့်ရသကဲ့သို့ ရေပေးသွင်းရန်လည်းလိုအပ်သည်။ ထို့အပြင် အထွက်တိုးဂျုံများသည် ရှေးယခင်က တောင်သူများ လက်ဝယ်တွင်ရှိသော မုံရွာဂျုံဖြူ (NP-4)လောက် အကြမ်းမခံ၊ ရေငတ်ဒဏ်၊ ရောဂါပိုးမွှားဒဏ်မခံနိုင်ပေ။

ပြည်တွင်းစျေးကွက်တွင် မုန့်ဖုတ်လုပ်မှုအရည်အသွေးမှာ အထွက်တိုးဂျုံများသည် မုံရွာဂျုံဖြူကိုမမီပေ။ အညာဒေသနှင့် မြေလတ်ဒေသရှိ ပေါင်မုန့်၊ ကိတ်မုန့်၊ ဘီစကွတ်စသည့်မုန့်လုပ်ငန်းများသည် ပြည်တွင်းထွက် မုံရွာဂျုံဖြူမှုန့်များကို အဓိကကုန်ကြမ်းအဖြစ် သုံးကြသည်။ မုံရွာဂျုံဖြူသည် အထွက်တိုးဂျုံထက် အထွက်နည်းသော်လည်း မိုးခေါင်ရေငတ်ဒဏ်ခံနိုင်သည်။ ပိုးမွှားကျရောက်မှုနည်းသည်။ မြေဩဇာများများထည့်ရန် မလိုသည့်အပြင် စျေးကောင်းရသဖြင့် တောင်သူများစိုက်ပျိုးမှုများပြားနေဆဲဖြစ်သည်။ ထို့ကြောင့် မျိုး၊ မြေဩဇာ၊ရေ စသည့်သွင်းအားစုအခြေအနေများသည်လည်း စိုက်ဧရိယာအပေါ်အတားအဆီးဖြစ်နိုင်သည်။

**ဂျုံစိုက်ကေတိုးချဲ့ဖို့ ဝိုင်းဝန်းဆောင်ရွက်စို့**

ဂျုံစိုက်ဧရိယာတိုးချဲ့ရေးအတွက် ပါဝင်ပတ်သက်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မည်သည့်သီးနှံမဆို စျေးကွက်သည် အလွန်အရေးကြီးသည်။ စျေးကွက်မကောင်းလျှင် တောင်သူများသည် မစိုက်ချင်ကြပေ။ ထို့ကြောင့် ပြည်တွင်းတွင် ဂျုံသီးနှံအတွက် ခိုင်မာသည့်စျေးကွက်ကို ဖော်ဆောင်ပေးရန် လိုအပ်သည်။ ဂျုံသီးနှံစျေးကွက်ခိုင်မာလျှင် တောင်သူများသည်လည်း ဂျုံကိုစိုက်ပျိုးရန်ဆန္ဒရှိလာပြီး အမှန်တကယ်လည်း စိုက်ပျိုးနိုင်လာသည့်အတွက် စိုက်ဧရိယာများ တိုးလာနိုင်သည်။

တောင်သူများအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် စီးပွားရေးတွက်ခြေကိုက်မှုသည် အဓိက အရေးကြီးသောအချက်ဖြစ်သည်။ ဂျုံစိုက်ရာတွင် တစ်ဧကကုန်ကျစရိတ်အနေဖြင့် ငွေကျပ်ခုနစ်သိန်းနီးပါးကုန်ကျနိုင်ပြီး တစ်ဧက ၂၃.၆၅ တင်းနှုန်းထွက်ပါက တစ်ဧကမှဝင်ငွေကျပ် ၁၅ သိန်းခန့် ရရှိနိုင်သည်။ ဂျုံတစ်ဧကမှ အကျိုးအမြတ်အားဖြင့် ငွေကျပ်ရှစ်သိန်းခန့်ရရှိနိုင်ပြီး တစ်ကျပ်ရင်းလျှင် ၂.၂ ကျပ်မြတ်နိုင်သောသီးနှံဖြစ်သည်။

ဂျုံသည်အကျိုးအမြတ်အားဖြင့် တောင်သူများအတွက် စိုက်ပျိုးသင့်သောသီးနှံတစ်မျိုးဖြစ်သည်။ ဂျုံစိုက်ပျိုးနေသော တောင်သူများအနေဖြင့်လည်း တစ်ဧကမှငွေကျပ်ရှစ်သိန်းခန့် အကျိုးအမြတ်ရရှိနေသည်။ အကြောင်းအမျိုးမျိုးကြောင့် ဂျုံကိုဦးစားပေးစိုက်ပျိုးရန် အဟန့်အတားဖြစ်စေသည့် အတားအဆီးများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်လျှင် တောင်သူများသည် ဂျုံကိုစိုက်ပျိုးလာနိုင်သည်။ ဂျုံကို တောင်သူများစိုက်ပျိုးကြလျှင် အမှန်တကယ်ဝင်ငွေတိုးနိုင်ပြီး နိုင်ငံတော်အတွက်လည်း ဂျုံစိုက်ကေတိုးလာသည့်အတွက် ဂျုံထုတ်လုပ်မှုတိုးလာကာ ပြည်ပမှဂျုံတင်သွင်းမှုကိုလျှော့ချနိုင်ပြီး နိုင်ငံခြားသုံးငွေကိုလည်း ချွေတာနိုင်မှာဖြစ်သည်။ ထို့ကြောင့် တောင်သူများလည်းဝင်ငွေတိုးပြီး နိုင်ငံတော်ရွှေသီးစေဖို့ ဂျုံစိုက်ကေတိုးအောင်ဝိုင်းဝန်းဆောင်ရွက်စို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။



အောင်မြင်ဖြစ်ထွန်းနေသော ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

စိုးမိုးဝင်း(စိုက်ပျိုးရေး)

# ကမ္ဘာတစ်ဝန်းသို့ နျူကလီးယားပစ်ခတ်နိုင်စွမ်းရှိမည့် တရုတ်နိုင်ငံ၏ DF-5C တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်

မကြာသေးသည့်နှစ်များက အမေရိကန်နှင့် ရုရှားတို့ကြား တာလတ်ပစ်နျူကလီးယားလက်နက်များထိန်းချုပ်ရေး သဘောတူညီချက် ပျက်စီးခြင်းသည် ကမ္ဘာ့နျူကလီးယားပိုင်နိုင်ငံများအတွက် သတိပြုစရာတစ်ခုဖြစ်လာသည်။ တစ်ဖက်၌လည်း ကုလသမဂ္ဂ၏ နျူကလီးယားမပြန့်ပွားရေးစာချုပ်၏ သက်ရောက်မှုများမှာလည်း ဖြည်းဖြည်းချင်းမှေးမှိန်လာခဲ့သည်။ ဇွန်လအတွင်းက အီရန်နျူကလီးယားစက်ရုံများအပေါ် အစ္စရေး၏ အကြောင်းပြချက်မဲ့လက်ဦးမှု ရယူတိုက်ခိုက်မှုများသည် ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့် ရန်လိုဘက်များရှိနေသည့်နိုင်ငံများအတွက် စစ်ရေးသတိရှိရန် လှုံ့ဆော်ပေးမှုဖြစ်စေသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် တရုတ်နိုင်ငံသည် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ်အဖြစ် ပေကျင်းမြို့ရှိ Tian'anmen ရင်ပြင်၌ကျင်းပသော စစ်ရေးပြအခမ်းအနားတွင် DF-5C တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် (ICBM) ကို မိတ်ဆက်ပြသခဲ့သည်။ ဒုံးကျည်ကို ၎င်း၏ပထမအဆင့်၊ အပေါ်ပိုင်းအဆင့်နှင့် ထိပ်ဖူးအပိုင်းတို့ပါဝင်သည့် သီးခြားအပိုင်း သုံးပိုင်းဖြင့် သရုပ်ပြထားပြီး ၁၉၈၄ ခုနှစ်တွင် ဖော်ပြခဲ့သည့် DF-5 ၏ ကနဦးအသွင်အပြင်ကို သတိရစေသည်။ ၎င်းအခမ်းအနားတွင် တရုတ်နျူကလီးယားတပ်များ၏ ကြည်း၊ ရေ၊ လေအခြေပြုစနစ်များကို ပထမဆုံးအကြိမ်ပြသခဲ့ပြီး နျူကလီယားလက်နက်ပစ်လွှတ်နိုင်သည့် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ သုံးခုအား ပုံဖော်ထားမှုကို ထင်ဟပ်စေသည်။

**DF-5C ဒုံးကျည်**

DF-5C ဒုံးကျည်၏အချင်းသည် သုံးမီတာကျော်ရှိပြီး ၎င်း၏အစိတ်အပိုင်းများကို သီးခြားသယ်ယူပို့ဆောင်ရန်လိုအပ်သည်။ ဤဒုံးကျည်သည် နှစ်ဆင့်ကွဲကိုယ်ထည်ပုံစံနှင့် လောင်စာအရည်သုံး မြေအောက်အခြေစိုက်ဒုံးကျည်ဖြစ်သည်။ ၎င်း၏ ပထမအဆင့်တွင် အင်ဂျင်လေးလုံးဖြင့် မောင်းနှင်ထားပြီး တွန်းအားသိသိသာသာ ပေးဆောင်နိုင်စွမ်းကို ညွှန်ပြသည့်အချက်ဖြစ်သည်။ စစ်ရေးပြအခမ်းအနားနှင့် ပတ်သက်သည့်သတင်းများနှင့် သုံးသပ်ချက်များက ဒုံးကျည်အနေဖြင့် အကွာအဝေးကီလိုမီတာ ၂၀၀၀၀ ထက် ပိုမိုရောက်ရှိမှုနှင့်ကမ္ဘာမြေပေါ်ရှိ မည်သည့်နေရာကိုမဆို ပစ်မှတ်ထားနိုင်စေသည်ဟု ဖော်ပြခဲ့ကြသည်။ ဤဒုံးကျည်သည် မီဂါတန်နှင့်ချီသော ထိပ်ဖူးတစ်ခု သို့မဟုတ် ထိပ်ဖူး ၁၀ ခုမှ ၁၂ ခုထိ သို့မဟုတ် သီးခြားပစ်မှတ်အသီးသီးသို့ လွတ်လပ်စွာပစ်မှတ်ထားနိုင်သော ဒုံး(MIRVs)အများအပြားကို သယ်ဆောင်နိုင်သည်ဟုဆိုသည်။

ကျွမ်းကျင်သူများ၏ အကဲဖြတ်ချက်များအရ DF-5C သည် အသံထက် ၁၀ ဆကျော်သော အမြန်နှုန်းရှိကာ ၎င်းကဒုံးကျည်ကာကွယ်ရေးစနစ်များအတွက် ကြားဖြတ်ဖျက်ဆီးမည့်နည်းလမ်းများကို လျှော့ချပေးသည်။ ၎င်း၏လမ်းညွှန်ချက်တွင် အင်နားရှားစနစ်များ၊ Starlight ဖြင့် လမ်းကြောင်းပြခြင်းနှင့် Beidou ဂြိုဟ်တုကွန်ရက်တို့ကို ပေါင်းစပ်ထားမှုက တိုက်ကြီးများအကွာအဝေးတစ်လျှောက် တိကျမှန်ကန်မှုကို မြှင့်တင်ရန်ရည်ရွယ်ထားမှုကို ပြသလျက်ရှိသည်။

DF-5C သည် Project 8201 အရ ၁၉၆၀ ပြည့်နှစ်များနှောင်းပိုင်းတွင် စတင်ခဲ့သော DF-5 ဒုံးကျည်အုပ်စု၏ဆင့်ကဲတိုးတက်မှုကို ဆက်လက်လုပ်ဆောင်ခြင်းဖြစ်သည်။ မူလ DF-5 ကို ၁၉၇၁ ခုနှစ်တွင် ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပထမဆုံး ICBM အဖြစ် တပ်တော်ဝင်ခဲ့သည်။ အလျား ၃၂ ဒသမ ၆ မီတာနှင့် အလေးချိန် ကီလိုဂရမ် ၁၈၃၀၀၀ ရှိသော DF-5 သည် ကနဦးအကွာအဝေး ကီလိုမီတာ ၁၀၀၀၀ မှ ၁၃၀၀၀ ထိရှိပြီး ကြီးမားသော ထိပ်ဖူးတစ်ခုကို သယ်ဆောင်သည်။ DF-5A နှင့်အတူ နောက်ပိုင်းတိုးတက်မှုများက ဒုံးကျည်အကွာအဝေးကို ကီလိုမီတာ ၁၃၀၀၀ ကိုကျော်လွန်စေပြီး DF-5B သည် ထိပ်ဖူးသုံးခုမှ ငါးခုဖြင့် MIRV စွမ်းရည်ကို မြှင့်တင်ပေးသည်။ ၂၀၁၅ ခုနှစ်တွင်ဖော်ပြခဲ့သည့် အလွတ်သတင်းအရင်းအမြစ်များ ခန့်မှန်းချက်များအရ တရုတ်နိုင်ငံသည် DF-5 ICBM ၈၃ စင်းခန့် တပ်ဆင်ထားခဲ့ပြီး ခန့်မှန်းခြေအားဖြင့် ၅၀ မှာ DF-5B အမျိုးအစားများဖြစ်သည်။



တရုတ်နိုင်ငံ၏ DF-5C တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်ကို တွေ့ရစဉ်။

၂၀၁၇ ခုနှစ်က တရုတ်နိုင်ငံတွင်အသုံးပြုနိုင်သည့် DF-5 ဒုံးကပစ်လောင်ချာ ၂၀ ခုရှိသည်ကို သတင်းများကဖော်ပြခဲ့ပြီး ၎င်းဒုံးကျည်များအား ရန်သူမှပစ်မှတ်ထားခြင်းကို ရှုပ်ထွေးစေရန် ဒီဇိုင်းထုတ်ထားသော မြေအောက်အခြေစိုက်လှည့်စားဒုံးကွန်ရက်မှ ပံ့ပိုးထားခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ပြုလုပ်သော စမ်းသပ်မှုတစ်ခုတွင် MIRV ၁၀ ခု တပ်ဆင်ထားသော DF-5C ပါဝင်ပြီး ၎င်းဒုံးအုပ်စု၏ တိုးတက်မှုအတွက် နောက်ထပ်ခြေလှမ်းတစ်ခုအဖြစ် အတည်ပြုခဲ့သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ်စစ်ရေးပြပွဲတွင် DF-5C သည် ထိပ်ဖူးတပ် DF-5A ဒုံးများနှင့် DF-5B တို့နှင့်နှိုင်းယှဉ်ပါက ပိုမိုကြီးမားသောမဟာဗျူဟာမြောက်ရွေးချယ်မှုအဖြစ် သက်သေပြခဲ့သည်။

၂၀၂၅ ခုနှစ် စစ်ရေးပြအခမ်းအနားသည် တရုတ်နိုင်ငံ၏ နျူကလီးယားသုံးမျိုးလုံးကို အလေးပေးပြသပြီးအခြားသောနျူကလီးယားစနစ်များကိုလည်း ပြသခဲ့သည်။ ရေတပ်သည် Type 094A ပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘောများအတွက် အဓိကတပ်ဆင်ထားသည့် JL-3 ရေငုပ်သင်္ဘောမှ ပစ်လွှတ်သော ပဲ့ထိန်းဒုံးကျည်ကိုပြသခဲ့သည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ အကဲဖြတ်ချက်များအရ ၎င်း၏ အကွာအဝေးကီလိုမီတာ ၁၀၀၀၀ နီးပါးရှိသည်ဟုဆိုသည်။ လေကြောင်းမှ ပစ်လွှတ်သည့် အပိုင်းတွင် CH-AS-X-13 အစီအစဉ်နှင့် ဆက်စပ်သည့် စနစ်တစ်ခုဖြစ်သည့် H-6N ဗုံးကြဲလေယာဉ်မှ သယ်ဆောင်လာသော JL-1 ဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည်ကိုပြသခဲ့သည်။ H-6N ကို Y-20U ဝေဟင်ဆီဖြည့်လေယာဉ်ဖြင့် ဖွဲ့စည်းပြသခဲ့ပြီး ၎င်း၏ထိရောက်မှုအကွာအဝေးကိုတိုးချဲ့စေသည့် ဝေဟင်ဆီဖြည့်နိုင်စွမ်းကို အလေးပေးပြသခဲ့သည်။ တရုတ်နိုင်ငံသည် ကြည်း၊ရေ၊လေ အခြေစိုက် နျူကလီးယားသယ်ဆောင်ပစ်လွှတ်စနစ်သုံးမျိုးကို အတူတကွလူသိရှင်ကြားပထမဆုံးအကြိမ် ပြသခဲ့ခြင်းဖြစ်သည်။ DF-26D၊ DF-17 နှင့် CJ-1000 ကဲ့သို့သော သမားရိုးကျစနစ်များကို နျူကလီးယားနှင့် နျူကလီးယားမဟုတ်သော ကွဲပြားခြားနားချက်ကို ဖော်ပြရန်အတွက် သီးခြားစီပြသခဲ့သည်။

DF-5C နှင့်အတူ အခြားသောမြေပြင်အခြေစိုက်ဒုံးစနစ်အသစ်များသည် အာရုံစိုက်မှုကိုဆွဲဆောင်ခဲ့သည်။ ၁၆ ဘီးတပ် ဒုံးသယ်ဆောင်ပစ်လွှတ်ယာဉ်(TEL) ဖြင့်သယ်ဆောင်လာသော DF-61 သည် ၂၀၁၉ ခုနှစ်တွင်ပြသထားသည့် DF-41 စနစ်နှင့် ဆင်တူပြီး ၎င်းသည်ပြုပြင်မွမ်းမံမှု သို့မဟုတ် ဆက်ခံသော မျိုးကွဲဖြစ်နိုင်သည်ဟု သတ်မှတ်ချက်များရှိလာစေသည်။

ဤသတ်မှတ်ချက်သည် မြေအောက်အခြေစိုက်ဒုံးဖြန့်ကြက်မှုအတွက် DF-31 အတန်းအစားဒုံးကျည်နှင့် ဆက်စပ်မှုရှိနိုင်သည်။ အကဲခတ်သူများက လက်ရှိ သို့မဟုတ် ပေါ်ပေါက်လာသော လက်နက်တိုက်များတွင် မတူညီသော ICBM မူကွဲကိုးခုရှိသည်ဟုဆိုသည်။ ၎င်းတွင် လောင်စာအခဲနှင့် လောင်စာအရည်သုံး တွန်းကန်အားစနစ်၊ ရွေ့လျားနှင့် မြေအောက်အခြေပြု MIRV များ၊ ကြီးမားသော ထိပ်ဖူးများအပါအဝင် လက်နက်အမျိုးအစားများ ပါဝင်သည်ဟုဖော်ထုတ်ခဲ့သည်။ ဤအမျိုးအစားသည် သတ်မှတ်ထားသောလမ်းကြောင်း တစ်ခုတည်းတွင် ဆက်လက်တိုးတက်မှုထက်ကွဲပြားသော ဖွံ့ဖြိုးမှုဆိုင်ရာချဉ်းကပ်မှုကို ထင်ဟပ်စေသည်။

DF-5C သည် ၂၀၃၀ ပြည့်နှစ်တွင် တရုတ်၏ နျူကလီးယား သိုလှောင်မှုထိပ်ဖူးပေါင်း ၁၀၀၀ ခန့်ထိရှိလာနိုင်သည်ဟူသော ပင်တဂွန်၏ခန့်မှန်းချက်အပါအဝင် ပိုမိုကျယ်ပြန့်သောလမ်းကြောင်းများနှင့် ဆက်နွှယ်လျက်ရှိသည်ဟု လေ့လာသူများက ဆိုသည်။ ဤတင်ပြဆွေးနွေးမှုများသည် နိုင်ငံရေးဆိုင်ရာအချက်ပြမှုများနှင့် နည်းပညာဆိုင်ရာ ထုတ်ဖော်မှုတို့ကိုပေါင်းစပ်ထားသည့် DF-5C ၏ ပွဲဦးထွက်လက္ခဏာနှစ်ရပ်ကို ပေါ်လွင်စေသည်။

DF-5C ၏ မိတ်ဆက်မှုသည် တာဝေးရောက်ရှိမှု၊ ဝန်တင်ဆောင်နိုင်မှုနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်တို့ကို ထိုးဖောက်နိုင်သည့်စွမ်းရည်အပေါ်ဗဟိုပြုထားသည်။ ထိပ်ဖူးမျိုးစုံနှင့် လှည့်စားထိပ်ဖူးများစွာကို သယ်ဆောင်သည့် မြေအောက်အခြေစိုက်ဒုံးကျည်စနစ်သည်ပျံသန်းမှုတွင် ဖြာထွက်သည့်အရာဝတ္ထုအရေအတွက်ကိုတိုးပွားစေခြင်းဖြင့် ဒုံးကျည်ကာကွယ်ရေးစနစ်များ ကြားဖြတ်ခြင်းကို ပိုမိုခက်ခဲစေသည်။ ကမ္ဘာလုံးဆိုင်ရာ တိုက်ခိုက်မှုအကွာအဝေး၊ လျင်မြန်စွာပစ်လွှတ်ရန် ပြင်ဆင်မှုနှင့် သမားရိုးကျမဟုတ်သောဖြစ်နိုင်ခြေရှိသည့် လမ်းကြောင်းများ၏ အခိုင်အမာဖော်ပြချက်များသည် စစ်ဆင်ရေးစမ်းသပ်မှုဖြင့် အတည်ပြုပါက ၎င်း၏မဟာဗျူဟာမြောက် သက်ရောက်မှုကို တိုးစေမည်ဖြစ်သည်။

ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးပျံတပ်ဖွဲ့၏ ခေတ်မီအဆင့်မြှင့်တင်မှုအတွင်း DF-5C သည် DF-5A စနစ်အဟောင်းများနှင့် DF-41၊ DF-31 အတန်းအစားများကဲ့သို့ လောင်စာအခဲသုံးစနစ်များအတွက် ဖြည့်စွက်နေရာယူထားသည်။ ထို့ကြောင့် ၎င်း၏ ပွဲဦးထွက်ပြသမှုသည် အမေရိကန် နေတိုးကာကွယ်ရေးအစီအစဉ်အတွက် အကျိုးဆက်များနှင့်အတူ လက်ရှိနည်းပညာဖွံ့ဖြိုးတိုးတက်မှုကို သရုပ်ပြခြင်းဖြစ်သကဲ့သို့ မဟာဗျူဟာမြောက် ရည်ရွယ်ချက်အား ထုတ်ပြန်ချက်အဖြစ်လည်း လုပ်ဆောင်လျက်ရှိသည်။

အချို့သော ဝေဖန်သုံးသပ်သူများက DF-5C ၏ဖော်ပြချက်သည် ကမ္ဘာမြေပေါ်ရှိ မည်သည့်နေရာတွင်မဆို ထိထိရောက်ရောက်တိုက်ခိုက်နိုင်သည်ဟုဖော်ပြပြီး ၎င်းကိုအာကာသအတွင်း ထိုးနှက်မှုတစ်စိတ်တစ်ပိုင်းလုပ်ဆောင်သည့်စနစ်(Fractional Orbital Bombardment System -FOBS) နှင့် ချိတ်ဆက်နိုင်ကြောင်း ဖြစ်နိုင်ခြေရှိသည့်ညွှန်ပြချက်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ FOBS ဆိုသည်မှာ နျူကလီးယားထိပ်ဖူးကို ကမ္ဘာမြေအနိမ့်ပိုင်းဂြိုဟ်ပတ်လမ်းအတွင်းနေရာချကာ ပစ်မှတ်ဆီသို့ လှည့်ပတ်ပျံသန်းပြီး တိုက်ခိုက်မှုလမ်းကြောင်းကို မှန်းဆမရနိုင်ဘဲ ဒုံးကျည်ကာကွယ်ရေးနှင့် ကြိုတင်သတိပေးရေဒါများအတွက် သတိပေးချိန်ကိုလျှော့ချပေးသည့် စနစ်တစ်ခုဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ဟိုက်ပါဆောနစ်လျှောစိုက်ယာဉ်နှင့်အတူ FOBS ကဲ့သို့ ဝိသေသလက္ခဏာများပါသည့် စနစ်တစ်ခုကိုစမ်းသပ်ခဲ့ပြီး စွမ်းဆောင်ရည်ကို မြှင့်တင်နေသည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ်လာခဲ့သည်။

ခြုံ၍ဆိုရလျှင် တရုတ်နိုင်ငံသည် စစ်ဘက်နည်းပညာတွင် အလွန်အမင်းတိုးတက်အောင်မြင်လာသကဲ့သို့ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင့်မီတပ်မတော်ဖြစ်ရေးကိုကြိုးပမ်းလျက်ရှိသည်။ ၎င်းကိုယခုစစ်ရေးပြအခမ်းအနားတွင်ပြသခဲ့သည့် DF-5C ဒုံးကျည်က သက်သေထူလျက်ရှိသည်။ မည်သည့်တရားဝင်အတည်ပြုချက်မျှပေးထားခြင်း မရှိသေးသည့်တိုင် လေ့လာသူများက DF-5C ၏အရွယ်အစား၊ အင်ဂျင်လေးလုံးပါရှိခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တိုက်ခိုက်နိုင်မှုကို အလေးပေးဖော်ပြခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ တရုတ်နိုင်ငံ၏ဒုံးကျည်နည်းပညာများ အံ့မခန်းတိုးမြင့်လာမှုနှင့် ကမ္ဘာ့မည်သည့်နေရာသို့မဆို တိုက်ခိုက်နိုင်သည့်ဒုံးကျည်များ ထုတ်လုပ်ပြသလာမှုများက ပြိုင်ဘက်နိုင်ငံများအတွက် စိုးရိမ်မှုမြင့်တက်စေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- China could reach global nuclear strike capability with new DF-5C intercontinental ballistic missile, Defense News, September 2025

**နေရှား(သုတေသန)**

**ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)(အဘိဓဇမဟာရဋ္ဌဂုရု) ဦးဆောင်သော နယ်စပ်တောင်တန်းနှင့်**

**ကမ်းရိုးတန်းဒေသရှိ ကျောင်းပေါင်း (၁၅၈၃) ကျောင်းအား လှူဒါန်းနေသော**

**ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်၏ (၁၈)ကြိမ်မြောက် ၁၃၈၇ ခုနှစ်၊ ၂၀၂၅ ခုနှစ် ကထိန်တော် အလှူခံနှိုးဆော်လွှာ**

ဗုဒ္ဓဘာသာ သာသနာရောင်ဝါ နေသို့လင်းစေရန်နှင့် အရှည်ခံ့တည်တံ့စေရန်အတွက် အစဉ်အလာကြီးမားသော မဟာဘုံကထိန်းတော် ခင်းကျင်း အလှူခံမည်ဖြစ်ပါသည်။ ယခုနှစ် ကျောင်းတစ်ကျောင်းတွင် ပဒေသာပင်တစ်ခုလျှင် ငွေကျပ် ၁၁၀၀၀၀၀ိ/(ကျပ်တစ်သိန်းတစ်သောင်း)(သင်္ကန်း၊ စောင်၊ ကော်ဇော၊ သိုးမွေးဆွယ်တာ၊ ဆပ်ပြာ၊ ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းပါမည်)

**လှူဒါန်းရန်ဌာန** - ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)(အဘိဓဇမဟာရဋ္ဌဂုရု)

- ဦးလှဝင်း(ဥက္ကဋ္ဌ) ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် တောင်စလင်းတိုက်သစ်)
- ၆၂ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၆၆၀၈၅၀၃၉၉

ဝါဆိုသင်္ကန်း ၁ စုံ ၄၀၀၀၀ိ/ကျပ်၊ စောင် ၁ ထည် ၈၀၀၀ိ/ကျပ်၊ မိုးကျကထိန် ၁ ပါးလျှင် သင်္ကန်း ၁ စုံ ၄၀၀၀၀ိ/ကျပ် နဝကမ္မ ၃၀၀၀၀ိ/ကျပ်

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၀၁၂၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၁၀၁၂၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ဩဂုတ်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၀၁၂၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နှမ်း ၂၄၇၂၇ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့နှမ်းခင်းတွေ အခု လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းခင်းတွေ အချိန်မီရိတ်သိမ်းပြီးစီးအောင်၊ ရိတ်သိမ်းပြီးနှမ်းများကို အမိုးအကာအောက် အချိန်မီ ရောက်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အနေဖြင့်လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့

**ကျိုက်လတ် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ဇူလိုင်လက ငါးဖယ်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ တစ်လအတွင်း ငါးဖယ်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လ ပထမပတ်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ ဩဂုတ်လ တစ်လအတွင်း ငါးဖယ်ပိဿာ ချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အရည်အသွေးကောင်းပါတယ်။ ရန်ကုန်ဈေးကွက်က ငါးဖယ်တွေ မှာယူတာများနေပါတယ်။ အခုလို ငါးတွေကုန်ချိန်များများ တင်ပို့ရောင်းချရတာကြောင့် ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေအကုန်အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးဖယ် တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးထံမှ သိရသည်။

**ကျော်ကျော်လင်း**










## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ဆင်ဖြူကုန်းအုပ်စု၊ ခေါင်းဘိုကျေးရွာနေ (ဘ) (ဦးဘိုတင်) မှတ်ပုံတင်အမှတ်NZN(၀၆၂၀၅၄)နှင့် (မိခင်) ဒေါ်စန်း(၅/ငဇန(နိုင်)၀၅၅၇၇၁)တို့၏သား မောင်အောင်ကိုကို(၅/ငဇန(နိုင်)၈၆၇၄၇၇)သည် မိဘများအား အရှက်ရ၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအားလုံးကို လုံးဝလုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်း(၅/ငဇန(နိုင်)၀၅၅၇၇၁)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မြို့မကျောင်း၊ Grade- 12 တွင် ပညာသင်ကြားနေသော မောင်အာကာမင်းခန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစံဌွေးဝင်း ဖြစ်ပါကြောင်း။ **ဦးစံဌွေးဝင်း(၉/တတဥ(နိုင်)၀၅၅၂၅၃)**

## အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ ဟိန်းထက်လျှံကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်ရိန်၏သား မောင်ဇော်ဂျတ်ရိန်အား မောင်ဒိန်ဂုံဇော်ဂျတ်ရိန်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဒိန်ဂုံဇော်ဂျတ်ရိန်(၁/မကန(နိုင်)၂၉၇၂၂၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ကံတက်ကုန်းမစိုးရိမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော မဆောင်းရတီဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းဇော်မင်းဖြစ်ပါကြောင်း။

**ဦးဝင်းဇော်မင်း(၈/ပခက(နိုင်)၂၅၂၁၅၁)**

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ငှက်မီးကျေးရွာနေ ဆုမြတ်ဝေ (ဘ) ဦးဆန်းရွှေ(၉/ပဘန(နိုင်)၂၃၃၈၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-893348)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-943901630**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆု-ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်စိုင်းနော်ခမ်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းဆိုင်လှိုင်းဖြစ်ပါကြောင်း။ **ဦးစိုင်းဆိုင်လှိုင်း(၁/မစန(နိုင်)၀၁၆၄၀၇)**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်(၉၀၂)နေ (ဘ) ဦးငြိမ်းချမ်းလင်း၏သား ULight International School Grade-6 တွင် ပညာသင်ကြားနေသော မောင်နေဘုန်းမင်းထွဋ်အား မောင်ဟိန်းတုန်နိုင်းအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းတုန်နိုင်းအောင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-ညောင်ရွှေကျောင်း၊ Grade-12တွင် ပညာသင်ကြားနေသော မမြူးမြူးဟန်ဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးညွန့်ဆွေဖြစ်ပါကြောင်း။ **ဦးညွန့်ဆွေ(၉/သစန(နိုင်)၁၃၁၅၇၁)**

## အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ ဟိန်းထက်လျှံ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးမင်း၏သမီး မနန္ဒာဦးအား မနှင်းသဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနှင်းသဇင်**

**အိမ်ပြင်ပဍ္ဍ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့ လိုအပ်ပါတယ်။ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် နေထိုင်ပြုမူရေး စတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချကျန်းမာရေးသုတေသန တွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ် ပြန့်ပြန့်ထုတ်ပြန်ပြီး အသိပညာပေးရမှာဖြစ်ပါတယ်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ပြုလုပ်သော "၅၃ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ဖွင့်ပွဲအခမ်းအနားသို့ ဂုဏ်ပြုဗီဒီယိုမိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။




## World Championships ပြေးခုန်ပစ်အားကစားပြိုင်ပွဲ မီတာ ၁၁၀ တန်းကျော်အပြေးပြိုင်ပွဲတွင် ကော့ဒယ်တင့်ချ် ရွှေတံဆိပ်ဆု ဆွတ်ခူး

**တိုကျို စက်တင်ဘာ ၁၇**

ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ ကျင်းပနေသည့် ၂၀၂၅ ခုနှစ် World Championships ပြေးခုန်ပစ်အားကစားပြိုင်ပွဲ မီတာ ၁၁၀ တန်းကျော်အပြေးပြိုင်ပွဲတွင် အမေရိကန်နိုင်ငံသား ကော့ဒယ်တင့်ချ်က ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ်ရှိ ကော့ဒယ်တင့်ချ်သည် ၁၂ ဒသမ ၉၉ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ဂျမေကာနိုင်ငံမှ နာမည်ကြီးပြေးခုန်ပစ်ကစားသမား နှစ်ဦးကို ကျော်ဖြတ်ကာ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ဂျမေကာနိုင်ငံသား ဘန်နက်သည် ၁၃ ဒသမ ၀၈ စက္ကန့်ဖြင့် ငွေတံဆိပ်ဆု ရရှိခဲ့ပြီး ဂျမေကာနိုင်ငံသားတစ်ဦးပင်ဖြစ်သည့် တိုင်လာမာဆင်က ၁၃ ဒသမ ၁၂ စက္ကန့်ဖြင့် စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်ထိ ပြည်ခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၅ ဒသမ ၈၂၄ တန်၊သစ်မာ ဖ၄ ဒသမ ၈၂၉ တန်၊ စာမျက်နှာ ၂၂ ကော်လံ ၁ ❑

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

